ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့။

## စစ်ကိုင်းစာသင်တိုက်

# ပဋ္ဌဏ္ဍာဒိ ဒီပကာ





သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၁၀

ရန်ကုန်မြို့၊ သုဝဏ္ဏ စစ်ကိုင်းစာသင်တိုက်

# ပဗ္ဗဇ္ဇာဒိ ဒီပကာ

ဒုတိယအကြိမ်ပြန်လည်ရိုက်နှိပ်သည်။
စာအုပ်ရေ–၃၀၀၀ ။(၃. ၃. ၂၀၁၀)
စစ်ကိုင်းစာသင်တိုက် (ဖုန်း) - ၅၆၃၈၀၃

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၄၃၇
ရက်စွဲ ၂၄-၁၁-၁၀
သုတေသနစာကြည့်တိုက်

သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူး ဦးစာနည်ဝင်း
(မှတ်ပုံတင်အမှတ် ၀၃၁၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။


စစ်ကိုင်းစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီး
ဘဒ္ဒန္တ ဓမ္မာနန္ဒ
သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့


စစ်ကိုင်းစာသင်တိုက်


စမ္မဒါနကုသိုလ်ရှင်

# မာတိကာ


| | |
|---|---|
| ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း | (က) |
| နိဒါန်း ဒုလ္လဘတရား ၅ ပါး | (ဃ) |
| သီလ၏အကျိုးကား | (ဓ) |
| ဘေးလေးမျိုးအဓိပ္ပာယ် | (ည) |
| သုမေဓာဝတ္ထု | ၁ |
| ရှင်ပြုပွဲအစီအစဉ် | ၉ |
| ဆံချနေသောအခါပွားများရန် | ၉ |
| တစ ပဉ္စကကမ္မဋ္ဌာန်း ပါဠိ၊ အနက်၊ လက်ာ | ၉ |
| ၃၂ ကောဋ္ဌာသ | ၁၀ |
| ဆရာထံသို့ သင်္ကန်းအပ်ရန် ပါဠိအနက် | ၁၀ |
| ဆရာထံမှ သင်္ကန်းတောင်းရန် ပါဠိအနက် | ၁၁ |
| ဝိပဿနာရှု့ပုံ | ၁၁ |
| ရှင်သာမဏေအဖြစ်တောင်းရန် ပါဠိအနက် | ၁၂ |
| သာမဏေသီလတောင်းရန် | ၁၂ |
| သရဏဂုံဆောက်တည်ရန် | ၁၃ |
| ၁၀ ပါးသီလ ဆောက်တည်ရန် | ၁၃ |
| သရဏဂုံအနက် | ၁၄ |
| ၁၀ ပါးသီလ အနက် | ၁၄ |
| ဥပဇ္ဈာယ်ယူပုံ ပါဠိ အနက် | ၁၅ |

သင်္ကန်းဝတ်ရုံရာ၌ နှလုံးသွင်းဆင်ခြင်ရန် ပါဠိအနက် ၁၆

ဆွမ်းစားရာ၌ နှလုံးသွင်းဆင်ခြင်ရန် ပါဠိအနက် ၁၇

ကျောင်းအိပ်ရာနေရာ၌ နှလုံးသွင်းဆင်ခြင်ရန် ပါဠိ အနက် ၁၈

ဆေးပစ္စည်းမှီဝဲရာ၌ နှလုံးသွင်းဆင်ခြင်ရန် ပါဠိ အနက် ၁၉

သုဓမ္မဝတီ ရှင်ကျင့်ဝတ်မှ “ပစ္စဝေက္ခဏာမည်ပုံ” ၂၀

ဆင်ခြင်ရာအခါ ၂၁

လိင် ၁၀ ပါး ပါဠိ အနက် ၂၂

လိင်၊ လိင်ကျ၊ လိင်ပြန် အဓိပ္ပာယ် ၂၃

ဒဏ် ၁၀ ပါး ပါဠိ အနက် ၂၄

ခန္ဓကဝတ် ပါဠိ အနက် ၂၆

ဝတ်ပိုင်းအဓိပ္ပာယ် ၃၁

ဆရာလေးပါး ၃၁

တပည့်လေးပါး ၃၂

ရှုတင်တောရသ ဆောက်တည်ရန်ပါဠိ ၃၃

ရှင်သာမဏေမှတ်သားဖွယ် “ရှင်ပြုရန် ခွင့်ပြုတော်မူခြင်း” ၃၄

ရှင်ပြုပုံ အခြင်းအရာကိုပြခြင်းအင်္ဂါ ၃ ပါး ၃၅

ရှင်ပြုသင့်သော အသက်အရွယ် ၃၈

အဖျော် ၈ ပါး ၃၉

ကာလိက လေးပါး ၄၀

သုရာခေါ်သေရည် (၅) မျိုး ၄၁

မေရယခေါ် အရက် (၅) မျိုး ၄၁

ဆိုးရည် ၆ မျိုး ၄၁

မအပ်သောဆိုးရည် ၉ မျိုး ၄၂

ကုလဒူသန ၈ ပါး ၄၂

အနေသန ၂၁ ပါး ၄၂

ဆွမ်းမခံအပ်သော အိမ် (၆) အိမ် ၄၄
ဘောဇဉ် ၅ ပါး ၄၄
ထေယျသံဝါသက ၃ မျိုး ၄၄
အာပါတ် လိင်ဒဏ်သင့်ကြောင်း ၆ ပါး ၄၅
ရှင်ရာဟုလာဝတ္ထု ၄၆
ရှင်ကျင့်ဝတ်အကျဉ်း ၅၂
သေခိယ သိက္ခာပုဒ်များ ထိန်းသိမ်းကြရန် ၅၄
စံဝတီရှင်ကျင့်ဝတ်မှ အပြစ်ဖြေတောင်းပန်ပုံ ၅၄
ကျမ်းဂန်အလာ တောင်းပန်ပုံ ၅၄
မြန်မာလို တောင်းပန်ပုံ ၅၅
လုံးဝမစားကောင်းသော အသားကြီး ၁၀ ပါး ၅၆
ပရိဘောဂ လေးပါး ၅၆
စင်ကြယ်ခြင်း သုဒ္ဓိ ၄ ပါး ၅၇
ရှင်မပြုကောင်းသူ (၁၁) ယောက် ၅၇
သံဃာရည်စူး၍သတ်သော ဥဒ္ဒိဿမံသ ၃ ပါး ၅၈
မိုးညှင်းကဗျာမှ ၅၉
သြကာသကန်တော့ချိုး ၆၁
သရဏဂုံ ငါးပါးသီလတောင်းခံပုံပါဠိ ၆၁
ဘုရားရှိခိုးပါဠိ ၆၁
သရဏဂုံဆောက်တည်ပုံပါဠိ ၆၂
၅ ပါးသီလဆောက်တည်ပုံ ပါဠိအနက် ၆၂
၈ ပါးသီလတောင်းခံပုံပါဠိ ၆၃
ဘုရားရှိခိုးပါဠိ ၆၃
သရဏဂုံဆောက်တည်ပုံပါဠိ ၆၃
၈ ပါးသီလဆောက်တည်ပုံ ပါဠိ အနက် ၆၅

ဘုရားရှိခိုးပါဌ် ၆၆
သရဏဂုံဆောက်တည်ပုံပါဌ် ၆၆
၉ ပါးသီလဆောက်တည်ပုံ ပါဌ် အနက် ၆၇
ဘုရားဂုဏ်တော် ၉ ပါး ပါဌ် အနက် ၆၈
တရားဂုဏ်တော် ၆ ပါး ပါဌ် အနက် ၇၁
သံဃာဂုဏ်တော် ၉ ပါး ပါဌ် အနက် ၇၃
သမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာတော် ပါဌ် အနက် ၇၅
ဆွမ်းတော်ကပ် ၇၇
ပန်းတော်ကပ် ၇၈
ရေတော်ကပ် ၇၈
ဆီမီးတော်ကပ် ၇၉
ဆုတောင်းအမျှဝေ ၇၉
ပစ္စယုဒ္ဒေသပါဠိတော် ၈၀
ဓာရဏပရိတ် ပါဠိတော် ၈၁
ဒေသနာကြားပုံ ၈၃
ဂေါတမ ဗုဒ္ဓဝင်အကျဉ်း ၈၄
စကားသုံးခွန်းကျူးရင့်ပုံ ၈၅
လိုရင်းမှတ်သားရန် ၉၄
အနန္တ ငါးပါးရှိခိုး ၉၇
နေ့ (၇) နေ့ ဘုရားရှိခိုး လင်္ကာ ၉၉
ဘုရားလောင်း ကြာသပတေးနေ့ ပဋိသန္ဓေယူပုံလင်္ကာ ၉၉
ဘုရားလောင်း သောကြာနေ့ ဖွားတော်မူပုံလင်္ကာ ၉၉
ဘုရားလောင်း တနင်္လာနေ့ တောထွက်တော်မူပုံလင်္ကာ ၉၉
ဘုရားလောင်း ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်တော်မူပုံလင်္ကာ ၁၀၀
ဘုရားလောင်; စနေနေ့ တရားဓမ္မစကြာဟောတော်မူပုံ ၁၀၀
လင်္ကာ

ဘုရားလောင်း အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူပုံလင်္ကာ ၁၀၀
ဘုရားလောင်း တနင်္ဂနွေနေ့ တောဓောခတ်လောင်
တော်မူပုံလင်္ကာ
ဝိပါက်တော် ဝင့်တော် ၁၂ ပါး လင်္ကာ ၁၀၁
ငါးပါးသီလ မှတ်ဖွယ် ၁၀၆
ပါဏာတိပါတ သိက္ခာပုဒ်အတွက်ဆောင်ပုဒ် ၁၀၆
အဒိန္နာဒါန သိက္ခာပုဒ်အတွက်ဆောင်ပုဒ် ၁၀၆
ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အတွက်မှတ်သားဖွယ် ၁၀၆
မုသာဝါဒ သိက္ခာပုဒ်အတွက်ဆောင်ပုဒ် ၁၀၇
သုရာမေရယ သိက္ခာပုဒ်အတွက်ဆောင်ပုဒ် ၁၀၇
မိဘကျင့်ဝတ် ၅ ပါး ၁၀၇
သားသမီးကျင့်ဝတ် ၅ ပါး ၁၀၇
ဆရာကျင့်ဝတ် ၅ ပါး ၁၀၇
တပည့်ကျင့်ဝတ် ၅ ပါး ၁၀၈
၃၈ ဖြာမင်္ဂလာ ကဗျာများ ၁၀၈
သတ္တသတ္တဟ ၁၁၁
ပဥ္စဝဂ္ဂီ ၅ ဦး ၁၁၁
ပါရမီ ၁၀ ပါး ၁၁၁
စရိယ ၃ ပါး ၁၁၂
စွန့်ခြင်းကြီး ၅ ပါး ၁၁၂
ကြည့်ခြင်းကြီး ၅ ပါး ၁၁၃
ဥပသကာဂုဏ် ၁၀ ပါး ၁၁၃
အပါယ်လေးပါး ၁၁၄
ကပ်သုံးပါး ၁၁၄
ရပ်ပြစ်ရှစ်ပါး ၁၁၄

ရန်သူမျိုး ၅ ပါး ၁၁၅
ဝိပတ္တိတရား ၄ ပါး ၁၁၅
ဗျသနတရား ၅ ပါး ၁၁၅
ထွင့်ခေါင်ဆရာတော် သံပေါက် ၁၁၆
ရှောင်ကြဉ်ရမည့် ဒုစရိုက် ၁၀ ပါး ၁၁၆
လိုက်နာရမည့် ပုညကြိယာ ၁၀ ပါး ၁၁၇
မီး ၁၁ ပါး ၁၁၈
သတ္တဝါတွေသေပြီးနောက် ဖြစ်နိုင်သော ဂတိ ၅ ပါး ၁၁၉
နတ် ၃ မျိုး ၁၁၉
ဗုဒ္ဓ ၄ မျိုး ၁၁၉
လှူဖွယ်ဝတ္ထု ၁၀ မျိုး ၁၂၀
ကုသိုလ်ပြုသဖြင့် အကျိုးပေးပုံ ၄ မျိုး ၁၂၀
သီလအကျိုး ၅ ပါး ၁၂၁
သီလကို ညှိုးနွမ်းစေတတ်သော မေထုန်ငယ် (၇) ပါး ၁၂၁
ခေါ် တပ်နှစ်သက်သော သာယာခြင်း (၇) ပါး
အပွမညာ ၄ ပါး ၁၂၂
ဗြဟ္မဝိဟာရ ၄ ပါး ၁၂၂
အနုဿတိ ၁၀ ပါး ၁၂၂
ဖြတ်ရပယ်ရမည့် ကြောင့်ကြမှုပလိဗောဓကြီး ၁၀ ပါး ၁၂၃
ဘေး ၄ မျိုး ၁၂၄
သေခြင်း ၄ မျိုး ၁၂၄
သတိပဋ္ဌာန် ၄ ပါး ၁၂၄
ခန္ဓာ ၅ ပါး ၁၂၅
ရုပ်နာမ် ၂ ပါး ၁၂၅
ဒွါရ ၆ ပါးခေါ် တံခါးပေါက် ၆ ပေါက် ၁၂၅

အာရုံ ၆ ပါး ၁၂၆
ဝိညာဏ် ၆ ပါး ၁၂၆
စက္ခု ၅ ပါး ၁၂၆
မေတ္တာပွားကျိုး ၁၂၇
မေတ္တာအကျိုး ၁၁ ပါး ၁၂၇
ပထမကျော်ဦးမောင်ကြီး ဓမ္မပါလစာပေ အမှတ်၄၇မှ
မေတ္တာအကျိုး ၁၂၇
ဝိနယသံခိပ် ၁၂၈
ပရိက္ခရာ ၈ ပါး ၁၃၁
ပစ္စည်း ၄ ပါး ၁၃၁
သင်္ကန်း ၉ ထည် ၁၃၁
မအပ်သော သင်္ကန်းအရောင် ၁၃၁
အပ်သော သပိတ် ၂ လုံး ၁၃၂
၁၂ လရာသီဇယား ၁၃၂
ဂြိုဟ်သက်ဇယား ၁၃၃
သီလ ၂ ပါး ၁၃၃
ဗလ ၅ တန် ၁၃၄
ယုဂခေတ် ၅ မျိုး (ဝဋ္ဋသေဒနီမှ) ၁၃၄
ကောလာဟလ ၅ ပါး ၁၃၅
လောကဓံ ၈ ပါး ၁၃၆
ရှင်ပြုနည်းအမျိုးမျိုး ၁၃၆
ရာဟုလာရှင်ပြုပုံ ၁၃၆
သုခသာမဏေ ဝနဝါသီတိဿ သာမဏေ ၁၃၆
ဓမ္မာသောကမင်း ၁၃၇
မြန်မာမင်းများ ၁၃၇

ရှင်လောင်းလှည့်ပုံ ၁၃၈
ရှင်လောင်းလှည့်ခြင်းအစ အာသကံကာ ၁၃၈
ယဉ်ကျေးမှုအမွေအနှစ် ၁၄၀
ရှေ့နောက်စဉ်ပုံ ၁၄၁
ဘုရားပင့် ၁၄၁
သိုင်းကြိုင်းကိုင်ပုံ ၁၄၂
အုန်းသီး ငှက်ပျောသီး ၁၄၂
ကန်တော့ပွဲဖြစ်ပုံ ၁၄၃
ဘိသိက်ဆရာကြီးဦးသန်းမောင်မှ ၁၄၃
မုန့်နန်းရာဇဝင် ၁၄၄
ဇေတဝန်ကျောင်း ရေစက်ချပွဲ ၁၄၄
မုန့်ဖြူမုန့်နီ ဖြစ်ပေါ်လာပုံ ၁၄၅
သိရိဓမ္မာသောကမင်း ရည်ရွယ်ချက် ၁၄၆
မင်းခိုချည် ၁၄၇
မင်းကိုယ်ချီချည် ၁၄၇
မုန်ကူချည် ၁၄၇
တစပဉ္စကမ္မဋ္ဌာန်းပွားများပုံ ၁၄၈
ခေါင်းတုံးရခြင်းအကျိုး ၁၅၀
ဖန်ရည်ဆိုးသောသင်္ကန်းအကျိုး ၁၅၁
ပုတီးစိပ်ပုံ ၁၅၁
စိပ်ပုတီးမရှိ ၁၅၂
ရှေးဆရာတော်ကြီးများ ၁၅၂
စိပ်ပုတီးအကျိုး ၁၅၂
ပုတီး ၁၀၈ လုံးထားပုံ ၁၅၃
တဏှာအစစ် ၁၀၈ ဖြစ်ပုံ ၁၅၄

၃၂ လုံး ထားပုံ ၁၅၄
ဂန္ဓာရီ ဝိဇ္ဇာ နဝင်းပုတီး ၁၅၅
အောင်ဂါထာ ၁၅၅
အမြဲတင်ငါးဆူ ၁၅၆
မြတ်ပညာ ၁၅၇
မြန်မာနိုင်ငံနေထိုင်သူ သန်းပေါင်း ၅၀ ခန့်ရှိ ၁၅၈
အရဏ်တက် နေထွက်နေဝင် အချိန်ဇယား ၁၅၈
မေတ္တာပို့ ၁၅၉
လက္ခဏာယှဉ်သုံးပါးရှုပုံ ၁၆၀
ပဋိစ္စသမုပ္ပါဒ် အနုလုံ ၁၆၁
အစွန်း ၃ ပါး ၁၆၁
အင်္ဂါ ၁၂ ပါး ၁၆၁
အခြင်းအရာ ၂၀ ၁၆၂
အစပ် ၃ ပါး ၁၆၂
အလွှာ ၄ ပါး ၁၆၂
ဝဋ် ၃ ပါး ၁၆၂
စိန်ရောင်ခြည် ဘုရားပင့် ၁၆၃
ရောင်တော်ပွင့် ဘုရားပင့် ၁၆၄
စက်ကြီးတစ်ဆယ့်သုံးပါး ၁၆၇
သင့်ဘဝချမ်းသာရေးလမ်းစဉ် ၁၆၈
ဓမ္မလမ်းစဉ် ၁၆၉
လယ်တီဆရာတော်ဘုရားကြီး "ဆုံးမစာလင်္ကာ" ၁၇၀
မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး၏ ၁၇၁
မေတ္တာဘာဝနာပွားနည်း
မရဏနုဿတိကမ္မဋ္ဌာန်းစီးဖြန်းရန် ၁၇၅

| | |
|---|---|
| အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း ၅ ပါး | ၁၇၆ |
| တိုးတက်ရေးတရား ၆ ပါး | ၁၇၇ |
| အသေကောင်းဖို့ တရား ၆ ပါး | ၁၇၇ |
| သီလစောင့်ပြော:–မလားပါယ်ရှာ | ၁၇၇ |
| တရားလက်မလွှတ်ကြစေနှင့် | ၁၇၇ |
| မိုးကုန်ပြီ ထွန်မချချင်နှင့် | ၁၇၈ |
| ခွင့်သာခိုက်မှ မလိုက်ချင်လျှင် | ၁၇၈ |
| ပိဋကတ် အစွယ်ထောင်လျှင် | ၁၇၉ |
| လောကသာရပျို့ | ၁၈၀ |
| ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း | ၁၈၆ |
| ဆုတောင်းဂါထာများ | ၂၀၀ |
| သူရဿတီမယ်တော်ဂါထာ | ၂၀၂ |
| သိရသ္မိံဂါထာ ပါဠိအနက် | ၂၀၂ |
| စိန္တာမဏိ ဂါထာတော် | ၂၀၅ |
| အောင်ခြင်း ၈ ပါး ဂါထာ ပါဠိ အနက် | ၂၀၆ |
| သတ္တဋ္ဌာန် ဘုရားရှိခိုး | ၂၀၉ |
| သမန္တာမှ မင်္ဂလသုတ် | ၂၁၁ |
| မေတ္တာသုတ် | ၂၂၄ |
| ပစ္စယနိဒ္ဒေသ ပါဠိတော် | ၂၂၆ |
| ရေစက်ချအမျှဝေ | ၂၄၃ |

# ရန်ကင်းတောင်

"ဆုတောင်းပြည့်"

# အန္တရာယ်ကင်းဘုရားရှိခိုး

အစကြိုးကြာ ဆယ့်ခြောက်ခါနှင့်၊ ဟသ်ာကိုးဖြစ်၊ ခြောက်ဖြစ်ကနို၊ ကျေးညိုသုံးခါ၊ သံသာကြျုးဟိတ် ကရဝိက်ငါး၊ လေးပါးကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ကောသိန္ဓာဝ၊ ကျွဲအဋ္ဌတည်း၊ သံသာမြည်ျောင်း ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တာ၊ ဒွါဒသကြွက်၊ ဝက်ကားဆယ့်သုံး၊ ပေါင်းစုရုံးသော် တစ်ရာ့သုံးဆယ် ခြောက်ဖြစ်ဝယ်တည်း၊ အန္တရာယ်မငြိ၊ ဘေးမရှိသည် မုနိမြတ်လောင်း ဖြစ်တော်ပေါင်းကို အဟံအကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

(ကြိုးကြာ ၁၆ ဘဝ၊ ဟသ်ာ ၉ ဘဝ၊ နို ၆ ဘဝ၊ ကျေးညို ၃ ဘဝ၊ ကရဝိက် ၅ ဘဝ၊ ကိန္နရီ ၄ ဘဝ၊ စာမရီ ၁၅ ဘဝ၊ မျောက် ၁၀ ဘဝ၊ ဆင် ၁၁ ဘဝ၊ နွား ၁၄ ဘဝ၊ မြင်း ၁ ဘဝ၊ ကျွဲ ၈ ဘဝ၊ ဥဒေါင်း ၂ ဘဝ၊ သာလိကာ ၇ ဘဝ၊ ကြွက် ၁၂ ဘဝ၊ ဝက် ၁၃ ဘဝ၊ ပေါင်း ၁၃၆ ဘဝ။)

◆

ကောဇာသက္ကရာဇ် ၁၃၆၄ သာသနာသက္ကရာဇ် ၂၅၄၆

## ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

ဤစာအုပ် ဖြစ်ပေါ်လာရခြင်းမှာ နွေရာသီကျောင်းပိတ်ရက် ရောက်လာတယ်ဆိုလျှင် ရှင်ပြုရဟန်းခံ ဒုလ္လဘများ ပြုလုပ်လေ့ရှိပါသည်။ ထိုသို့ပြုလုပ်တဲ့အခါမှာ တစပဋ္ဌာကမ္မဋ္ဌာန်း သင်္ကန်းတောင်း သရဏဂုံ ဆယ်ပါးသီလ စသည် သင်ပေးရပါသည်။

စာသင်ပေးတဲ့အခါမှာ သူတို့ဆီက ဗလာစာအုပ်နှင့် ဘောပင်ပါ အယူခိုင်းပြီး စာအုပ်ထဲ ကူးရေးစေ၍ အကျက်ခိုင်းရပါသည်။ စာကျက်ချိန်မရှိတဲ့ ကလေးတွေမှာဆိုလျှင် နှုတ်တက်ချပေး၍ အဆိုခိုင်းရပါသည်။

ရှင်ပြု ဒုလ္လဘတွေ များလာတဲ့အခါမှာ တစ်နေ့ထဲ တစ်ချိန်ထဲလည်းမဟုတ် နေ့စဉ်လိုလို တစ်ဦးချင်း သင်ပေး ရေးခိုင်းနေရသဖြင့် အခက်အခဲတွေ ဖြစ်ပေါ်လာပါသည်။ ထိုအခက်အခဲကို ၁၃၄၆ ခုနှစ်က တိုက် ၂၃၈၊ အခန်း ၅၊ သုဝဏ္ဏ ၂၅ ရပ်ကွက်

နေ ကိုမြင့်အောင် + မတင်တင်ဝင်းတို့ သားကလေးတွေ ရှင်ပြု၍ ကိုမြင့်အောင်ကိုယ်တိုင် ဒုလ္လဘရဟန်းဝတ်တဲ့အခါမှာ မြင်တွေ့သိရှိသွားကြပါသည်။

အဲသလိုမြင်တွေ့တာနဲ့ မတင်တင်ဝင်းက လျှောက်ထားပါသည်။ အရှင်ဘုရား တပည့်တော်မက လူငယ်ရေးရာဌာန၊ ယခု အခြေခံပညာရေးဦးစီးဌာနမှာ လက်နှိပ်စာစာရေးမ တာဝန်ထမ်းဆောင်နေပါတယ်ဘုရား၊

ဖြစ်နိုင်မယ်ဆိုလျှင် ဒီကလေးတွေ သင်ပေးတဲ့စာမူကလေးတွေကို တပည့်တော်မ ရေးပေးပါဘုရား၊ တပည့်တော် လက်နှိပ်စက်ရိုက်ပြီး စာအုပ်ကလေးတွေ ချုပ်ပေးပါမယ်၊ နောင် ရှင်ပြုမယ့်ကလေးတွေ လာပြီးအပ်ရင် ဒီစာအုပ်ကလေးတွေပေးပြီး အကျက်ခိုင်းလိုက်လျှင် အရှင်ဘုရား သက်သာတာပေါ့ဘုရားလို့ လျှောက်ထားပါသည်။

ဒါနဲ့ ဒီလိုဆို အဆင်ပြေတာပဲ၊ ရေးပေးတာပေါ့ ဆိုပြီး လက်ရှိသင်ကြားနေတဲ့ စာမူကလေးတွေကို ရေးပေးလိုက်ပါတယ်။ နှစ်ရက်အကြာမှာပဲ စာမျက်နှာ ရှစ်မျက်နှာရှိတဲ့ စာအုပ်ကလေးတွေ အုပ်ရေ နှစ်ရာကျော်လောက် ပြုလုပ်ပြီး လှူခဲ့ပါတယ်။ ကိုမြင့်အောင် + မတင်တင်ဝင်းတို့၏ ကျေးဇူးကြောင့် ၁၃၄၆ ခုနှစ်၊ တန်ခူးလသင်္ကြန်မှစ၍ ရှင်ပြုတဲ့ကလေးတွေကို စာအုပ်ကလေးတွေ တစ်အုပ်စီပေးပြီး ကျက်စေခဲ့ပါတယ်။

ခဏခေတ္တ ဒုလ္လဘဝတ်တဲ့ ရှင်ရဟန်းကလေးတွေ ဒီအတိုင်းပစ်ထားပြန်သော်လည်း ရှင်ရဟန်းပြုရကျိုး မနပ်မှာစိုးလို့ အကျိုးရှိစေရန် ဘာသာရေးမျိုးစေ့ပေးတဲ့အနေနဲ့ ည ၆ နာရီခွဲအချိန်

ရောက်လျှင် ကြေးစည်ထိုးမောင်းတီး၍ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ ဂုဏ်တော်တစ်ပါးပါးဖြစ်စေ၊ နမောတဿဖြစ်စေ၊ သရဏဂုံဖြစ်စေ မိမိတို့ရတဲ့ဂုဏ်တော်ကို မိမိအတွက် တစ်ပါတ်၊ အဖေအမေအတွက် တစ်ပါတ်၊ အဘိုးအဘွားအတွက် ဆရာသမားအတွက် စသည် အားလုံးကုသိုလ်ရအောင် ပုတီးစိတ်စေပါသည်။

ပုတီးစိတ်ပြီးလျှင် ၁၀ မိနစ် အနားပေးပါသည်။ နားပြီးမှ "တင်ပလ္လင်ခွေခါ၊ လက်ယှက်ပါ၊ ကိုယ်မှာမတ်မတ်ထား" ဆိုတဲ့ လင်္ကာအရ ထိုင်ခိုင်းပြီး ရုပ်နာမ်တို့၏ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ သဘောကိုသင်ပြခါ ၁၅ မိနစ်လောက်မှစ၍ တစ်နာရီလောက်အထိ ဝိပဿနာတရားများ ပွားများအားထုတ်စေပါသည်။

အပျင်းပြေစိတ်ဝင်စားအောင် ဗုဒ္ဓဝင်စတဲ့ သင့်တော်တဲ့ဝတ္ထုပုံပြင်ကလေးတွေ "ခြေ, လက်, နဖူး, တံတောင်, ဒူး, ငါးဦးညီညွတ်စေ" စသည်ဖြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကိုလည်း သင်ပြပေးရပါသေးသည်။

ဤကဲ့သို့ ရှင်ကျင့်ဝတ်ကို အခြေခံပြီး နွေရာသီ ခဏခေတ္တရှင်ရဟန်းပြုလာကြတဲ့ ဒလ္လဘကလေးတွေ အခြေခံဘာသာရေးနဲ့ ပတ်သက်လို့ သိသင့် သိထိုက်တဲ့ အကြောင်းအရာကလေးတွေကို ထိုထိုစာအုပ်များမှ ရှာဖွေထည့်သွင်းပြီး လက်နှိပ်စက်မူစာအုပ်ကလေး အခြေခံကာ ဤပဗ္ဗဇ္ဇာဒီပက အမည်ဖြင့် စာအုပ်ကလေးတအုပ် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ဤစာကိုဖတ်ရှုလေ့လာရသဖြင့် ဘာသာရေးအသိဉာဏ်များ တိုးပွားကြပါစေ။

## နိဒါန်း

## ဒုလ္လဘတရား ၅ ပါး

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော
လောကသ္မိံ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ၊
သဒ္ဓါသမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ
အတိဒုလ္လဘံ၊ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေန မမေ့လျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြကုန်လော့။ လောကသ္မိံ၊ လောက၌၊ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရား၏ အဖြစ်ကို။ ဒုလ္လဘော၊ ရခဲ၏။ မနုဿတ္တဘာဝေါ၊ လူ၏အဖြစ်ကို။ ဒုလ္လဘော၊ ရခဲ၏။ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။ ပဗ္ဗဇိတဘာဝေါ၊ ရဟန်း၏အဖြစ်ကို။ ဒုလ္လဘော၊ ရခဲ၏။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည်။ အတိဒုလ္လဘံ၊ အလွန်ရခဲ၏။ ဧဝံ၊ ဤသို့။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း

နေ့တိုင်း၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဩဝဒိ၊ ဆုံးမတော်မူ၏။

အထက်ပါ ဒုလ္လဘတရား ငါးပါးကို နေတိုင်း နေ့တိုင်း သံဃာတို့အား သတိပေးဟောကြား ဆုံးမတော်မူပါသည်။ (ဖြစ်နိုင်ခဲ ရနိုင်ခဲသောကြောင့် နေ့စဉ် သတိပေးဟောကြားတော်မူရခြင်း ဖြစ်ပါသည်။)

ဒုလ္လဘဆိုတာ ဒု - လဘ၊ ဒု=ခဲခဲရင်းရင်း၊ လဘ=ရခြင်း ခဲခဲရင်းရင်း ရခြင်းကို ဒုလ္လဘဟု ဆိုပါသည်။ ယခုအခါ ရခဲသော ဘုရားသာသနာ၊ ရခဲသော လူ့ဘဝ၊ ရခဲသော ရှင်ရဟန်း အဖြစ်ကို ရလာရခြင်းသည် အလွန်တရာ ကုသိုလ်ကံထူးလို့ ရလာရခြင်း ဖြစ်ပေသည်။

ဒါကြောင့် ဗုဒ္ဓဘာသာလူမျိုးများသည် ရခဲသော ရှင်ရဟန်း အဖြစ်ကို လိုချင်ကြ တောင့်တကြ မြတ်နိုးကြ နှစ်သက်ကြလေသည်။ ဘာကြောင့်လဲဆိုလျှင် "ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ" ဟုပါဠိလာရှိသည့်အတိုင်း အချိန်အရွယ်ရောက်လို့ သာသနာ့ဘောင်မှာ ဝင်ရောက်ပြီး ရှင်ကလေး ရဟန်းကလေး ပြုခွင့်ရလိုက်တယ်ဆိုရင်ပဲ အလွန်တရာကြောက်မက်ဖွယ်ကောင်းလှတဲ့ သံသရာဝဋ်ဆင်းရဲဘေးမှ ထွက်မြောက်၍ ဘေးကင်းရာမှန် မြတ်နိဗ္ဗာန်ကို ရနိုင်ရောက်နိုင် မျက်မှောက်ပြုနိုင်ပေသည် ဟူသောရည်ရွယ်ချက်ကြောင့် လိုချင်တောင့်တ နှစ်သက်မြတ်နိုးကြခြင်း ဖြစ်ပေသည်။

မဂ်ဖိုလ် နိဗ္ဗာန်တရားဆိုတာကလည်း ကိုယ်လိုချင်တိုင်း အချိန်မရွေးရနိုင်တဲ့တရားမျိုး မဟုတ်ပေ။ "ဗုဒ္ဓစန္ဒေအနုပ္ပန္နေ၊

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ တေသံသဘာဂဓမ္မာနံ၊ နာမမတ္တံ နနာယတိ”
ပရိဝါပါဠိ လာရှိသည်နှင့်အညီ ဘုရားရှင်များ ပွင့်ထွန်းတော်
မူသော အချိန်အခါကာလမှသာလျှင် ရနိုင်ပေသည်။

လမင်း နေမင်းနှင့်တူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး
မပွင့်ထွန်းခဲ့သည်ရှိသော် မဂ်ဖိုလ်ကို မဆိုထားနဲ့ ရုပ်တရား
နာမ်တရားဆိုတဲ့ အမည်ကလေးမျှကို ကြားနာရဖို့ သိရဖို့ ခဲယဉ်း
လှပေသည်။

အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဗုဒ္ဓေါ
လောကေ ဥပ္ပဇ္ဇတိ။ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တောင့်တနေကြသော
လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဟောကီ လောကုတ္တရာ အကျိုးရှိရန်
အစီးအပွားဖြစ်ရန် ချမ်းသာစေရန် ဘုရားရှင်သည် လောက၌
ပွင့်ထွန်းတော်မူလာရခြင်း ဖြစ်ပေသည်။

ယခုလို ဗုဒ္ဓုပ္ပါဒ နဝမခေတ်နှင့် ကြုံကြိုက်သောအခါ ရှင်
ရဟန်းများ ပြုသင့်လှပေသည်။ လူ့ဘဝကိုရတိုင်း ရှင်ရဟန်းဘဝ
ကို မရနိုင်။ ကမ္ဘာမှာ ဗုဒ္ဓဘာသာကိုးကွယ်သောနိုင်ငံက အနည်း
ငယ်မျှသာရှိသည်။ မိမိတို့ မြန်မာလူမျိုးတွေဟာ အလွန်တရာ
ကံကောင်းလွန်းလို့ ဗုဒ္ဓဘာသာလူမျိုးဖြစ်လာပြီး ရှင်ပြုခွင့် ရဟန်း
ပြုခွင့် ရလာပေသည်။

ရှင်ရဟန်းပြုသောအခါမှာလည်း သီလဝိသုဒ္ဓိဖြစ်ရန် အရေး
ကြီးပေသည်။ သီလအရေးကြီးပုံကို ဝိသုဒ္ဓိမဂ်၌ “သီလေပတိ
ဋ္ဌာယ နရောသပညော၊ စိတ္တံပညဉ္စဘာဝယံ။ အာတာပီနိပကော
ဘိက္ခု၊ သောဣမံဝိဇဋယေဇဋံ။”

တစ်နေ့သောအခါ သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ်

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားကို ညဉ့်သန်းခေါင်ယံ အချိန်၌– တစ်ဦးသောနတ်သားသည် ချဉ်းကပ်ပြီးလျှင် အတွင်း အပြင်ရှုပ်ထွေးရစ်ပတ်နေတဲ့ အရှုပ်အထွေးသည် သတ္တဝါအပေါင်း ကိုရှုပ်ထွေးရစ်ပတ်စေပါ၏––အရှင်ဂေါတမ ထိုအရှုပ်အထွေးကို အဘယ်သူသည် ဖြေရှင်းနိုင်ပါသနည်းဟု မေးလျှောက်သဖြင့်–

အသင်နတ်သား ပညာရှိသောသူသည် သီလ၌တည်၍ ပူပန်စေမှု လုံ့လရှိလျက် ရင့်ကျက်သော ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ စိတ်ကိုလည်းကောင်း၊ ပညာကိုလည်းကောင်းပွားစေသော ထိုသို့ သော ရဟန်းသည် ဤအရှုပ်အထွေးကို ဖြေရှင်းပေးနိုင်၏ဟု ဖြေကြားတော်မူသည်။

ဥပမာအားဖြင့် ခွန်အားဗလနှင့်ပြည့်စုံသော ယောကျ်ားသည် ညီညွတ်သောမြေပြင်၌ ကြံ့ကြံ့ရပ်တည်၍ ကောင်းစွာသွေးထားသော ဓားလက်နက်ကို ချီ မြှောက်၍ ကြီးစွာသော ဝါးရုံကို ခုတ်ဖြတ် ဖြေရှင်းရာသကဲ့သို့––

ထို့အတူ သီလတည်းဟူသော မြေပြင်၌ ရပ်တည်၍ သမာဓိ တည်းဟူ သောကျောက်၌ ကောင်းစွာသွေးထားသော ဝိပဿနာ ပညာတည်းဟူသော ဓားလက်နက်ကိုဝီရိယတည်းဟူသော ခွန်အား က ထောက်ပံ့ပေးအပ်သော ပါရိဟာရိက ပညာဟူသော လက်ဖြင့် ချီ မြှောက်၍ မိမိ၏ ရုပ်နာမ်အစဉ် သန္တာန်၌ ကျရောက်လျက် ရှိသော အလုံးစုံသော ထိုတဏှာ အရှုပ်အထွေးကို ဖြေရှင်းနိုင်ပေ၏ အကြွင်းမဲ့ ပိုင်းဖြတ်နိုင်ပေ၏ အကြွင်းမဲ့ ခွဲစိတ်နိုင်ပေ၏။

(သီလစင်ကြယ်မှ အရဟတ္တမဂ် – အရဟတ္တဖိုလ်ကို ရနိုင် သည်ဟု ဆိုလိုပါသည်)

တစ်ဖန် သီလဖြင့် သာသနာတော်၏ အစဉ်ကောင်းခြင်းရှိသည်အဖြစ် တေဝိဇ္ဇ ရဟန္တာဖြစ်ခြင်း၏ ဥပနိဿယ အပါယ်ဘဝကို လွတ်မြောက်ခြင်း၏အကြောင်း ဒုစရိုက် သံကိလေသကို သုတ်သင်ခြင်း၊ သောတာပန် သကဒါဂါမိဖြစ်ခြင်း၏ အကြောင်းများကို ပြတော်မူ၏။

## သီလ၏အကျိုးကား

အာနန္ဒာ အပြစ်မရှိ ကောင်းသော သီလ၏အကျင့်တို့သည် စိတ်နှလုံး၏ ကြည်သာရွှင်လန်းခြင်း အကျိုးရှိကုန်၏။ ထို့ပြင် သီလနှင့် ပြည့်စုံသောသူသည်-

၁။ ကြီးစွာသော စည်းစိမ်အစုကိုရတတ်၏။

၂။ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့ကျော်ကြား၏။

၃။ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်းဟူသော ပရိသတ်လေးပါး အလယ်၌ မကြောက်မရွံ့ ရဲရင့်စွာ ချဉ်းကပ်ရ၏။

၄။ ပြုဘူးသော ကောင်းမှုကိုသာ ထင်မြင်လျက် မတွေမဝေ သေရ၏။

၅။ သေပြီးနောက်ဘဝ၌ သုဂတိနတ်ပြည်၌ လားရောက်ရ၏။

ထို့ပြင် = သာသနေ ကုလပုတ္တာနံ ပတိဋ္ဌာနတ္ထိယံဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿသီလဿကောဝဒေ။

မြတ်စွာဘုရား၏ သာသနာတော်၌ အမျိုးကောင်းသားတို့အား အကြင်သီလကို ကြင်ဖယ်၍ သီလမှတစ်ပါးသော ဆောက်တည်ရာမည်သည် မရှိချေ။ ထိုသီလ၏ အကျိုးအာနိသင် အပိုင်းအခြားကို အဘယ်သူသည် အကုန်အစင် ပြောပြနိုင်ပါအံ့နည်း။

၂။ သက္ကာ နန္ဒီ ဝိသောခေတုံ၊ တံ မလံ ဣဒပါဏိနံ။
ဝိသောဓေတိ သတ္တာနံ၊ ယံဝေသီလဇလံ မလံ။

ဤလောက၌ သတ္တဝါတို့၏ အကြင်ကိလေသာ အညစ်အကြေးကို သီလတည်းဟူသော ရေစင်သည် သုတ်သင်စင်ကြယ်စေနိုင်ပေ၏။ ထိုကိလေသာအညစ်အကြေးကို ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ သရဘူမြစ်၊ အစိရဝတီမြစ်၊ မဟီမြစ်တို့၏ ရေသည် သုတ်သင်စင်ကြယ်စေရန် မစွမ်းနိုင်ချေ။

၃။ သီလဂန္ဓသမောဂန္ဓော၊ ကုတောနာမ ဘဝိဿတိ။
ယောသမံ အနုဝါတေစ၊ ပဋိဝါတေစ ဝါယတိ။

အကြင်သီလ၏ အနံ့သည် လေကြေလေအောက်၌လည်းကောင်း၊ လေညာလေထက်၌လည်းကောင်း အညီအမျှ ပျံ့နှံ့ကြိုင်လှိုင်ပေ၏။ သီလ၏ အနံ့နှင့်တူစွာ မွှေးပျံ့ကြိုင်လှိုင်သောအနံ့သည် အဘယ်မှာရှိပါအံ့နည်း။

၄။ သဂ္ဂါရောဟနသောပါဏံ၊ အညံသီလသမံကုတော။
ဒွါရံဝါ ပန နိဗ္ဗာနံ၊ နဂရဿ ပဝေသနေ။

နတ်ပြည်သို့တက်ရန် သီလနှင့်တူသော အခြားတစ်ပါးသောစောင်းတန်းလှေကားမည်သည် အဘယ်မှာ ရှိပါအံ့နည်း။ ထို့ပြင်နိဗ္ဗာန်မြို့တော်သို့ ဝင်ရန်လည်း သီလနှင့်တူသော အခြားတစ်ပါးသော တံခါးပေါက်မည်သည် အဘယ်မှာရှိပါအံ့နည်း။

၅။ အတ္တာန ဝါဒါဒိဘယံ၊ ဝိဓံသယတိ သဗ္ဗဒါ။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတော သဒါ။

သီလသည် သီလနှင့်ပြည့်စုံသောသူတို့အား မိမိကိုယ်ကို

မိမိ ကိုယ်တိုင် စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး အစရှိသော ဘေးအပေါင်းကို အကြွင်းမဲ့ ဖျက်စီးတတ်၏။ ဂုဏ်သတင်း ကျော်ဇောခြင်းနှင့် ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်း အခါခပ်သိမ်း ဖြစ်စေတတ်ပါပေ၏။

## ဘေး (၄) မျိုး

၁။ အတ္တာနုဝါဒဘေး

၂။ ပရာနုဝါဒဘေး

၃။ ဒုဂ္ဂတိဘေး

၄။ ဒဏ္ဍဘေး

ဤကဲ့သို့ ဝိသုဒ္ဓိမဂ်၌ သီလ၏အကျိုးတရားများကို တစ်စိတ် တစ်ဒေသ ဖော်ပြထားပါသည်။

ဗုဒ္ဓဝင် အဋ္ဌကထာ၌လည်း သီလံ သုခါနံ ပရမံနိဒါနံ သီလေန သီလံဟိ ဒိဝံပယာတိ။ သီလသည် ချမ်းသာတကာတို့ ထက် မြတ်သောအကြောင်းတည်း မှန်၏။ သီလရှိသောသူသည် သီလကြောင့် နတ်ပြည်သို့ရောက်၏ဟု ဖော်ပြထားပါသည်။ နောင်တဖန်သီလအကျင့်နှင့် ပြည့်စုံသောသူအား လှူဒါန်းရသဖြင့် ရနိုင်သော အကျိုးများကိုလည်း

"သီလေပတိဋ္ဌိ တဿဒါနံ မဟပ္ဖလံ" သီလ၌တည်သော သူ၏ အလှူသည် များသောအကျိုးရှိ၏။ "သီလဝတော ခေါမဟာ ရာဇ ဒိန္နံမဟပ္ဖလံ" မြတ်သော ကောသလမင်းကြီး သီလရှိသော ပုဂ္ဂိုလ်အားလှူဒါန်းရခြင်းသည် များသောအကျိုးရှိ၏ဟု ကောသလ သံယုတ် ဣဿတ္တသုတ်၌ ဟောတော်မူ၏။

"ဝိနယေဋ္ဌိတေ သာသနံဋ္ဌိတိ ဝိနယော သာသနဿ အာယု" ဝိနည်းတည်မှ သာသနာတည်သည်၊ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်ဟု ဟောကြားတော်မူသဖြင့် ရှင်ရဟန်းများသည် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်း သိက္ခာသီလကို အလေးဂရုပြု၍ စာမရှိမည်သော သားကောင်များ ကဲ့သို့ အသက်ကိုစွန့်၍ စောင့်ရှောက်ထိန်းသိမ်းရမည် ဖြစ်ပေသည်။

ထို့ကြောင့် ကုသိုလ်လို၍ ရှင်ရဟန်းပြုလာကြသော အမျိုး ကောင်းသားတို့သည် ငါတို့သည် ခဏခေတ္တ သက်န်းဝတ်လာ သော ဒုလ္လဘတွေပဲဟု ပေါ့ပေါ့တန်တန် နေမိခဲ့ကြပါလျှင် "စတ္တာရော အပါယာ သကဂေဟာ သဒိသာ" အပါယ်လေး ဘုံသည် မိမိအိမ်နှင့်တူ၏။ "ကုသိုလ်လိုလို့ ပဉ္စင်းခံ ရင်းစားပြန် အာဂယောကျား၊ ဘုန်းကြီးဘဝ ကြာကြာနေ ငရဲပြည်မှလွတ် မလား" ဟူသော ရှေ့ဆရာတော်ကြီးများ လင်္ကာအရ အပါယ်ငရဲ သို့ ကြရောက်စေနိုင်ပါသည်။

သို့ပါ၍ မိမိတို့လည်း အကျိုးရှိ ဒကာ ဒကာမများလည်း အကျိုးရှိစေရန် သာသနာဘောင်နေသမျှ အချိန်အတွင်း သီလကို မကျိုးမပေါက်ရအောင် ခါးဝတ်ပုဆိုးကဲ့သို့ အထူးလုံခြုံမြဲမြံစွာ စောင့်ရှောက်ထိန်းသိမ်းပြီး "ကောဟံ ဇီဝိတံ သေယျော၊ ပဿ တော ဥဒယံ ဘယံ" အဖြစ်အပျက်ကို ရှုဆင်ခြင်၍ နေသောသူအား တစ်ရက်ပင် အသက်ရှင်၍ နေရသော်လည်း မြတ်၏။

ဟူသော ဒေသနာတော်အရ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အဖြစ်အပျက်ကို ထင်မြင်အောင် တတ်နိုင်သမျှ ပွားများဆင်ခြင် နှလုံးသွင်းနေမှသာလျှင် အပါယ်ငရဲမှလွတ်၏။ မဂ်ဖိုလ်နိဗ္ဗာန်

ရောက်နိုင်မည်ဖြစ်ကြောင်း ရှင်ရဟန်းတို့၏ ရည်ရွယ်တောင့်တ မျှော်မှန်းချက်နှင့် လုပ်ဆောင်ချက် ကိုက်ညီပြည့်စုံစေရန် ဖော်ညွှန်း ရေးသားလိုက်ရပါသတည်း။

၁၃၆၃ ခုနှစ်
တပို့တွဲလပြည့်
၂၇-၂-၂၀၀၂ ဗုဒ္ဓဟူးနေ့

ဘဒ္ဒန္တ မဟာနန္ဒ
စစ်ကိုင်းစာသင်တိုက်

ဒုတိယအကြိမ်ပြန်လည်ရိုက်နှိပ်သည်။
စာအုပ်ရေ-၃၀၀၀ ။(၃. ၃. ၂၀၁၀)
စစ်ကိုင်းစာသင်တိုက် (ဖုန်း) - ၅၆၃၈၀၃

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ကိံမေ ဇကေန ကိဿေနု၊ ပုရိသေန တာမဒဿိနာ။

သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

မိမိ၏ ဉာဏ်အစွမ်းကို သိမြင်သော ယောကျာ်းမြတ်တစ်ယောက်ဖြစ်ပါလျက် တစ်ယောက်ထည်းထည်း သံသရာရေအလျင်မှ ကူးသွားသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုတဉာဏ်သို့ရ၍ နတ်ဗြဟ္မာနှင့် တကွသော သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအလျင်မှ ကယ်တင်ပေအံ့။

## "သုမေဓာဝတ္ထု"

ရှေးလွန်လေပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အခါကာလတုန်းက ဒီပင်္ကရာအမည်ရှိတဲ့ ဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ပါသည်။ ထိုဒီပင်္ကရာ ဘုရားရှင်ပွင့်တော်မူစဉ် အခါကာလ ငါတို့ဂေါတမဘုရားအလောင်းတော်သည် ရမ္မာဝတီပြည်၌ သုမေဓာ သူဌေးသား ဖြစ်ခဲ့လေသည်။ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် မျိုးရိုးသန့်သော သူဌေးမျိုးတွေချည်း အစဉ်အဆက် ဖြစ်လာခဲ့သောကြောင့် ရွှေ၊ ငွေ၊ ရတနာ ဘဏ္ဍာ အသုံးအဆောင်ပစ္စည်း ဉစ္စာတွေမှာ တစ်သက်တာ သုံးမကုန် ဖြုန်းမကုန်လောက်အောင် ပေါများကြွယ်ဝချမ်းသာလှပါသည်။

တစ်ခု ဝမ်းနည်းစရာကောင်းတာကတော့ သူဌေးကြီးနှင့် သူဌေးကတော်ဖြစ်ကြတဲ့ မိဘနှစ်ပါးဟာ သုမေဓာ သူဌေးသားကလေး လူလားမမြောက်ခင် ငယ်ငယ်ရွယ်ရွယ် အချိန်မှာပဲ ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြတာကြောင့် အားကိုးရာမဲ့သလို ဖြစ်သွားခြင်းပဲ -

ဒါပေမဲ့ သုမေဓာကလေးဟာ အတတ်ပညာ သင်ရမည့် အရွယ် အတတ်ပညာများ သင်ကြားခဲ့တာမို့ (၁၆) နှစ်သားအရွယ် တွင် ယောကျ်ားတို့တတ်သင့်သော အတတ်ပညာများ ထူးချွန်စွာ တတ်မြောက်ခဲ့လေသည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပညာတော်လို့ သုမေဓာပညာရှိလေး (သို့မဟုတ်) လူရည်ချွန်လေးဟု ထင်ပေါ် ကျော်ကြားလာခြင်း ဖြစ်လေသည်။

အရွယ်ရောက်လို့ ပညာတတ်မြောက်လာသောအခါ ပစ္စည်း ထိန်းမင်းကြီးက ရွှေတိုက်၊ ငွေတိုက်၊ ဘဏ္ဍာတိုက် စသည်များကို စာရင်းအင်းနှင့်တကွ အပ်နှံလေသည်။ သုမေဓာသူဌေးသားလေး သည် များလှစွာသော ပစ္စည်းဥစ္စာများကိုကြည့်၍

ငါ၏ မိဘဘိုးဘွား ဆွေမျိုးအဆက်ဆက်တို့သည် ပစ္စည်း ဥစ္စာများကို ရှာရှံသာရှာတတ်၍ ကိုယ့်နောက်ပါအောင် ငါ ယူဆောင်သွားတော့မည်ဟု ကြံစည်တွေးတော နှလုံးသွင်းလျက် လောကကြီးမှာ အပူရှိလျှင် အအေးရှိသလို အိုရခြင်း၊ နာရခြင်း၊ သေရခြင်း သဘောတရားရှိလျှင် မအို မနာ မသေသော သဘော တရားလည်း ရှိမှာပဲလို့ ထက်သန်ယုံကြည်သော ဆုံးဖြတ်ချက်ဖြင့် ရွှေတိုက်၊ ငွေတိုက်၊ ဘဏ္ဍာတိုက်များကိုဖွင့်လှစ်၍ အားကိုးမရှိ ကိုးကွယ်ရာမဲ့ အထီးကျန် ဆင်းရဲသား ခရီးသွားတို့အား ပေးကမ်း

စွန့်ကြ၍ ကြီးစွာသောအလှူကြီးပေးလှူခါ ရှင်ရသေ့ပြုပြီး တောထွက်သွားခဲ့လေသည်။ ရှင်ရသေ့ပြု တရားအားထုတ်တော်မူရာ (၇) ရက်အတွင်းမှာပင် ဈာန်အဘိညာဏ်တန်ခိုးကိုရ၍ ကောင်းကင်၌ လှည့်လည်သွားလာနေခဲ့လေသည်။

တစ်နေ့သောအခါ၌ ဒီပင်္ကရာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် နောက်ပါသံဃာ ရဟန္တာလေးသိန်းခြံရံလျက် သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်၍ မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တရားများကို ဟောကြားတော်မူရန် ဒေသစာရီနယ်လှည့်ခရီး ကြွမြန်းတော်မူလာခဲ့ပါသည်။

ထိုသို့ခရီးစဉ်အတိုင်း ကြွလာတော်မူခဲ့ရာ– ရမ္မာဝတီမြို့သို့ ရောက်ရှိလာပြီး ရမ္မာဝတီမြို့၏အနီး မဟာသုဒဿနကျောင်း၌ သီတင်းသုံး နေထိုင်တော်မူပါသည်။ မြတ်စွာဘုရား ကြွလာတဲ့အကြောင်း ကြားသိသောအခါ ရမ္မာဝတီ မြို့သူမြို့သားတို့သည် ထောပတ်ဆီဦး၊ ပန်းနံ့သာ၊ သင်္ကန်း စသောလှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကြလျက် တရားတော်များနာကြပြီး နက်ဖြန်ခါ ကဆုန်လပြည့်နေ့တွင် ရမ္မာဝတီမြို့ထဲသို့ ဆွမ်းခံကြွတော်မူပါရန် ဘုရားအမှူးရှိသော ရဟန္တာလေးသိန်းတို့အား ပင့်ဖိတ်ခဲ့ကြပါသည်။

ဘုရားအမှူးရှိသော ရဟန္တာအရှင်မြတ်များ ကြွလာမည်ဖြစ်သောကြောင့် ရမ္မာဝတီ မြို့သူမြို့သားတို့သည် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် ဝမ်းမြောက်ဝမ်းသာ မိမိတို့ စွမ်းအားရှိသလောက် ဆွမ်းခဲဖွယ်ဘောဇဉ်၊ ပန်း၊ သစ်သီး၊ ဆီမီး၊ အဝတ်သင်္ကန်း၊ ထီး၊ ဖိနပ်၊ ရဟန်းအသုံးအဆောင် လှူဖွယ်ပစ္စည်း

အမျိုးမျိုးတို့ကို ဘုရားအမှူးရှိသော သံဃာတော် လေးသိန်းတို့အား လှူဒါန်းဆက်ကပ်ရန် အပြိုင်အဆိုင် လှလှပပ ခမ်းခမ်းနားနား ပြုပြင်စီမံလျက် ရပ်ကွက်တိုင်း လမ်းတိုင်း အိမ်တိုင်း ပြင်ဆင် လုပ်ကိုင်ထားကြလေသည်။

ဒီပင်္ကရာ ဘုရားရှင် ကြွရောက်လာမည့် ရပ်ကွက်အတွင်း ရှိ လမ်းများကိုလည်းပဲ မြက်သစ်ပင်များရှင်းခြင်း၊ ကျင်းချိုင့် များကို ညီညွတ်အောင် မြေဖို့ခြင်း၊ အမှိုက်သရိုက်များမရှိစေရန် တံမြက်စည်းလှည်းခြင်း၊ ခြေဖဝါးမနာအောင် သဲဖြူများခင်းခြင်း၊ သန့်ရှင်းလှပအောင် ရာဇမတ်ကာခြင်း၊ စိမ်းလန်းစိုပြေအောင် ငှက်ပျောပင်များစိုက်ခြင်း၊ အဖြူ၊ အနီ၊ အညို၊ အဝါ၊ အပြာ စသော အဝတ်ပိတ်စများကို ရောင်စုံတံခွန် အလံ ကုက္ကား မလေးဖွားများပြုလုပ်၍ တန်းစီသွယ်တန်း ချိတ်ဆွဲစိုက်ထူထားခြင်း၊ အေးမြကြည်လင်စေရန် ရေပြည့်သော ရေအိုးစင်တည်ခြင်း၊ ပန်းခင်းခြင်း၊ ပေါက်ပေါက်များကြဲခြင်း စသည်ဖြင့် သာယာ ကြည်နူး ရှုမငြီးအောင် မွမ်းမံချယ်သလျက် အားတက်သရော လှုပ်လှုပ်ရှားရှား ကြည်ကြည်နူးနူး စိတ်ပါလက်ပါ အပြိုင်အဆိုင် မမောနိုင် မပန်းနိုင် ဘုရားရှင်ကြွလာမည့်အချိန်ကို မျှော်လင့် စောင့်ဆိုင်း၍ နေကြလေသည်။

မြို့သူမြို့သားများ လမ်းပြင်မြေဖို့ သန့်ရှင်းရေးလုပ်နေကြ စဉ် သုမေဓာရှင်ရသေ့သည် ဈာန်ဖြင့် ကောင်းကင်ခရီးမှ လှည့် လည်လာသောအခိုက် လှုပ်လှုပ်ရှားရှား အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံ လမ်းပြင်မြေဖို့နေကြသောလူများကို တွေ့မြင်ရသဖြင့် ကောင်းကင်မှဆင်းသက်၍ အကြောင်းအရာကို မေးမြန်းလေသည်။

ထိုသို့မေးသောအခါ မြို့သူမြို့သားများက အရှင်ဘုရား၊ မသိဘူးလားဘုရား နက်ဖြန်ခါ ကဆုန်လပြည့်နေ့ ဒီပင်္ကရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရဟန္တာလေးသိန်း ခြံရံလျက် ဤ ရမ္မာဝတီမြို့ကြီးကို ဆွမ်းခံကြွလာတော်မူမှာဖြစ်လို့ လမ်းပြင်မြေဖို့ သန့်ရှင်းရေးလုပ်နေကြပါတယ်ဘုရားလို့ ဝမ်းပန်းတသာ သုမေဓာ ရှင်ရသေ့အား လျှောက်ထားပြောဆိုကြလေသည်။

ထိုစကားကြားလိုက်သောအခါ သုမေဓာရှင်ရသေ့သည် အလွန်ဝမ်းမြောက်ဝမ်းသာ ပီတိတွေတဖွားဖွားဖြစ်ပြီး စဉ်းစား လိုက်သည်မှာ ဘုရားဖြစ်ဖို့မဆိုထားနှင့် ဘုရားဟူသောအသံမျှ ကိုပင် ကြားရဖို့မလွယ်လှပါချေတကားဟု ကြုံးဝါးလျက် မြို့သူ မြို့သားများထံ လမ်းပြင်ရန် နေရာတစ်နေရာတောင်းလေသည်။

လမ်းပြင်မြေဖို့နေကြသော မြို့သူမြို့သားများက စဉ်းစား ကြသည်မှာ သုမေဓာရှင်ရသေ့သည် ဈာန်အဘိညာဏ်ရ၍ တန်ခိုး ကြီးသည်။ သူ၏တန်ခိုးဖြင့် ဖန်ဆင်းလိုက်လျှင် ရွံ့ညွန်ထူထပ်တဲ့ လမ်းဟာ တခဏခြင်း သာယာပြေပြစ် ချောမွေ့ညီညွတ်သော လမ်းကောင်းတစ်လမ်း ဖြစ်နိုင်သည်။ ကျင်းချိုင့်တို့ဖြင့် ရွံ့ညွန်ထူ ထပ်သောလမ်းကို တာဝန်ပေးလိုက်လျှင် ကောင်းမည်ဟု တိုင်ပင် ကြကာ ကျင်းချိုင့်များသောနေရာကို ပေးလိုက်ကြလေသည်။

သုမေဓာရသေ့ အကြံဖြစ်သည်မှာ ငါသည် တန်ခိုးဖြင့်ပြင် လျှင် အမြန်ပြီးနိုင်သော်လဲ ကိုယ်ဖြင့်ရင်းနှီးပြီး အပင်ပန်းခံ ချွေးနည်းစာဖြင့်လုပ်မှ ပိုပြီး အကျိုးရှိမည်ဟု ကြံစည်လျက် ကိုယ်တိုင် မြေထမ်း၍ ကျင်းချိုင့်ရွံ့ဗွက်များ ထမ်းဖို့နေစဉ် ပြီးလု ခါနီး တစ်လံမျှလောက်သာ ကျန်ရှိနေသောအချိန်မှာ နံနက်လင်း

ဆွမ်းခံချိန်ရောက်သဖြင့် ရဟန္တာ လေးသိန်းခြံရံလျက် ဒီပင်္ကရာဘုရားရှင် ကိုယ်တော်မြတ်ကြီး ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် ကြွတော်မူလာလေသည်။

ထိုအခါ သုမေဓာရှင်ရသေ့သည် ကြည်ညိုဖွယ် ကောင်းလှစွာသော အတုမရှိသော ဘုရားရှင်တို့၏ အသရေတော်ကို ဖူးမြင်လိုက်ရသဖြင့် ဘုရားဖြစ်လိုသောစိတ်ဆန္ဒ ဖြစ်ပေါ်လာခါ ငါသည်ကိလေသာကုန်ခန်းသော ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို ဝင်စံလိုပါက ယနေ့ပင် ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ နိဗ္ဗာန်ကို ဝင်စံနိုင်ပေသည်။

သို့သော်လည်း တကိုယ်ကောင်းဆန်လျက် ငါတစ်ယောက်တည်း နိဗ္ဗာန်သို့သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သတ္တဝါတို့ကို သံသရာတည်းဟူသော ဝဲဩဃရေအယဉ်မှ ထုတ်နှုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ပို့ဆောင်ကယ်တင်၍ သွားပေတော့အံ့ဟု ကြံစည်တော်မူလျက် ဒီပင်္ကရာဘုရားရှင်အား လက်အုပ်ချီမိုးရှိခိုးခါ တပည့်တော်သုမေဓာသည် အရှင်ဘုရားကဲ့သို့ နောင်သောအခါမှာ ဘုရားစင်စစ်ကေန်ဖြစ်ရပါလို၏ ဘုရားဟု ဆုပန်လျက် တပည့်တော်၏အသက်ကို စွန့်လွှတ်လှူဒါန်းပါသည်ဘုရားဟု လျှောက်ထားခါ ရွံ့ဗွက်ထဲမှာ မိမိကိုယ်ကို ဝမ်းလျားမှောက်ပြီး တံတားခင်း၍ လှူလေသည်။

သုမေဓာရှင်ရသေ့သည် မိမိ၏အသက်ကိုစွန့်ခါ ဘုရားရှင်၏ရှေ့မှောက်ဝယ် တံတားခင်းလှူပြီး ဘုရားဆုပန်သတဲ့ဆိုတဲ့ သတင်းဟာ ရမ္မာဝတီတစ်ပြည်လုံး ပျံ့နှံ့ကျော်ကြားသွားလေသည်။ ပြည်သူပြည်သားအားလုံးက မိမိတို့အိမ်ရှေ့တွင် စောင့်ဆိုင်း

မျှော်လင့်နေကြရာမှ ရုတ်ရုတ်သဲသဲ၊ ထူးထူးဆန်းဆန်း၊ လှုပ်လှုပ်ရှားရှား၊ ဆူဆူညံညံ၊ တအံတဩ၊ အပြေးအလွှား၊ လှူဖွယ်ပစ္စည်းကလေးတွေ ကိုင်ဆောင်ကြခါ သုမေဓာရှင်ရသေ့ တံတားခင်းရာ မြို့ပြင်သို့ သူ့ထက်ငါ တိုးဝှေ့၍ ကြည့်ရှုရန် ရောက်လာကြလေသည်။

ထိုပရိသတ်များထဲမှာ သုမိတ္တာအမည်ရှိသော မိန်းကလေးတစ်ယောက်သည် ဒီပင်္ကရာဘုရားရှင်အား လှူဒါန်းရာ ကြာပန်းလေး ရှစ်ခိုင်ကို ကိုင်ဆောင်လျက် စည်ကားလှစွာသော ပရိသတ်ထဲမှ တိုးဝှေ့၍ တဖြည်းဖြည်း သုမေဓာရှင်ရသေ့၏ အနီးနားသို့ ရောက်လာလေသည်။ ထိုသုမိတ္တာ အမျိုးသမီးကလေးသည် သုမေဓာရှင်ရသေ့က ဒီပင်္ကရာဘုရားရှင်ထံမှာ ဘုရားဆုပန်၍ ဘုရားရှင်က ဗျာဒိတ်တော်ပေးသနားနေတော်မူသည်ကို တွေ့မြင်လိုက်ရသောအခါ အလွန်တရာ ဝမ်းမြောက်ကြည်နူးသဖြင့် -

မိမိတွင်ပါသော ကြာပန်းရှစ်ခိုင်အနက် ငါးခိုင်ကို ရှင်ရသေ့အားပေးလျက် ဒီပင်္ကရာဘုရားရှင်အား ပူဇော်လှူဒါန်း၍ ဘုရားဆုကိုပန်စေပြီး ကျန်သော ကြာပန်းသုံးခိုင်ကို သုမိတ္တာအမျိုးသမီးကလေးကိုယ်တိုင် ဘုရားရှင်အားလှူပြီး ဖြစ်လေရာရာ ဘဝတိုင်းဘဝတိုင်း ဤသုမေဓာရှင်ရသေ့၏ အလုပ်အကျွေး ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်းမှ ရပ်တော်မူလျက် အသက်ကိုစွန့်ခါ ခန္ဓာကိုဝတ်စင်း၍ တံတားခင်းနေသော ဤသုမေဓာရသေ့သည် ဤကမ္ဘာမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းရှိသောအခါ၌ ငါကဲ့သို့ပင် ဂေါတမ

ဟူသောအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

ဗျာဒိတ်စကား မြွက်ကြားတော်မူပြီး၍ ဒီပင်္ကရာ မြတ်စွာဘုရားသည် နောက်ပါသံဃာတော် လေးသိန်းခြံရံလျက် ဝမ်းလျားမှောက် တံတားခင်း၍နေသော သုမေဓာရှင်ရသေ့၏ ကိုယ်ပေါ်တွင် နင်းကြွတော်မမူဘဲ ရှောင်လွှဲ၍ ကြွသွားတော်မူလေသည်။ များပြားလှစွာသော လူပရိသတ်ကြီး အပေါင်းကလည်းပဲ သုမေဓာ ရှင်ရသေ့နှင့် သုမိတ္တာ သူဌေးသမီးကလေးတို့၏ ဆုပန်ကြပုံကို ကြည့်ရှုကြပြီး ရင်သတ်ရှုမော အံ့သြကြလျက် ဝမ်းမြောက်ဝမ်းသာ ကောင်းချီးနမော် သာခုခေါ်ကြသောအသံသည် ဘဝဂ်မဆန့် ပျံ့နှံ့၍တက်သွားလေသည်။ အသက်မရှိသော မြေကြီးကပင်လျှင် ကောင်းချီးပေးသည့်ပမာ ထူးဆန်းအံ့သြဖွယ် ပဲ့တင်ထပ်မျှ သွက်သွက်ခါအောင် ရိုက်ခါတုန်ဟီး ပြင်းစွာသော မြေငလျင်ကြီး တုန်လှုပ်လေတော့သည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး စွန့်ကြီးခြင်းငါးပါး စရိယသုံးပါး ဖြည့်ကျင့်တော်မူခါ သုမေဓာနှင့် သုမိတ္တာတို့သည် "မဟောသဓာသုခမိန်နှင့် အမယာဒေဝီ"၊ "စန္ဒ ကိန္နရာနှင့် စန္ဒကိန္နရီ"၊ "ဝေဿန္တရာမင်းနှင့် မဒ္ဒီမိဘုရား" အစရှိသည်ဖြင့် ဖြစ်ခဲ့ကြပြီး ယခုနောက်ဆုံးဘဝမှာ သုမေဓာရှင်ရသေ့သည် သိဒ္ဓတ္ထမင်းသား ဂေါတမဘုရား ဖြစ်တော်မူ၍ သုမိတ္တာ သူဌေးသမီးကလေးသည် ယသော်ဓရာ ဗိမ္ဗာဒေဝီ မိဖုရား ဖြစ်လာခဲ့လေသည်။

သုမေဓာရှင်ရသေ့နှင့် သုမိတ္တာသူဌေးသမီးတို့ကို အတုယူ၍

လျှော့ပါးမှု၊ အကျင့်သီလကောင်းမှု၊ စွန့်စားမှု၊ အနစ်နာခံမှု၊ လုံ့လဝီရိယရှိမှု၊ ဆင်ခြင်ဉာဏ်ရှိမှု၊ အများကောင်းကျိုး ဆောင်ရွက်မှု၊ မေတ္တာထားမှု စသော ပါရမီများ ဖြည့်ကျင့်နိုင်ကြ၍ ပစ္စုပ္ပန်သံသရာ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို တက်လှမ်းနိုင်သော သူတော်ကောင်းများ ဖြစ်ကြပါစေ။

## ရှင်ပြုပုံအစီအစဉ်
## ဆံချနေသောအခါ ပွားများရန်
## တစပဉ္စက ကမ္မဋ္ဌာန်း

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော။

### မြန်မာပြန်

ဤငါ၏ကိုယ်၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ ဤငါးထွေ ငါးစုတို့သည် မစင်ကြယ်ကာ စက်ဆုပ်စရာ၊ ရွံ့စရာ ဖြစ်ကုန်၏။

သတ္တဝါလဲမဟုတ်၊ အသက်လဲ မဟုတ်ကုန်ပါတကား ဟု ခေါင်းရိတ်နေစဉ် မောင်ရှင်လောင်းသည် ပွားများရမည်။

### လင်္ကာ

ငါ၏ကိုယ်မှာ နံ့သာမွှေးကြိုင် မြဲခိုင်လှစွာ ကောင်းရာမမြင်၊ ဆံပင်သာရှိ အမွေးရှိ၍ ရှိသည့် လက်သည်း ခြေသည်းနှင့် သွားလည်းတထွေ အရေတမျိုး ညှီနံ့ဆိုးသည်၊ အသိုးအပုတ်ချည့်ပါတကား။

## ၃၂ ကောဋ္ဌာသ

ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ၅ ခု
အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့ ၅ ခု
နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ် ၅ ခု
အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက် ၅ ခု
သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ ၆ ခု
မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်၆ ခု

## ဆရာ့ထံသို့ သင်္ကန်းအပ်ရန် ပါဠိ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ
သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

## အနက်

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျှင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ။ ဣမံ ကာသာဝံ၊ အကျွန်ုပ်လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေ တွာ၊ ယူတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနား ခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်အောင် ပြုတော်မူပါကုန်ဘုရား။

## ဆရာ့ထံမှ သင်္ကန်းတောင်းရန် ပါဠိ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ
သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

## အနက်

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ။ ဧတံ ကာသာဝံ၊ အရှင်ဘုရား လက်တော်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်အောင် ပြုတော်မူပါကုန်ဘုရား။

## ဝိပဿနာရှုပုံ

ရုပ်နာမ်ခန္ဓ မမြဲကြ အနိစ္စပါတကား
ရုပ်နာမ်ခန္ဓ ဆင်းရဲလှ ဒုက္ခပါတကား
ရုပ်နာမ်ခန္ဓ အဆိုးမရ အနတ္တပါတကား

## ရှင်သာမဏေအဖြစ်တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊

## အနက်

ဘန္တေ၊ အရှင်မြတ်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ကျွတ်လွတ်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား၊ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

## သာမဏေရသီလတောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊

## သရဏဂုံ ဆောက်တည်ရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) ခေါက်ဆိုလေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

## ၁၀ ပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊
၃။ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊
၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## သရဏဂုမ်အနက်

၁။ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊(သရဏံ-ကိုးကွယ်ရာ အားထားရာ မှီခိုရာ လှဲလျောင်းရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။)
၂။ ဓမ္မံ တရားတော်မြတ်ကို၊ ( ပ )
၃။ သံဃံ သံဃာတော်မြတ်ကို၊ ( ပ )
ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊
တတိယမ္ပိ သုံးကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊

## ဆယ်ပါးသီလအနက်

၁။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ (ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား။)

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ။ (ပ)

၃။ အဗြဟ္မစရိယာ၊ မမြတ်သောအကျင့်မှ။ (ပ)

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ဆိုခြင်းမှ။ (ပ)

၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်းမှ။ (ပ)

၆။ ဝိကာလ ဘောဇနာ၊ နေ့လွဲညစာ စားခြင်းမှ။ (ပ)

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သာသနာတော်၏ ပြောင့် တံကျင်သဖွယ် ကြည့်ရှုနားထောင်ခြင်းမှ။ (ပ)

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း၊ နံ့သာအမွှေးအထုံတို့ဖြင့် တန်ဆာဆင်ခြင်း၊ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်းမှ။ (ပ)

၉။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ။ (ပ)

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ ငွေ အသပြာ မာသကတို့ကို ကိုင်ခြင်းမှ။ (ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား။)

## ဥပဇ္ဈာယ်ယူပုံ

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊

## အနက်

ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ - သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှုမပြတ်ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

## သင်္ကန်းဝတ်ရုံရာ၌ နှလုံးသွင်းဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝ ဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝ ဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ။ ။

**အနက်**။ ။ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ - ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိ ဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း တို့၏ အတွေ့တို့ကို။ ယာဝ ပဋိ ဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှာသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

**ဆောင်ပုဒ်။** ။ ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်းမြွေ လွဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစမွာယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မတန်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း။

**ဆွမ်းစားရာ၌ နှလုံးသွင်းဆင်ခြင်ရန်**

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ နမဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝ ဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ၊ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယတြာစ မေ ဘဝိဿတိ၊ အနဝဇ္ဇတာစ ဖာသုဝိဟာရောစ။

**အနက်။** ။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဒဝါယ၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှာ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲပါ။ မဒါယ၊ လက်ဝှေ့လက်ပန်းသည် စသည်တို့ကဲ့သို့ အားဟူသောမာန်ယစ်ခြင်းငှာ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှာ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဝိဘူသနာယ၊ ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှာ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဣမဿ ကာယဿ၊ ဤရူပကာယ၏။ ယာဝဌိတိယာဧဝ၊ တည်ရုံငှာသာလျှင်။ ယာဝ ယာပနာယဧဝ၊ မျှတရုံငှာသာလျှင်။ ယာဝ ဝိဟိံသူပရတိယာ

ဝေ၊ ပင်ပန်းခြင်းငြိမ်းရုံငှာသာလျှင်။ ယာဝဒေဝ ဗြဟ္မစရိယာ နုဂ္ဂဟာယ ဝေ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်ရုံငှာသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဣတိ ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊ ဤသို့ဆွမ်းမှီဝဲသဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ နဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။ ယတြာစ၊ မျှတခြင်းသည်လည်းကောင်း။ အနဝဇ္ဇတာစ၊ အပြစ်မရှိခြင်းသည်လည်းကောင်း။ ဖာသုဝိဟာရောစ၊ ချမ်းသာစွာနေရခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ။

**ဆောင်ပုဒ်**။ ။ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ၊ ဝေဒနာ ဟောင်း သစ်၊ မဖြစ်စေရ၊ ယာပထမျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်းအိပ်ရာနေရာ၌ နှလုံးသွင်းဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ

မကာသ ဝါတာတပ သရီသပ္ပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝ ဒေဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ။ ။

**အနက်**။ ။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ ပဋိသင်္ခါ - ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ ပယ်ဖျောက်ရုံ ငှာသာလျှင်။ ဍံသ မကာသ ဝါတာတပ သရီသပ္ပ သမ္ဖဿာနံ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့ တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ သေနာသနံ၊ အိပ်ရာနေရာကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတု ပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ ဧဝ၊ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှာသာလျှင်။ သေနာသနံ အိပ်ရာနေရာကျောင်းကို။ ပဋိသေဝါမိ-မှီဝဲပါ၏။

**ဆောင်ပုဒ်**။ ။ ချမ်းပူကို ဖျက်၊ ခြင်၊ မှက် လေ နေ၊ ကင်း မြွေဝေးမှု၊ ဥတုဘေးကျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည် လင်ကြောင်း နေရာကျောင်းကို ကိန်းအောင်း မှီခိုပါသတည်း။

## ဆေးပစ္စည်းမှီဝဲရာ၌ နှလုံးသွင်းဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝ ဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။

**အနက်**။ ။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍၊ ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက်အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ-ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော၊ ဝေယျာဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို၊ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ယာဝ အဗျာပဇ္ဇ ပရမတာယ ဧဝ၊ အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်း အကျိုးငှာသာလျှင် ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက်အဦဖြစ်သော ဆေးကို၊ ပဋိသေဝါမိ-မှီဝဲပါ၏။

**ဆောင်ပုဒ်**။ ။ ကျင်နာ ခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ ဝေဒနာကို စွန့်ခွာပယ်လျှင်းဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်ကျင့်စွမ်းနိုင်ဖို့ ရည်မှန်းသုံးဆောင်ပါသတည်း။

## သုဓမ္မဝတီရှင်ကျင့်ဝတ်မှ
## "ပစ္စဝေက္ခဏာမည်ပုံ"

အဖန်ဖန် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မှုမျိုးကို ပစ္စဝေက္ခဏာ ခေါ်သည်။

## "ဆင်ခြင်ရာအခါ"

၁။ ဝတ်ရုံအပ် ခင်းခြုံအပ်သော သင်္ကန်း၊ စောင် အဝတ် ဟူသမျှတို့ကို ဝတ်တိုင်း၊ ရုံတိုင်း၊ သုံးဆောင်တိုင်း သင်္ကန်း အဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၂။ စားသောက်မျိုခဲ့အပ်သော အစာအာဟာရဟူသမျှတို့ကို လုတ်တိုင်း လုတ်တိုင်း ဆွမ်းအဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၃။ အိပ်စရာ၊ ထိုင်စရာ၊ ကျောင်း၊ ညောင်စောင်း၊ အခင်း၊ မှတင်၊ ခြင်ထောင်၊ သစ်ပင်ရင်းတို့ကို ဝင်တိုင်း၊ ထွက်တိုင်း၊ သုံးဆောင်တိုင်း၊ ကျောင်းအဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၄။ အဖျော်၊ ပျားသကာ စသော သောက်ဖွယ် လျက်ဖွယ် ဆေးဟူသမျှတို့ကို သောက်တိုင်း၊ စားတိုင်း၊ လျက်တိုင်း၊ ဆေး အဖြစ်ဖြင့် ဆင်ခြင်ရာသည်။

ဆင်ခြင်သည်ဟူရာ၌ အနက်အဓိပ္ပါယ်ကို မသိဘဲ ပါဠိ သက်သက် ရွတ်ဆိုခြင်းသည် ဆင်ခြင်သည် မမည်။ အနက် အဓိပ္ပါယ်ကို မှတ်သား၍ ပစ္စည်းလေးပါးကို သုံးဆောင်သော အခါတိုင်း ဉာဏ်ဖြင့် ဆင်ခြင်ရသည်။ တစ်နေ့လုံး မတတ်နိုင် လျှင် အရုဏ်မတက်မီ အနည်းဆုံး တစ်ကြိမ်မျှဖြစ်စေ ဆင်ခြင် ရသည်။ အရုဏ်တက်သည့်တိုင်အောင် တစ်ကြိမ်မျှ မဆင်ခြင် မိလျှင် ဣဏပရိဘောဂဖြစ်၏။ (ကြွေးတင်သည်ဟူလို။)

ဆေးပစ္စည်း၌ အထူးအားဖြင့် စားဆဲ၌ပင် ဆင်ခြင်ရသည်။ မဆင်ခြင်မိလျှင် ရဟန်းဖြစ်လျှင် အာပတ်သင့်၏။ ရှင်သာမဏေ ဖြစ်သော် ဒုက္ကဋ်သင့်၏။ ဒုက္ကဋ်ထိုက်၏။

"ပစ္စဝေက္ခဏာ ဆင်ခြင်ပုံပြီး၏

## "၃ လိင် ၁၀ ပါး ပါဠိအနက်"

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

၁။ ပါဏာတိပါတီ ဟောတိ။

၂။ အဒိန္နာဒါယီ ဟောတိ။

၃။ အဗြဟ္မစာရီ ဟောတိ။

၄။ မုသာဝါဒီ ဟောတိ။

၅။ သုရာမေရယ မဇ္ဇပါယီ ဟောတိ။

၆။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။

၇။ ဓမ္မဿ အဝဏ္ဏံ ဘာသတိ။

၈။ သံဃဿ အဝဏ္ဏံ ဘာသတိ။

၉။ မိစ္ဆာ ဒိဋ္ဌိကော ဟောတိ။

၁၀။ ဘိက္ခုနီ ဒူ သကော ဟောတိ။

ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

### အနက်

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ-အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

၁။ ပါဏာတိပါတီ၊ သူ့အသက်ကို သက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၃၊ အပြဟမ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅။ သုရာမေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။

၇။ ဓမ္မဿ၊ တရားတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ဘာသတိ၊ ပြောဆို၏။

၈။ သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို။ ဘာသတိ၊ ပြောဆို၏။

၉။ မိစ္ဆာဒိဋ္ဌိကော၊ မှားသောအယူရှိသည်။ ဟောတိ၊ ဖြစ်၏။

၁၀။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်သည်။ ဟောတိ၊ ဖြစ်၏။

ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်၊သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

လိင် ၁၀ ပါး ပါဠိအနက်ပြီး၏။

## "လိင်၊ လိင်ကျ၊ လိင်ပြန် အဓိပ္ပာယ်"

လိင်ဟူသော စကားသည် လိင်္ဂသဒ္ဒါမှ ဆင်းသက်လာသော စကားဖြစ်သည်။ ၎င်းသည် အသွင်ဟူသော အဓိပ္ပါယ်ကို ဆိုလို

သည်။ အသွင်ဟူသည် ဂိဟိလိင် = လူ့အသွင်၊ ပဗ္ဗဇ္ဇလိင် သာမဏေအသွင်ဟု အသွင်နှစ်မျိုးရသည်။

လိင် ၁၀ ပါးတွင် တစ်ပါးပါးကို ကျူးလွန်သော သာမဏေသည် သာမဏေအသွင်မှ နောင် စောင့်စည်းမှုမရှိက လူ့အသွင်သို့ လျှော့ကျသည်ကို လိင်ကျသည်ဟု ခေါ်သည်။

လူထွက်သည့်သာမဏေမှာ သာမဏေအသွင်မှ လူ့အသွင်ကို ပြန်ယူသောကြောင့် လိင်ပြန်သည်။

လိင် ၁၀ ပါး အဓိပ္ပါယ်ပြီး၏။

## "၄=ဒဏ် ၁၀ ပါး ပါဠိအနက်"

ဒသ ဟင်္ဂဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

၁။ ဝိကာလဘောဇနာ ဟောတိ။

၂။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက ဒဿနာ ဟောတိ။

၃။ မာလာ၊ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနာ ဟောတိ။

၄။ ဥစ္စာ သယန မဟာသယနာ ဟောတိ။

၅။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဟောတိ။

၆။ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ။

၇။ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ။

၈။ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ။

၉။ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ။

၁၀။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ။

ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

ဒသဟိ၊ ဆယ်ပါးကုန်သော၊ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတသာ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်, ရေဒဏ်ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

၁။ ဝိကာလဘောဇနော၊ နေ့လွဲညစာ စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၃။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ ဥစ္စာသယန မဟာသယနော၊ မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော၊ ရွှေ, ငွေ, ဒင်္ဂါးပိုက်ဆံကို ကိုင်ခံလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အလာဘာယ၊ လာဘ်မရစိမ့်သောငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

၇။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အဝါသာယ၊ နေရာမရစိမ့်သောငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

၈။ ဘိက္ခူနံ၊ ’ရဟန်းတို့အား။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်စိမ့်သောငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

၉။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းခြောက်၏။

၁၀။ ဘိက္ခုူ၊ ရဟန်းတို့ကို။ ဘိက္ခုုဟိ၊ တစ်ပါးသောရဟန်းတို့နှင့်။ ဘေဒေတ့ိ၊ ကွဲပြားအောင် ကုန်းတိုက်၏။
ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ-သဲဒဏ်, ရေဒဏ်ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဒဏ် ၁၀ ပါး ပါဠိအနက်ပြီး၏။

## ခန္ဓကဝတ်ပါဠိအနက်

စုဒ္ဒသ ခန္ဓက ဝတ္တာနိ နာမခန္ဓကေ ဝုတ္တာနိ၊ ကထံ—

၁။ အာဂန္တုကဝတ္တံ၊

၂။ အာဝါသိကဝတ္တံ၊

၃။ ဂမိကဝတ္တံ၊

၄။ အနုမောဒနာဝတ္တံ၊

၅။ ဘတ္တဂ္ဂဝတ္တံ၊

၆။ ပိဏ္ဍစာရိကဝတ္တံ၊

၇။ အာရညကဝတ္တံ၊

၈။ သေနာသနဝတ္တံ၊

၉။ ဇန္တာဃရဝတ္တံ၊

၁၀။ ဝစ္စကုဋိဝတ္တံ၊

၁၁။ ဉပဇ္ဈာယဝတ္တံ၊

၁၂။ သဒ္ဓိဝိဟာရိကဝတ္တံ၊

၁၃။ အာစရိယဝတ္တံ၊

၁၄။ အန္တေဝါသိကဝတ္တဉ္စာတိ

ဣမာနိ စုန္ဒသ ခန္ဓကဝတ္တာနိ၊ ဇောနိစ သဗ္ဗေသံ သဗ္ဗ
ဒါစ ယထာရဟံ စရိတဗ္ဗာနိ။

၁။ ဝတ္တံ အပရိပူရေန္တော၊ သီလံနပရိပူရတိ။
အသုဒ္ဓ သီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ နဝိန္ဒတိ။

၂။ ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာဓမ္မံ နပဿတိ၊
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ နပရိ မုစ္စတိ။

၃။ ကသ္မာဟိဝတ္တံပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော၊
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာန မေဟိတိ။

စုဒ္ဒသ၊ တစ်ဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိနာမ ခန္ဓကဝတ် မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝါ, စူဠဝါခန္ဓက၌။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကထံဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်းဟူမူကား-

## "ခန္ဓကဝတ်အနက်"

၁။ အာဂန္တုကဝတ္တ၌၊ အရံအတွင်းသို့ မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိကရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုကရဟန်း၊ သာမဏေတို့ပြုရာသော ဝတ်လည်းကောင်း။

၂။ အာဝါသိကဝတ္တ၌၊ အာဂန္တုရဟန်းကြီးကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်၊ သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုကရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးခြင်း၊ ခြေဆေးအင်းပျဉ်

စသည်ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်း
သာမဏေတို့ ပြုရသော ဝတ်လည်းကောင်း၊
၃။ ဂမိကဝတ္တ္တ၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို
သိမ်းခြင်း၊ တံခါးမ, လေသာတံခါးတို့ကို ပိတ်ခြင်း၊
ပန်ပြော၍သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း၊
သာမဏေတို့ပြုရသော ဝတ်လည်းကောင်း၊
၄။ အနုမောဒနာဝတ္တ၊ မထေရ်ကြီး တရားဟောခြင်း၊ မထေရ်
ကြီးက တိုက်တွန်းမှ ဟောခြင်း၊ ပန်လျှောက်၍ ဟောခြင်း
စသော တရားဟောရာ၌ပြုရသော ဝတ်လည်းကောင်း၊
၅။ ဘတ္တဂ္ဂဝတ္တ၊ တရားဟောခြင်း၊ ရဟန်းကြီးကို တိုးဝှေ့၍
မနေမထိုင်ခြင်း၊ ရဟန်းငယ်ကို နေရာဖြင့်မမြစ်ခြင်း
စသော ဆွမ်းစားဇရပ်၌ပြုရသော ဝတ်လည်းကောင်း။
၆။ ပိဏ္ဍစာရိကဝတ္တ၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာစသည်တို့ကို
သိမ်းခြင်း၊ သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းကို ဖွဲ့ခြင်း၊
သင်းပိုင်၊ သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊
သေခိယနှင့်အညီသွားခြင်း၊ မနှေးမလျှင် ရွာတွင်းသို့ဝင်
ခြင်း၊ မရှည်မကြာရပ်ခြင်းစသော ဆွမ်းခံရဟန်း၊ သာမဏေ
တို့ပြုရသော ဝတ်လည်းကောင်း။
၇။ အာရညကဝတ္တ၊ သောက်ရေ၊ သုံးဆောင်ရေတည်ထား
ခြင်း၊ မီးပွတ်ခုံ၊ ပွတ်ကျည်၊ တောင်ဝှေးထားခြင်း၊ အရပ်
လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်းစသော
တောနေရဟန်းသာမဏေတို့ ပြုရသော ဝတ်လည်း
ကောင်း။

၈။ သေနာသနဝတ္တ၊ ညောင်စောင်း၊ အင်းပျဉ်၊ အိပ်ရာ၊ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ ပရိဝုဏ်၊ ရေချိုးအိမ်၊ ဝစ္စကုဋိ စသည်တို့ကို တံမြက်လှည်းခြင်းစသော ကျောင်း၌ပြုရာသော ဝတ်လည်းကောင်း။

၉။ ဇန္တာဃရဝတ္တ၊ ပြာကို စွန့်ခြင်း၊ တံမြက်လှည်းခြင်းစသော ချွေးဇရုံးအိမ်၌ ပြုရာသော ဝတ်လည်းကောင်း။

၁၀။ ဝစ္စကုဋိဝတ္တ၊ ချောင်းဟန့်ခြင်း၊ သက်နန်းတန်း၌ သင်္ကန်းကိုတင်၍ မနှေးမလျှင်ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌နင်းမိမှ သင်းပိုင်ကိုပင့်ခြင်း၊ ကြမ်းသောကနုတ် စသည်ဖြင့် မသုတ်ခြင်း၊ သန့်သက်ရေ ဆေးခြင်း၊ နင်းခုံ၌နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်းစသော ကျင်ကြီးအိမ်၌ပြုရာသော ဝတ်လည်းကောင်း။

၁၁။ ဥပဇ္ဈာယဝတ္တ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ တံပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိမ်ရာနေရာကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်အရာ၌ သဒ္ဓိဝိဟာရိကတပည့်တို့က ပြုရာသော ဝတ်လည်းကောင်း။

၁၂။ သဒ္ဓိဝိဟာရိကဝတ္တ၊ သင်္ဂြိုဟ်ထောက်ပံ့ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရာသော ဝတ်လည်းကောင်း။

၁၃။ အာစရိယဝတ္တ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်သစ်ရေတံပူကပ်ခြင်း၊ သပိတ်

ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသောဝတ်လည်းကောင်း။

၁၄။ အဇ္ဈေဝါသိကဝတ္တ၌၊ သင်္ဂြိုဟ်ထောက်ပံ့ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရသောဝတ် လည်းကောင်း။

ဣတိ၊ ဤသို့။ ဣမာနိစုဒ္ဒသခန္ဓကဝတ္တာနိ၊ ဤတစ်ဆယ့်လေးပါးကုန်သောခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဇောနိစ၊ ထိုဝတ်တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်း, သာမဏေတို့သည်။ သဗ္ဗဒါစ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ – ကျင့်ထိုက်သည်အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ်ကုန်၏။

၁။ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သောရဟန်း, သာမဏေသည်။ သီလံ၊ သီလကို။ နပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သောသီလရှိသော။ ဒုပ္ပညော၊ ပညာနည်းသောရဟန်းသာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို။ နဝိန္ဒတိ၊ မရနိုင်။

၂။ ဝိက္ခိတ္တစိတ္တော၊ လေခတ်သောတံခွန်ကဲ့သို့ ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍။ နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်းသာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်, ဖိုလ်၊ နိဗ္ဗာန်တရားကို။ နပဿတိ၊ မမြင်နိုင်။ သဒ္ဓမ္မံ၊ မဂ်,

ဖိုလ်၊ နိဗ္ဗာန်တရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်းသာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ နပရိမုစ္စတိ၊ မလွတ်နိုင်။

၃။ တသ္မာဟိ–တသ္မာဝေ၊ ထို့ကြောင့်သာလျှင်။ ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော်ကို။ ကတွာ၊ အရိအသေပြုရသောကြောင့်။ ဝါ–ပြုသည်ရှိသော်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။

(အနက်ရှမ်းကလေးကျွန်းဆရာတော်ရေးသည်)

ခန္ဓကဝတ် ပါဠိ အနက်ပြီး၏

## “ဝတ်ပိုင်းအစိပ္ပါယ်”

### ဆရာလေးပါး

၁။ ပဗ္ဗဇ္ဇာစရိယ – ရှင်ပြုပေးသော သရဏဂုံဆရာ။

၂။ ဥပသမ္ပဒါစရိယ – ရဟန်းပြုပေးသောကမ္မဝါစာဆရာ။

၃။ ဥဒ္ဒေသာစရိယ – စာသင်ပေးသောစာချဆရာ။ ဝါ-ဓမ္မာစရိယ။

၄။ နိဿယာစရိယ – မှီခို၍နေရာ နိဿယည်းဆရာ။

(ဩဝါဒါစရိယ ထည့်လျှင်) ငါးပါးဖြစ်၏။

## "တပည့်လေးပါး"

၁။ ပဗ္ဗဇ္ဇက္ခန္ဓဝါသိက - သရဏဂုံယူနေသောတပည့်။

၂။ ဥပသမ္ပဒက္ခန္ဓဝါသိက - ရဟန်းခံယူနေသောတပည့်။

၃။ ဥဒ္ဒေသက္ခန္ဓဝါသိက- ပါဠိသင်ယူနေသောတပည့်။ ဝါ- ဓမ္မက္ခန္ဓဝါသိကတပည့်

၄။ နိဿယက္ခန္ဓဝါသိက- နိဿယည်းယူနေသော တပည့် တို့တည်း။

**မှတ်ချက်**

ဓမ္မက္ခေ, နိဿယက္ခေ ဆရာ၊ တပည့်နှစ်စုသည် အနီး၌ နေခိုက်သာ တာဝန်ရှိကုန်၏။ ကြွင်းနှစ်စုသည်လည်းကောင်း၊ ဥပဇ္ဈာယ်နှင့် သဒ္ဓိဝိဟာရိက အစုသည်လည်းကောင်း တစ် သက်လုံး တာဝန်ရှိကုန်၏။

ဆရာဝတ် တပည့်ဝတ်တို့၌ နိဿယည်းမလွတ်သူ တစ်သက်လုံးဝတ်ပြုရသည်၊ ခွင့်ပြုထားလျှင် အပြစ်မရှိ၊ ခွင့်ပြု၍ ရစကောင်းသောဝတ်၊ မရစကောင်းသောဝတ်ဟူ၍ နှစ်မျိုးရှိသည်။

ဝတ္တံ အပရိပူရေန္တော, သီလံနပရိပူရတိ-ဟူသော ဒေသနာ အရ ဝတ်ကို မဖြည့်ကျင့်ကြကုန်သော ရဟန်း, သာမဏေတို့ သည် ဝတ်ပျက်ကုန်သည်၊ ဝတ်ပျက်လျှင် သီလကို ဖြည့်ကျင့် သည်မမည်။

ထို့ကြောင့် ၁၄ ပါးကုန်သော ခန္ဓကဝတ်တို့နှင့်ညီအောင် ကျင့်ကြံအားထုတ်ကုန်ရာသည်။

ဝတ်ပိုင်းအခိပ္ပာယ်ပြီး၏။

## "ရှုတင်တေရသ ဆောက်တည်ရန်ပါဠိ"

၁။ ဂဟပတိဒါနစိဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ။ (ပံ့သကူရှုတင်)

၂။ စတုတ္ထစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ၊ (တိစီဝရိက်ရှုတင်)

၃။ အတိရေက လာဘံပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။ (ပိဏ္ဍပါတ်ရှုတင်)

၄။ လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ။ (သပဒါနရှုတင်)

၅။ နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။ (ဧကာသနိက်ရှုတင်)

၆။ ဒုတိယဘောဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။ (ပတ္တပိုဏ်ရှုတင်)

၇။ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။ (ခလုပစ္ဆာရှုတင်)

၈။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အရညိကင်္ဂံ သမာဒိယာမိ။ (အာရညကင်ရှုတင်)

၉။ ဆန္နံပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။ (ရုက္ခမူရှုတင်)

၁၀။ ဆန္နဥ္စရုက္ခမူလဥ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။ (အဗ္ဘောကာသိကရှုတင်)

၁၁။ နသုသာနံပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။(သုသာနရှုတင်)

၁၂။ သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ထတိကင်္ဂံ သမာဒိယာမိ။ (ယထာသန္ထတိရှုတင်)

၁၃။ သေယျံပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ။ (နိသိဇ်ရှုတင်)
ရှုတင်ဝေရသဆောက်တည်ရန်ပါဠိ၊
ဘုရားရှေ့ ဆရာမိဘရှေ့ မိမိဘာသာ ဆောက်တည်ကောင်း
သည်ချည်းမှတ်လေ။

## "ရှင်သာမဏေများ မှတ်သားဖွယ်"
## "ရှင်ပြုရန် ခွင့်ပြုတော်မူခြင်း"

လောကသုံးခွင် ဘုံသုံးပြင်၌ အတုမရှိသော သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီ ပြည် မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ်အခါ ရဟန်း တို့ကို ခေါ်တော်မူ၍ အရပ်ရပ် တရားဟော စေလွှတ်တော်မူ လေ၏။ ထိုအခါ ထိုရဟန်းတို့သည် တရားဟောကြားတော်မူ၍ ရှင်လောင်း၊ ရဟန်းလောင်းတို့ကိုရလျှင် မြတ်စွာဘုရားထံတော် သို့ ပို့ဆောင်ကြလေကုန်၏။ ထိုသို့ ပို့ဆောင်ကြခြင်းကြောင့် ရှင်လောင်း၊ ရဟန်းလောင်းတို့နှင့်တကွသော ထိုရဟန်းတို့သည် ပင်ပန်းကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် "အနု ဇာနာမိဘိက္ခဝေ တုမှေဝဒါနိ တာသုတာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ" ဟု ရှင်အဖြစ် ရဟန်းအဖြစ်ပြုပေးရန် ရဟန်းတို့ကို ခွင့်ပြုတော်မူလေ၏။

ထိုသို့ခွင့်ပြုတော်မူရာ၌ သရဏဂုံသုံးပါးရွတ်ခြင်းဖြင့် ရှင် အဖြစ် ရဟန်းအဖြစ်ကို ပညတ်တော်မူသော်လည်း အခါတစ် ပါး ရာဓမည်သော ပုဏ္ဏားကို ရဟန်းပြုစေလို၍ ရှင်သာရိပုတ္တရာ လျှောက်ထားခြင်းကြောင့် သရဏဂုံကိုပယ်၍ ဉတ္တိစတုတ္ထကမ္မ ဝါစာဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူ၏။ ယင်းနောက် ကပိ

လဝတ်ပြည့်၌ ရာဟုလာမင်းသား ရှင်ပြုလိုသောအခါ ရှင်သာရိ ပုတ္တရာပင် လျှောက်ထားခြင်းကြောင့် သရဏဂုံဖြင့်သာ ရှင်ပြု ပေးရန် ခွင့်ပြုတော်မူ၏။ ထို့ကြောင့် သရဏဂုံဖြင့် ရှင်ပြုသည့် အရာမှာ သာသနာတော် ကုန်သည့်တိုင်အောင် ရဟန်းပြုသည့် အရာမှာ ဥတ္တိစတုတ္ထကမ္မဝါစာကို မပယ်တော်မိသာဟု မှတ်ရမည်။

## ရှင်ပြုပုံအခြင်းအရာကို ပြခြင်းအင်္ဂါ ၃–ပါး

"ပဌမံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ" အစရှိသော ပါဠိတော်ဖြင့် ရှင်ပြုပုံ အစီအရင်ကို ပြဆိုတော်မူ၏။ ရှင်ပြုရာ၌ လိုရင်းအင်္ဂါကား သုံးပါးသာတည်း၊ သုံးပါးဟူသော်ကား–

၁။ ဆံရိတ်ခြင်း၊

၂။ သင်္ကန်းဝတ်စေခြင်း၊

၃။ သရဏဂုံပေးခြင်း

ဟူသော ဤသုံးပါးတည်း။ ရှင်ပြုပေးလိုသောရဟန်းသည် နူနာ စသော ပဗ္ဗဇ္ဇဒေါသကင်း၍ မိဘတို့ခွင့်ပြုအပ်သော ရှင်လောင်း ကို ခေါင်းရိတ်လိုသောအခါ ဥပစာရ သိမ်တွင်းရှိ ရဟန်းတို့ကို ပန်ကြား၍ ရိတ်အပ်၏။ ပန်ကြားစရာ ရဟန်း များလွန်းလျှင် ခဏ္ဍသိမ်, မြစ်, သမုဒ္ဒရာသို့သွား၍ ရိတ်အပ်၏။ ဆံရိတ်လာခဲ့ ပြီးလျှင် ကာလအားဖြင့် နှစ်လ၊ ပမာဏအားဖြင့် လက်နှစ်သစ် ထက် မလွန်သေးမူ ထပ်မရိတ်သော်လည်းအပ်၏။ ဆရာကိုယ် တိုင်သော်လည်းကောင်း၊ ရဟန်းရှင်လူတစ်ဦးဦးကို စေခိုင်း၍ သော်လည်းကောင်း ဆံရိတ်ခြင်း သင်္ကန်းဝတ်ပေးခြင်းသည် အပ်၏။ မစေခိုင်းသော်လည်း ဥပဇ္ဈာယ်ကို ရည်မှန်း၍ ရဟန်း

ငယ်က ရှင်ပြုပေးလျှင် အပ်၏။ သရဏဂုံကိုကား ဆရာကိုယ်တိုင် ဝါ=ရဟန်းကိုယ်တိုင် ပေးအပ်၏။

သာသနာကြီးပွားလောက်သော ပုဂ္ဂိုလ်ထူးဖြစ်လျှင် ဆရာကိုယ်တိုင် ရေချိုးဆိပ်သို့ဆောင်ခြင်း၊ ဆံရေဆွတ်ခြင်း၊ ချေးပွတ်ခြင်း စသည်တို့ဖြင့် ပြီးစီးအောင် ရှင်ပြုပေးအပ်၏။ ဝဲနာအိုင်းနာရှိလျှင် မိခင်ပမာ မရွံမရှာ ကောင်းစွာပွတ်တိုက်ကာ ရေချိုးပေးအပ်၏၊ အကျိုးကား ပျင်းရိသဖြင့် လူထွက်လိုသော်လည်း ဤကျေးဇူးကြောင့် မဆုတ်မနစ်ပြု၍ မထေရ်ကြီးအဖြစ်သို့ ရောက်တတ်ကုန်၏။ ရေချိုးသောအခါ ဆံရိတ်သောအခါတို့၌ သင်ကား ထင်ရှား၏၊ ပြည့်စုံ၏။ သင့်ကိုမှီ၍ ပစ္စည်းလေးပါးဖြင့် ငါတို့ချမ်းသာပေတော့အံ့ဟု မပြောအပ်။ တစ်ပါးသောဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သည့် အမင်္ဂလာစကားတို့ကို မပြောဆိုအပ်။ ငါ့ရှင် စိတ်ကောင်းကောင်းထား၊ သတိတရားဖြစ်စေပါလော့။ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ ဟူသော ဘာဝနာကို အဆင်းသဏ္ဌာန်အနံ့မှီရာ ဖြစ်ရာအားဖြင့် မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်ကိုလည်းကောင်း၊ သတ္တဝါလည်း မဟုတ်၊ အသက်လည်း မဟုတ်သည်ကိုလည်းကောင်း ထင်ရှားအောင် နှလုံးသွင်းဟု မင်္ဂလာစကား ပြောကြားရမည်။ ဤသို့ ပြောကြားပေးသဖြင့် ဆင်ခြင်သုံးသပ်သည်ရှိသော် သင်မုန်းအဆုံး၌ပင် ရဟန္တာအဖြစ်သို့ ရောက်နိုင်ကြကုန်၏။

ရှေ့ဦးစွာ ဆံ, မုတ်ဆိတ်ကို ပယ်စေပြီးလျှင် လူနံ့ပျောက်စေခြင်းငှာ နံ့နှင်းမှုန့်၊ နံ့သာမှုန့်တို့ဖြင့် ဦးခေါင်းကိုလည်း

ကောင်း၊ ကိုယ်ကိုလည်းကောင်း ပွတ်တိုက်ရေချိုးပေးပြီးမှ သကလ ဝဠ စသည်ဖြင့် သုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ တစ် ကြိမ်ဖြစ်စေ ဆိုစေ၍ သင်္ကန်းပေးအပ်၏။ ရှင်လောင်းအား မပေးဘဲ ဆရာ ကိုယ်တိုင် ဝတ်ပေးလျှင်လည်းအပ်၏။ ရဟန်း, ရှင်, လူ, တစ် ယောက်ယောက်ကို စေခိုင်းလျှင်လည်းအပ်၏။ ထိုရှင်လောင်းကိုပင် ဤသင်္ကန်းယူဝတ်ဟု ခိုင်းလျှင်လည်း အပ်၏၊ မခိုင်းဘဲ ဝတ်မိလျှင် ဖယ်၍ တစ်ဖန်ပေးအပ်၏။ ရှင်လောင်းပိုင်သင်္ကန်း ဖြစ်စေကာမူ ရဟန်းကိုယ်တိုင် မိမိလက်ဖြင့်လည်းကောင်း စေခိုင်းသဖြင့် လည်းကောင်း ပေးမှသာအပ် သည်။ သင်္ကန်းကို ဝတ်စေပြီးနောက် ပါဠိ၌လာသောအစဉ်ဖြင့် ကိုယ်ဝတ်စံပယ်တင်စေ၍ ထိုအရပ်၌ ရှိသော ရဟန်းတို့၏ ခြေကို ရှိခိုးစေ၍ ဆောင့်ကြောင့်ထိုင်စေပြီးမှ လက်အုပ်ချီစေ၍ ဗုဒ္ဓံ ဝဒေဟိ ဟူ၍လည်းကောင်း၊ ယမဟံ ဝဒါမိ တံဝဒေဟိ ဟူ၍ လည်းကောင်း ဆရာကဆို၍ သရဏဂုံ ပေးအပ်၏။

သရဏဂုံကိစ္စပြီးလျှင် သာမဏေဘုံ၌ တည်လေ၏။ သိက္ခာပုဒ် ဆောက်တည်စေခြင်း၊ ဥပဇ္ဈာယ်ပေးခြင်း ကိစ္စပြီးလျှင် သိက္ခာပုဒ် ဖြည့်ကျင့်နိုင်အောင် နားလည်ရာစကားဖြင့် ထိုထို သိက္ခာပုဒ် အဓိပ္ပာယ် ပြောပြအပ်၏။ သိက္ခာပုဒ် နားမလည် သေး၊ သင်္ကန်း၊ သပိတ် မကိုင်ဆောင်တတ်သေး။ ရပ်ခြင်း၊ ထိုင်ခြင်း၊ စားသောက်ခြင်း စသည်တို့၌ မလိမ္မာသေးလျှင် အခြားဝေးဝေး မလွှတ်ရ၊ အနီးအနား၌သာ နေစေ၍ မလိမ္မာ သေးသော သူငယ်ကိုကဲ့သို့ စောင့်ရှောက်အပ်၏။

ဆယ်ပါးသော သိက္ခာပုဒ်မှလွတ်သော အာမာသ၊ အနာ

မာသ စသော အလုံးစုံသော ကပ္ပိယ၊ အကပ္ပိယကို ပြောကြား အပ်၏။ ဝတ်ခြင်း၊ ရုံခြင်း စသော အာဘိသာမာစာရိက ကျင့်ဝတ်တို့၌ လိမ္မာအောင် ဆုံးမအပ်၏။ သာမဏေသစ်ကလည်း လိင်မကျအောင်၊ ဒဏ်မထိုက်အောင် ကောင်းစွာကျင့်အပ်၏။ ဤကား မဟာဝါစသော အဋ္ဌကထာတို့၌ လာသောစကားတည်း။

## "ရှင်ပြုသင့်သော အသက်အရွယ်"

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူစဉ်အခါ အမျိုးသားတစ်ဦးအိမ်၌ ရောဂါနှိပ်စက် ပျက်စီးကြသဖြင့် ကြွင်းကျန်သော ဖခင်နှင့် သားငယ်တို့သည် သာသနာသို့ဝင်၍ ရဟန်းခံ ရှင်ပြုကြ၏။ ဆွမ်းခံသွားရာ၌ ဆွမ်းလောင်းပြီးသောအခါ သားငယ် ကိုရင်ကလေးက ပြေးလာတည့်၍-

"ဖခင် အကျွန်ုပ်အားလည်း ပေးပါဦး" ဟု တောင်းလေ့ရှိသဖြင့် ဘိက္ခုနီမနှင့် ရသောကလေး ဖြစ်ဟန်တူသည်ဟု လူတို့ကဲ့ရဲ့ခြင်းကြောင့် "နဘိက္ခဝေ ဦနပန္နရသပသော ဒါရကော ပဗ္ဗာဇေတဗ္ဗော" တစ်ဆယ့်ငါးနှစ်ပြည့်မှ ရှင်ပြုပေးရမည်ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

အခါတစ်ပါး အရှင်အာနန္ဒာ၏ အလုပ်အကျွေး ဒါယကာတစ်ဦး တစ်အိမ်လုံးပျက်စီးရာ သားငယ်နှစ်ယောက်သာ ကျန်ရစ်၏။ ရှေးအလေ့အားဖြင့် ရဟန်းတွေ့လျှင် ပြေးလာကြရာ ရဟန်းတို့က မောင်းမဲခြင်းကြောင့် ငိုယိုနေကြရသည်ကို အရှင်အာနန္ဒာ မြင်ရလျှင် ရှင်ပြုပေးထားချင်သော်လည်း တစ်ဆယ့်ငါးနှစ် မပြည့်သေး၍ မပြုပေးဝံ့သောကြောင့် လျှောက်ထားတောင်းပန်သောအခါ "ချစ်သား အာနန္ဒာ- ထိုသူငယ်ကလေးတို့သည်

မိမိစားသော ထမင်းခွက်၌ ကျီးလာနှိုက်လျှင် ပျံသွားအောင် မောင်းနှင်နိုင်အံ့လော” ဟု မိန့်တော်မူ၏။ “မောင်းနှင်နိုင်ပါသည် ဘုရား” ဟု လျှောက်ထားလတ်သော် “အနုဇာနာမိ ဘိက္ခဝေ ဥနပန္နရသ ဝဿံဒါရကံကာ ကူဍ္ဍေပကံ ပဗ္ဗာဇေတုံ” ဟု တစ်ဆယ့်ငါးနှစ် မပြည့်သေးသော်လည်း ကျီးမောင်းနိုင်သော သူငယ်ကို ရှင်သာမဏေပြုပေးရန် ခွင့်ပြုတော်မူလေသည်။

ထိုသို့ ခွင့်ပြုတော်မူသောအခါမှစ၍ ခုနစ်နှစ်သား ရဟန္တာဖြစ်သော ရှင်ပဏ္ဍိတ၊ ရှင်သုခ၊ ရှင်သောပါက စသော သာမဏေများ၊ အပဒါန် ပါဠိတော်လာ ငါးနှစ်သား ရဟန္တာသာမဏေများ ထွန်းကားပေါ်ပေါက်လာရကား အဆက်ဆက် သာသနာငါးထောင် ပတ်လုံး ယနေ့တိုင်အောင် ရှင်ပြုခြင်းတို့သည် သာသနာတော် မြတ်၌ ထင်ရှားစွာ ဖြစ်ပေါ်လာကြကုန်သတည်း။

### “အဖျော်ရှစ်ပါး”

၁။ သရက်သီးအဖျော်၊

၂။ သပြေသီးအဖျော်၊

၃။ တောငှက်ပျောသီးအဖျော်၊

၄။ အိမ်ငှက်ပျောသီးအဖျော်၊

၅။ သစ်မည်စည်သီးအဖျော်၊

၆။ စပျစ်သီးအဖျော်၊

၇။ ကြာစွယ်အဖျော်၊

၈။ ဖက်သက်သီးအဖျော်၊

ဤအဖျော်ရှစ်မျိုးတို့သည် အေးသည်ဖြစ်စေ၊ နေချက်၍ နွေးသည်ဖြစ်စေ အပ်ကုန်၏။ မီးချက်မအပ်ကုန်။ ရောက်,

မန်ကျီး စသောအဖျော်တို့သည် လျော်သောကြောင့် အနုလောမ အဖျော်တို့ မည်ကုန်၏။

**ဆောင်**။ သပြေ, သရက်, နွယ်စပျစ်၊ ဖက်သက်, သစ်မည်စည်။
တောအိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လော့ ရှစ်
ဖျော်ရည်။

## "ကာလိက လေးပါး"

| | | |
|---|---|---|
| ၁။ | ယာဝကာလိက | – နံနက်အရုဏ်တက်မှ မွန်းတည့် အတွင်း အပ်သောခဲဖွယ်ဘောဇဉ်၊ |
| ၂။ | ယာမကာလိက | – ယနေ့အရုဏ်တက်မှ နက်ဖြန်အရုဏ် အတွင်း အပ်သောဖျော်ရည်၊ |
| ၃။ | သတ္တာဟကာလိက | – ခုနစ်ရက်အတွင်းအပ်သော လျက် ဖွယ်ငါးပါး၊ |
| ၄။ | ယာဝဇီဝိက | – တစ်သက်လုံးအပ်သော ဓာတိပ္ပိုလ်, လေးညှင်း, နနွင်း, သိန္ဓောစသော ဆေး။ |

ယင်းကာလိက လေးပါးတို့တွင် ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက သုံးပါးသည် နေလွဲအခါ ဂိလာန–နာသောသူ, ဝိပါသ–ဆာလောင်မွတ်သိပ်သောသူတို့အား အပ်၏၊ ဂိလာနမဟုတ်သူ, မဆာသောသူတို့အား မအပ်၊ နာသောသူမှာ ပကတိအတိုင်း သုံးဆောင်နိုင်သည်။ ဆာလောင်သူမှာ သတ္တဟကာလိက ရေနှင့်ရော၍ သုံးဆောင်ရသည်။

**ဆောင်**။ ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။
ကာလိက ၄ ပါး၊ သရုပ်ကြား၊ မှတ်သားကြစေရာ။

## "သုရာခေါ် သေရည်ငါးမျိုး"

၁။ ပိဋ္ဌသုရာ – ဆန်မှုန့်ကိုလုပ်သောသေရည်၊
၂။ ပူဝသုရာ – မုန့်ကိုလုပ်သောသေရည်၊
၃။ ဩဒနသုရာ – ထမင်းကိုလုပ်သောသေရည်၊
၄။ ကိဏ္ဏပက္ခိတ္တသုရာ – တဆေးမှုန့်ထည့်၍လုပ်သော သေရည်၊
၅။ သမ္ဘာရသံယုတ္တသုရာ – ဖန်ခါးသီးစသော အဆောက်အဦ များရောစပ်၍လုပ်သောသေရည်။

## "မေရယခေါ် အရက်ငါးမျိုး"

၁။ ပုပ္ဖာသဝ – သစ်မည်စည်ပွင့်စသော ပန်းပွင့် စိမ်ရည်၊
၂။ ဖလာသဝ – အသီးစိမ်ရည်၊
၃။ မဓွာသဝ – စပျစ်သီးစိမ်ရည်၊
၄။ ဂုဠာသဝ – ကြံရည် ထန်းရည်ကို ပြုလုပ်သော စိမ်ရည်၊
၅။ သမ္ဘာရသံယုတ္တာသဝ – ဖန်ခါးသီးစသော အဆောက်အဦ အမျိုးမျိုးဖြင့်စိမ်သောစိမ်ရည်။

**ဆောင်**။ ပိဋ္ဌ၊ ပူဝ၊ ဩဒန၊ ကိဏ္ဏ၊ သမ္ဘာရာ။
ပုပ္ဖ၊ ဖလာ၊ မဓွာ၊ ဂုဠ၊ သမ္ဘာရ၊ ပဉ္စမေရယာ။

## "ဆိုးရည်ခြောက်မျိုး"

၁။ အမြစ်ဆိုးရည်၊
၂။ ပင်စည်ဆိုးရည်၊
၃။ အခေါက်ဆိုးရည်၊
၄။ အရွက်ဆိုးရည်၊
၅။ အပွင့်ဆိုးရည်၊
၆။ အသီးဆိုးရည်၊

**ဆောင်**။ မြစ်, ပင်, ခေါက်, ရွက်, ပွင့်, သီးဖက်၊ ခြောက်ချက်

## "မအပ်သော ဆိုးရည်ကိုးမျိုး"

၁။ နနွင်းမြစ်၊
၂။ ထန်းကျင့်၊
၃။ ပိန္နဲနွယ်၊
၄။ မဲရွက်၊
၅။ ဒန်းရွက်၊
၆။ ကြပိုင်ခေါက်၊
၇။ တောက်ရပ်ခေါက်၊
၈။ ဝတ်ပန်းပွင့်၊
၉။ ပေါက်ပွင့်တို့တည်း။

**ဆောင်**။ နနွင်းမြစ်နှင့်၊ ပင်စည်ဆင့်၊ ထန်းကျင့်၊ နွယ်ပိန္နဲ။
မဲရွက်, ဒန်းလျှောက်၊ ကြပိုင်ခေါက်၊ တောက်ရင်ဆင့်
ကာကဲ။ ဝတ်ပန်း, ပေါက်ပွင့်၊ ဆိုးရည်တင့်၊ မသင့်
ကိုးပါးပဲ။

## "ကုလဒူသန ရှစ်ပါး"

၁။ သစ်သီးပေးခြင်း
၂။ ပန်းပေးခြင်း၊
၃။ မျက်နှာချေမှုန့်ပေးခြင်း၊
၄။ မြေညက်ပေးခြင်း
၅။ ဝါးပေးခြင်း၊
၆။ တံပူပေးခြင်း၊
၇။ စေခိုင်းရာခြေဖြင့်သွားခြင်း၊
၈။ ဆေးကုခြင်း၊

**ဆောင်**။ ပွင့်, သီး, မှုန့်, မြေ, ဝါး, ပူ, ခြေ, ဝေဇ္ဇဒူရှစ်ဖြာ။

## "အနေသန ၂၁ ပါး"

၁။ မျက်နှာသစ်ရေပေးခြင်း၊
၂။ ဆွမ်းတုံ့ပေးခြင်း၊
၃။ သစ်ရွက်ပေးခြင်း၊
၄။ ရေချိုးကသယ်မှုန့်ပေးခြင်း၊

၅။ ကလေးချီထိန်းခြင်း၊
၆။ ပဲဟင်းအလား အမှန်နည်းပါး အမှားများသောစကားကို ဆိုခြင်း၊
၇။ ချစ်အောင်ခင်အောင် ခင်ဗျား ကျွန်တော် စသည်ဖြင့် အောက်ကျို့၍စကားဆိုခြင်း၊
၈။ အနီးအပါး၌ စေခိုင်းရာခံခြင်း၊
၉။ စာတမန်ပြုလုပ်ခြင်း၊
၁၀။ ဘူမိနက်သန်မြေကြန်အတတ်ဖြင့် ဟောစားခြင်း၊
၁၁။ လယ်, ယာ မြေ၏ အကျိုးအပြစ်သိသော အတတ်ဖြင့် ဟောခြင်း၊
၁၂။ ရုပ်ဆင်းအင်္ဂါ လက္ခဏာ အကျိုးအပြစ်သိသော အတတ်ဖြင့်ဟောခြင်း၊
၁၃။ နက္ခတ် အကျိုးအပြစ်သိသော အတတ်ဖြင့်ဟောခြင်း၊
၁၄။ ကုလဒူသန ရှစ်ပါး၊
ပေါင်း အနေသ ၂၁–ပါး ဖြစ်သည်။

ဤကုလဒူသန၊ အနေသနဖြင့် ရအပ်သောပစ္စည်း၊ အမျိုးမတော်သူ၊ မဖိတ်ကြားသောသူထံတောင်း၍ ရအပ်သောပစ္စည်း၊ အံ့ဖွယ်ပြုခြင်း၊ မြှောက်ခြောက်ရစ်ဆွယ်ခြင်း၊ အရိပ်နိမိတ်ပြုခြင်းတို့ကြောင့် ရသောပစ္စည်း ရွှေ ငွေ ခံခြင်း၊ ရွှေ ငွေဖြင့် လဲလှယ်ဝယ်ယူခြင်းကြောင့် ရသောပစ္စည်း မဟုတ်မမှန် ရှာန်, မဂ်, ဖိုလ် ပြော၍ရသောပစ္စည်း၊ ဤပစ္စည်းအားလုံးသည် တစ်သာသနာလုံး မအပ်စဝေးစွာ ရှောင်ရှားအပ်၏။ ဤပစ္စည်းမျိုးဖြင့် ချီးမြှောက်သော သီတင်းသုံးဖော်ကို အပါယာနုဂ္ဂဟ မိတ်ဆွေဟု ဆိုသင့်

၏။ အပ–အယ–အနုဂ္ဂဟ– ချမ်းသာကင်းအောင် ချီးမြှောက်သူ၊ သတိပြုဖွယ်တည်း။ လူတို့၏ မိစ္ဆာဇီဝပစ္စည်းကား ရဟန်းတို့၌ မအပ်မည်သည်မရှိ။

## "ဆွမ်းမခံအပ်သော အိမ်ခြောက်အိမ်"

| | |
|---|---|
| ၁။ သေတင်းကုပ်၊ | ၄။ အပျိုကြီးအိမ်၊ |
| ၂။ ပြည့်တန်ဆာမအိမ်၊ | ၅။ ပဏ္ဍုက်အိမ်၊ |
| ၃။ မုဆိုးမအိမ်၊ | ၆။ ဘိက္ခုနီမကျောင်း၊ |

**ဆောင်**။ သုရာသောက်ထုပ်၊ သေတင်းကုပ်၊ ပဏ္ဍုက်၊ ဘိက္ခုမ။
ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။
ဤခြောက်အိမ်တွင်၊ အကျွမ်းဝင်၊ ဆွမ်းလျှင်မခံရ။

## "ဘောဇဉ်ငါးပါး"

၁။ ဩဒန – ထမင်း၊
၂။ သတ္တု – မုန့်လုံး၊
၃။ ကုမ္မာသ – မုယောမုန့်၊
၄။ မစ္ဆ – ငါး၊
၅။ မံသ – အမဲတို့တည်း။

**ဆောင်**။ ထမင်း, သား, ငါး၊ မုန့်နှစ်ပါး၊ ငါးပါးဘောဇဉ်ထုတ်။
သာမဏေများ မှတ်သားဖွယ်ပြီး၏။

## ထေယျသံဝါသကသုံးမျိုး

၁။ လိင်္ဂထေနက – ကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်း သာမဏေ အသွင်ယူသောသူ၊

၂။ သံဝါသထေနက – ရဟန်းဟုဝန်ခံ၍ ပေါင်းဖော်ခြင်း ခိုးသော သာမဏေ၊

၃။ ဥဘယထေနက – အသွင် ပေါင်းဖော်ခြင်း နှစ်ပါးလုံး ခိုးသောသူ၊

(ဤသုံးယောက်သည် ရှင်တု ရဟန်းတုများဖြစ်သည်။)

**အာပတ်, လိင်, ဒဏ်သင့်ကြောင်း ခြောက်ပါး**

၁။ အလဇ္ဇိတာ – အရှက်မရှိခြင်းကြောင့် လိင်ဒဏ်သင့်သည်၊

၂။ အညာဏတာ – မသိမိုက်မဲခြင်းကြောင့်၊

၃။ ကုက္ကုစ္စပကတတာ – အလိုလိုနှိပ်စက်ခြင်းကြောင့်၊

၄။ သတိသမ္မောသတာ – သတိမေ့လျော့ခြင်းကြောင့်၊

၅။ အကပ္ပိယေ ကပ္ပိယသညိတာ– မအပ်သည်၌ အပ်သည်ဟု ထင်ခြင်းကြောင့်၊

၆။ ကပ္ပိယ အကပ္ပိ သညိတာ – အပ်သည်၌ မအပ်ဟုထင်ခြင်းကြောင့်၊

**ဆောင်**။ မရှက်, မသိ, ကုက္ကုစ်နှင်, သတိမမြဲ,
ထင်လွဲနှစ်ပါး, ပေါင်းခြောက်ပါးသည်၊
ရှင်များလိင်ဒဏ်သင့်ကြောင်းတည်း။

## ရှင်ရာဟုလာဝတ္ထု

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပါသည်။ ရာဇဂြိုဟ်ပြည်မှ အစဉ်အတိုင်း ဒေသစာရီကြွတော်မူရာ သက္ကတိုင်း ကပိလဝတ် နေပြည်တော်သို့ ရောက်တော်မူပါသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဆောက်လုပ်သော နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေထိုင်တော်မူပြီး နောက်တစ်နေ့ နံနက်အခါ သင်္ကန်းရုံပြီး သပိတ်သင်္ကန်း ယူတော်မူလျက် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဆွမ်းခံကြွတော်မူပါသည်။

နန်းတော်တွင်းခင်းထားအပ်သောနေရာ၌ သီတင်းသုံးထိုင်နေတော်မူစဉ် ရာဟုလာ၏ မယ်တော်ဖြစ်သော ယသော်ဓရာဒေဝီမိဖုရားသည် မိမိအဆောင်ခန်း၌နေလျက် ရာဟုလာကလေးကို မင်းသားများ ဝတ်ဆင်အပ်သော အဝတ်အစား တန်ဆာပလာများကို ဝတ်စားဆင်ရင် ပြင်ဆင်ဖြီးလိမ်းစေ၍ အခန်းပြတင်းပေါက်မှ လိုက်ကာကလေးကို အသာအယာ မပွင့်တပွင့်လေးဖွင့်ပြီး သားတော်ရာဟုလာလေးကိုခေါ်၍ နန်းတွင်းတွင်း ခင်းထားအပ်သော ပလ္လင်ပေါ်၌ သီတင်းသုံးနေထိုင်တော်မူသော ဘုရားရှင်ကို လက်ညှိုးညွှန်ပြကာ အသံကလေး တိုးတိုး တိုးတိုးဖြင့် သင်ကြားပြောပြနေပေသည်။

ချစ်သားရာဟုလာ ဟိုမှာကြည့်စမ်းပါ၊ ရဟန်းအပေါင်းနှစ်သောင်းခြံရံလျက် ရွှေအဆင်းကဲ့သို့သော လှပတင့်တယ်ဝါဝင်းသော အဆင်းရှိတော်မူသော၊ ဗြဟ္မာမင်းကြီး၏ အလုံးအရပ် ပုံပန်းသဏ္ဌာန်နှင့် တူတော်မူသော၊ ပလ္လင်ပေါ်မှာ သီတင်းသုံးထိုင်

နေတော်မူသော ရဟန်းကြီးကို ချစ်သား မြင်တယ်မဟုတ်လား၊ အဲဒါ အခြားသူ မဟုတ်ဘူး၊ သင့်ရဲ့ဖခင် သိဒ္ဓတ္ထမင်းသား ဖြစ်တယ်၊ သင့်ရဲ့ဖခင်ကြီးမှာ သုံးမကုန်နိုင်လောက်အောင် ကြီးမြတ်လှစွာသော ရွှေအိုးကြီး လေးလုံး ရှိတယ်၊ အဲဒီ ရွှေအိုးကြီးလေးလုံးဟာ တောထွက်သွားသောအချိန်မှစ၍ မတွေ့မြင်ရတော့ဘူး၊ ငါ့သား စကြာဝတေးမင်း ဖြစ်တဲ့အခါ သုံးဆောင်ဖို့ရန်အတွက် အမွေသွားပြီးတောင်းချေဟု သင်ကြားပြောပြပြီး ခုနစ်နှစ်သား အရွယ် လှပတင့်တယ်စွာ တန်ဆာဆင်ပေးထားသော ရာဟုလာကလေးကို အခန်းထဲမှာ ဘုရားရှင်ထံသို့ လွှတ်လိုက်လေသည်။

ရာဟုလာလေးသည် ယသော်ဓရာ၏ တိုက်ခန်းမှ နန်းတွင်းသူ နန်းတွင်းသား ကလေးသူငယ်များ၏ သွားလာခြင်းမျိုးဖြင့် နူးညံ့သိမ်မွေ့ သာယာကြည်နူး ရှုချင်စဖွယ် တင့်တယ်လှပစွာ မင်းညီမင်းသား ပရိသတ်များအလယ်မှ တဖြည်းဖြည်း ဘုရားရှင်၏အထံသို့ ချဉ်းကပ်သွားလေသည်။ ယသော်ဓရာဒေဝီ မိဖုရားကလည်း ခြသေ့ံခံသော ပြတင်းပေါက်မှ ရှာခြည်လိုက်ကာကလေး မပွင့်တပွင့်ဖွင့်ကာ ရာဟုလာကလေး၏ အမူအရာဟန်ပန်ကို အကဲခတ်ကြည့်ရှုနေလေသည်။

ရာဟုလာလေးသည် ဖခင်ဟူသော ချစ်မြတ်နိုးခြင်းဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိမူ၍ တင်ပလ္လင်ခွေထိုင်နေသော ဘုရားရှင်၏ ဒူးလေးကိုကိုင်ကာ ဘုရားရှင်၏မျက်နှာတော်ကို မော့ကြည့်လျက် ရွှင်လန်းဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ .... ရဟန်းကြီး၊ ရဟန်းကြီး၏အရိပ်ကို ခိုကိုးရတာ အလွန်ကိုချမ်းသာအေးမြခြင်း ရှိလှပါတယ်ဘုရား အစရှိသည်ဖြင့် ကြာမြင့်စွာခွဲခွာ

ပြီးနေခဲ့ရသော ဖခင်ကြီးကို ပြန်တွေ့လိုက်သောအခါ ကလေး တို့၏ ဘာသာဘာဝ တီတီတာတာ ကန္တ့ကလျ သနားကြင်နာ ဖွယ်ရာ ချွဲချွဲနွဲ့နွဲ့ ပြောလိုရာများ ပြောပြလျှောက်ထားနေဟန် တူပါသည်။

ဤကဲ့သို့ ရာဟုလာလေး ပြောဆိုနေစဉ် ဘုရားရှင်သည် ပရိသတ်များအား အနုမောဒနာတရား ဟောကြားပြီးသဖြင့် နေရာမှထကာ ကျောင်းတော်သို့ပြန်ကြွတော်မူလေသည်။ ရာဟုလာ မင်းသားကလေးသည် သင်္ကန်းတော်ကိုဆွဲကာ ....ရဟန်းကြီး အမွေ ပေးပါ ....ရဟန်းကြီး အမွေပေးပါဟု တတွတ်တွတ် အမွေတောင်း ရင်း နိဂြောဓာရုံကျောင်းတော်အရောက် လိုက်ပါသွားလေတော့ သည်။ ထိုအခါ မြတ်စွာဘုရား အကြံဖြစ်တော်မူသည်မှာ သား တော် ရာဟုလာလေးသည် ငါ့နောက် တကောက်ကောက်လိုက်၍ လောကီအမွေ တောင်းနေပေသည်၊ လောကီအမွေသည် စိုးရိမ်မှု ပူဆွေးမှုတို့နှင့် မကင်းရကား သံသရာဝဋ်ဒုက္ခမှ ထွက်မြောက် ကြောင်း မဟုတ်ပေ။

သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်သော ဗောဓိ ဗဏ္ဍိုင်၌ ငါကိုယ်တိုင် ရရှိခဲ့သော အရိယာတို့၏ ဥစ္စာခုနစ်ပါး တည်းဟူသော လောကုတ္တရာအမွေကို ပေးတော့အံ့ဟု အရှင်သာရိ ပုတ္တရာကို ခေါ်တော်မူလျက် ချစ်သား သာရိပုတ္တရာ၊ ရာဟုလာ လေးကို ရှင်သာမဏေ ပြုပေးလိုက်ပေတော့ဟု မိန့်တော်မူလိုက် ပါသည်။

အရှင်သာရိပုတ္တရာ အရှင်မြတ်က ရာဟုလာလေးကို ဘယ် လိုအစီအစဉ်ဖြင့် ရှင်သာမဏေ ပြုပေးရမှာပါလဲဘုရားဟု လျှောက်

ထားသောအခါ မြတ်စွာဘုရားက ပထမဆုံး ရှေးဦးစွာ ဆံရိတ်ပေးလိုက်ပါ၊ ဒုတိယ သင်္ကန်းဝတ်လိုက်ပါ၊ တတိယအစီအစဉ်မှာ လက်ဝဲဘယ်ဘက်လက်၌ သင်္ကန်းကို စံပယ်တင် လက်ကန်တော့ထိုးစေလျက် ရဟန်းတို့ကို ရှိခိုးစေပြီး ဆောင့်ကြောင့်ထိုင်လက်အုပ်ချီ ရှိခိုးစေ၍ ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ စသည်ဖြင့် သရဏဂုံယူစေ၍ ရှင်ပြုပေးရမည်ဟု ရှင်သာမဏေပြုပုံ အစီအစဉ်ကို မိန့်တော်မူပါသည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင် ခွင့်ပြုတော်မူသော အစီအစဉ်တိုင်း ခုနစ်နှစ်သားအရွယ်သာရှိသေးသော ရာဟုလာမင်းသားကလေးကို မြတ်စွာဘုရား သာသနာတော်၌ သရဏဂုံသီလ ဆောက်တည်စေကာ လောကုတ္တရာအမွေဖြစ်သော ရှင်သာမဏေအဖြစ်ကို ရှေးဦးစွာ ပြုပေးတော်မူသဖြင့် သာမဏေအစ ရှင်ရာဟုလာက ပြောစမှတ်ပြုကြလေသည်။

ရာဟုလာ မင်းသားလေးကို ရှင်ပြုပေးခြင်းမှာ မြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်၍ သုဒ္ဓေါဒနမင်းကြီး ပင့်ဖိတ်ချက်အရ ကာဠုဒါယီရဟန္တာကြီး ဦးဆောင်ပြီး ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်း၏ နန်းတော်သို့ ကြွလာတော်မူ၍ ခုနစ်ရက်မြောက်သောနေ့မှာ ရှင်ပြုပေးလိုက်ခြင်း ဖြစ်သည်။ ရှင်ပြုပေးသောအခါမှာ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးကိုယ်တိုင် ဆံရိတ်၊ ကိုယ်တိုင်သင်္ကန်းဝတ်၊ ကိုယ်တိုင်သရဏဂုံပေး၍ အရှင်မဟာကဿပ အရှင်မြတ်ကြီးက ဩဝါဒါစရိယဖြစ်ပြီး အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက ဥပဇ္ဈာယ်ဆရာ ဖြစ်လေသည်။

မြတ်စွာဘုရားသခင်သည် သားတော် ရာဟုလာမင်းသား

လေးကို ထူးခြားမြင့်မြတ်သည့် လောကုတ္တရာအမွေကိုသာ ပေးခဲ့သည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ကလည်း ဘုရားရှင်၏ လောကုတ္တရာအမွေပေးနည်းကို အလွန်နှစ်သက် သဘောကျကြသဖြင့် မိမိတို့မှာ သားယောကျ်ားကလေးများ မွေးဖွားလာလျှင် ငါတို့သားကလေး အရွယ်ရောက်လာပါက သာသနာ့အမွေကို ခံယူရတော့မယ်ဟဲ့လို့ သားကလေး မွေးဖွားလာတဲ့အချိန်ကစပြီး ထိုက်ထိုက်တန်တန် ရှင်ပြုအလှူပွဲကြီး ပြုလုပ်ပေးနိုင်အောင် ကြီးစွာသော လုံ့လဝီရိယ ဉဿဟဖြင့် ပစ္စည်းဥစ္စာများ ရှာဖွေစုဆောင်းပြီး သားကလေးကို အရိပ်တကြည့်ကြည့်နဲ့ ပုဗ္ဗစေတနာများ တဖွားဖွားဖြစ်နေခဲ့ကြပေသည်။

သားလေး အချိန်အရွယ်ရောက်လို့ ရွာဦးကျောင်းဆရာတော်ဘုရား အပ်နှံလျှောက်ထားကာ ကောင်းမြတ်သောရက်များ ရွေးချယ်၍ မဏ္ဍာပ်ကနားများထိုးပြီး စည်စည်ကားကား ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် သားသားနားနား ပြင်ဆင်ကျင်းပ ကျွေးမွေးလှူဒါန်းကြလျက် ရည်ရွယ်မျှော်မှန်းထားသောအတိုင်း အဖက်ဖက်က လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ရှင်ပြုမင်္ဂလာ အလှူပွဲကြီး ဆင်နွှဲကျင်းပ ပြုလုပ်လိုက်ရပြီဆိုမှဖြင့် ရှင်ဒါယကာ ရှင်ဒါယိကာမများ၏ နှလုံးသားဝယ် အနှစ်သက်ဆုံး အမွန်မြတ်ဆုံး အမြတ်နိုးဆုံး အကျေနပ်ဆုံး အထူးခြားဆုံး ဂုဏ်အရှိဆုံး အားရဝမ်းမြောက်ဖွယ်အကောင်းဆုံးဟု ယူဆကြလျက် လူဖြစ်ရကျိုးနပ်ပြီဟု ဂုဏ်ယူကြုံးဝါးဝင့်ကြွားပြောဆိုကြလေသည်။

ရှင်ပြုပြီး၍ ဖလ်ဝါဆင်မြန်း မြတ်သင်္ကန်းကို ဝတ်ရုံလျက်

သပိတ်ကလေးပိုက်ကာ ဆွမ်းခံကြွလာသော သားတော်မောင်ကိုရင်ကလေးအား မြင်လိုက်ရလျှင် ငါတို့သားကလေး မွေးရကျိုးနပ်ပြီဟဲ့၊ ငါတို့ လိုချင်တောင့်တနေတဲ့ သာသနာ့အမွေခံအမွေစားလဲ ရပြီဟဲ့လို့ မိဘနှစ်ပါးလုံး တပြုံးပြုံးဖြင့် နှလုံးခွေရစ် အလွန်လည်း နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ကြရသည်။ ဤကဲ့သို့ ရှင်ရာဟုလာ လောကုတ္တရာ အမွေပေးပုံကို အတုယူကြ၍ ရှင်ပြုအလှူပွဲကြီးများ ထွန်းကားနေသရွေ့ ခုနစ်နှစ်သား အရွယ်ကပင် ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြသော ပဏ္ဍိတသာမဏေ၊ သုခသာမဏေ၊ သောပါကသာမဏေ စသော သာမဏေကျော်ကလေးများလည်း ထွန်းကားလာကြပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးလည်း နေလို လလို ထွန်းလင်းတောက်ပကာ စည်ပင်ပြန့်ပွားနေဦးမည်ဖြစ်သဖြင့် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့သည် သာသနာ့အမွေခံ ရှင်ပြုပွဲကြီးများကို သာသနာ့အကျိုးမျှော်ကိုး၍ ပြုလုပ်ကြရမည် ဖြစ်ပေသည်။

## "ရှင်ကျင့်ဝတ်အကျဉ်း"

၁။ သင်္ကန်းဝတ်ရုံရာ၌ ချက်ပေါ်အောင်၊ ဒူးပေါ်အောင် ကိုးရိုးကားရား မဝတ်ရ၊ ချက်ကိုဖုံး၍ ဒူးနှစ်ဖက်အောက် လက်ရှစ်သစ်မျှချ၍ အဝန်းသုံးပါးညီစွာ ဝတ်ရုံရမည်။

၂။ ရွာတွင်း မြို့တွင်းသွားရာ၌ လက်ကောက်ဝတ်လုံအောင် သင်္ကန်းကို ဝတ်ရုံသွားရမည်၊ ဒူးပေါ် ပေါင်ပေါ် ရင်ဘတ်ပေါ် ဗိုက်ပေါ်နှင့် မသွားရ။

၃။ လက်ခြေတို့ကို မဆော့ မကစားဘဲ ဣန္ဒြေရရနေရမည်၊ ဟိုဟိုဒီဒီ ငေးမော့မကြည့်ဘဲ လေးထောင့်ခန့်မျှ ကြည့်သွားရမည်၊ ခါး ခါးပန်းပေါ်အောင် သင်္ကန်းကိုပင့်မပြီး မသွားရ။

၄။ ကျယ်ကျယ်လောင်လောင် မရယ်ရ၊ စကားကျယ်ကျယ် မပြောရ၊ တိုးတိုးပြောရမည်၊ ကိုယ်လှုပ် လက်လှုပ် ဦးခေါင်းလှုပ်၍ မသွားရ မနေရ ဣန္ဒြေဖြင့် ငြိမ်သက်စွာနေရမည်။

၅။ ခါးမထောက်ရ၊ ဦးခေါင်းမခြုံရ၊ ခြေဖဝါးထောက် မသွားရ၊ ဒူးနှစ်ဖက်ထောင်၍ လက်ယှက်၍ မနေရ။

၆။ ဆွမ်းခံတဲ့အခါ ဆွမ်းစားတဲ့အခါမှာ မလေးမစား တောင်ကြည့်မြောက်ကြည့် စကားပြော၍ မစားချင်သလိုလို ငေးမော၍မစားရ။

၇။ ဆွမ်းကို အစဉ်အတိုင်း စားရမည်၊ အမဲသား ငါးများကို ဆွမ်းထဲ မြှုပ်ဖွက်မထားရ၊ မနာမဖျားဘဲ ဆွမ်းဟင်းများကို သူတစ်ပါးထံ တောင်းမစားရ။

၈။ ဆွမ်းလုပ်ကို ဥဒေါင်းဥလောက်လည်း မကြီးရ၊ ကြက်ဥလောက်လည်း မငယ်ရ၊ အလယ်အလတ် အဝန်းညီစွာ ပြုလုပ်၍ စားရမည်။

၉။ ဆွမ်းစားသောအခါ ပါးစပ်ကြီးဖြဲဟ မစားရ၊ ပါးစပ်ထဲ လက်ညှိုးလက်မ စသည် သွင်းမစားရ၊ ဆွမ်းလုပ်ကို မြှောက်၍မြှောက်၍လည်းကောင်း ဖြတ်၍လည်းကောင်း မစားရ။

၁၀။ မျောက်ကဲ့သို့ ပါးစောင်၌ထား၍ မလုပ်ပလောင်းမစားရ၊ လက်ကိုခါ၍ ဆွမ်းလုံးကိုကြဲ၍ လျှာကိုထုတ်၍ ပါးစပ်က ပြွတ်ပြွတ်ပြွတ် စပ်စပ်စပ် မည်အောင်မစားရ။

၁၁။ ဆွမ်းဟင်း မုန့်ဟင်းခါး ငရုတ်သီး စသည် သောက်စားသောအခါ ရှူးရှူးရှပ်ရှပ် ရှဲရှဲ အသံမည်အောင် မသောက်မစားရ။

၁၂။ လက်ကိုလျက်၍ သပိတ်ကို လက်နဲ့ခြစ်၍ နှုတ်ခမ်းကို လျှာနှင့်လျက်၍ မစားရ မစားကောင်း၊ ဆွမ်းဟင်းပေနေသောလက်ဖြင့် သောက်ရေခွက် မကိုင်ရ။

၁၃။ မနာမဖျားဘဲ ထီးကိုင်ထားသူ၊ တုတ်တောင်ဝှေး, ဓားလက်နက်, လေးလက်နက်ကိုင်ထားသူ၊ ခြေနင်းစီး,ယာဉ်စီးသူများ၊ ဦးခေါင်းပေါင်း, ဦးခေါင်းခြုံသောသူများ တရားမဟောရ၊ မိမိတို့ တရားနာလိုပါက ဤအချက်များ ရှောင်ကြဉ်ရမည်။

၁၄။ တရားဟောသူ ရဟန်းသာဏေက မြေ၌နေ၍ အခင်းနေရာ၌နေသူ၊ မြင့်သောနေရာ၌နေသူ၊ ထိုင်နေသောသူ၊ ကိုယ့်ရှေ့မှ သွားသူ၊ ခရီးဖြင့်သွားသူများ မဟောရ။

၁၅။ မနာမဖျားဘဲ မတ်တတ်ရပ်ပြီး ကျင်ကြီးကျင်ငယ် မစွန့်ရ၊ စိမ်းစိုသော မြက်သစ်ပင်ရှိရာ၌လည်းကောင်း၊ သုံးဆောင်ကောင်းသောရေ၌လည်းကောင်း ကျင်ကြီးကျင်ငယ် တံတွေး မစွန့်ရ။

## "သေခိယသိက္ခာပုဒ်များ"
## ထိန်းသိမ်းကြရန်

အထက်၌ဖော်ပြခဲ့သော ကျင့်ဝတ်များသည် ရဟန်းသာမဏေများ လိုက်နာဆင်ခြင် စောင့်ရှောက်ထိန်းသိမ်းရန် ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော်လာ သေခိယသိက္ခာပုဒ်များကို ဒုလ္လဘရှင်ရဟန်းများ အလွယ်တကူသိနိုင်စေရန် အကျဉ်းချုံး၍ မြန်မာလိုရေးသားထားခြင်း ဖြစ်ပေသည်။ ဤကျင့်ဝတ်နှင့်အညီ မနေထိုင်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၍ ရှင်သာမဏေအား အပြစ်ဒဏ်သင့်ပါသည်။ လောကပြစ် ဓမ္မပြစ် ကင်းစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်နေထိုင်ကြရပေမည်။

## "(စံဝတီရှင်ကျင့်ဝတ်မှ)"
## အပြစ်ဖြေ တောင်းပန်ပုံ

ရဟန်းများ အာပတ်သင့်က ဒေသနာကြားရသည်၊
ရှင်မသာဏေများ ဒဏ်သင့်က သဲဒဏ် ရေဒဏ် ထမ်းရသည်၊

### ကျမ်းဂန်လာ တောင်းပန်ကန်တော့ပုံ

အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗလံ ယထာမူဠှံ ယထာအကုသလံ ယွှာဟံ ဧဝ မကာသိံ၊ တဿ

မေ ဘန္တေ အယျော အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။

(ပါစိတ်၊ ဒသဟသေယျ၊ နှာ ၃၀)

ဘန္တေ၊ အရှင်ဘုရား။ ယထာဗလံ၊ မိုက်သည်အားအလျောက်။ ယထာမူဠှံ၊ တွေဝေသည်အလျောက်။ ယထာအကုသလံ၊ မလိမ္မာသည်အလျောက်။ မံ၊ တပည့်တော်သို့။ အစ္စယော၊ အပြစ်သည်။

အစ္စာဂမာ၊ လွမ်းမိုးရောက်ချေပြီ။ ဘန္တေ၊ အရှင်ဘုရား၊ ယွာဟံ၊ ယောအဟံ၊ အကြင်ဘုရား တပည့်တော်သည်။ ဧဝံ၊ ဤသို့။ အကာသိံ၊ ပြုမိပါပြီ။ ဘန္တေ၊ အရှင်ဘုရား။ အယျော၊ အရှင်ဘုရား သည်။ တဿမေ၊ ထိုဘုရားတပည့်တော်၏။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားလျော်စွာ (ဝါ) အပြစ်အားဖြင့်။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့်ရှောက်ခြင်းအကျိုးငှာ၊ ပဋိဂ္ဂဏှာတု၊ အနာမယူ ခွင့်လွှတ်သည်းခံတော်မူပါ ဘုရား။

ယတောစခေါ တွံ ဘဂိနိ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောသိ (တံ တေ မယံ ပဋိဂ္ဂဏှာမ)

ယတောစခေါ၊ အကြင်ကြောင့်လျှင်။ ဘဂိနိ၊ နှမ။ တွံ၊ သင်သည်။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့် (ဝါ) အပြစ်အားလျော်စွာ။ ဒိသွာ၊ မြင်၍။ ယထာဓမ္မံ၊ တရားအားလျော်စွာ (ဝါ) ဟုတ်တိုင်းမှန်စွာ။ ပဋိကရောသိ၊ ဝန်ခံ၏။

(တေ၊ သင်၏။ တံ၊ ထိုအပြစ်ကို။ မယံ၊ ငါတို့သည်။ ပဋိဂ္ဂဏှာမ၊ သည်းခံပါကုန်၏။)

## "မြန်မာလိုတောင်းပန်ပုံ"

မိုက်မဲတွေဝေ မသိမလိမ္မာသည့်အားလျော်စွာ ကိုယ်နှုတ်စိတ်သုံးပါး တစ်ပါးပါးဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် သနားသောအားဖြင့် ခွင့်လွှတ်သည်းခံပါရန် တောင်းပန်အပ်ပါသည် အရှင်ဘုရား (ခင်ဗျား)

ရဟန်းသံဃာ မိဘ ဆရာသမား သက်ကြီးရွယ်ကြီး အစ်ကိုအစ်မ သူငယ်ချင်း မိတ်ဆွေ စသော ကြီးငယ်မဟူ တစ်ဦးဦးအပေါ်၌ ပြစ်မှားခဲ့သည်ရှိသော် တောင်းပန်ရန်ဖြစ်သည်။

## "လုံးဝမစားကောင်းသော အသားကြီး (၁၀) ပါး"

၁။ လူသား၊ ဓာတ်တူခြင်းဖြစ်၍မစားအပ်(ထုလ္လစဉ်းအာပတ်သင့်)

၂။ ဆင်သား၊

၃။ မြင်းသား၊ မင်းအင်္ဂါဖြစ်၍ မစားအပ် (ဒုက္ကဋ်)

၄။ ခွေးသား၊

၅။ မြွေသား၊ ရွံရှာဖွယ်ဖြစ်၍ မစားအပ် (ဒုက္ကဋ်)

၆။ ခြင်္သေ့သား၊

၇။ ကျားသား၊

၈။ ကျားသစ်သား၊

၉။ ဝံသား၊

၁၀။ အောင်းသား၊ ဘေးရန်ဖြစ်တတ်၍ မစားအပ် (ဒုက္ကဋ်)

## "ပရိဘောဂ လေးပါး"

၁။ သီလမရှိဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ခိုးစားခြင်းနှင့်တူသောကြောင့် ထေယျပရိဘောဂ မည်၏။

၂။ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ချေးငှားစားသည်နှင့်တူသောကြောင့် ဣဏပရိဘောဂ မည်၏။

၃။ ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးဆောင်ခြင်းသည်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည်လည်းကောင်း အမွေခံအဖြစ်နှင့်တူသောကြောင့် ဒါယဇ္ဇပရိဘောဂ မည်၏။

၄။ ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် ပိုင်ရှင်နှင့်တူသောကြောင့် သာမိပရိဘောဂ မည်၏။

## "စင်ကြယ်ခြင်းသုဒ္ဓိ (၄) ပါး"

၁။ ပါတိမောက္ခသံဝရ သီလသည် ဒေသနာကြား၍ ကုစားခြင်း ဖြင့် စင်ကြယ်သောကြောင့် ဒေသနာသုဒ္ဓိ မည်၏။ သဒ္ဓါ ပြဓာန်း၏။ မိမိသီလဂုဏ်ကို ယုံကြည်လေးစားလုံ့ခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရသည်။

၂။ ဣန္ဒြိယသံဝရ သီလသည် စက္ခုန္ဒြေ စသည် စောင့်စည်းခြင်း ဖြင့် စင်ကြယ်သောကြောင့် သံဝရသုဒ္ဓိ မည်၏။ သတိပြဓာန်း ၏။ လောဘ စသော ကိလေသာမဖြစ်အောင် သတိဖြင့် ဆင်ခြင်ရသည်။

၃။ အာဇီဝပါရိသုဒ္ဓိ သီလသည် ရှာဖွေခြင်းဖြင့် စင်ကြယ်သော ကြောင့် ပရိယေဋ္ဌိသုဒ္ဓိ မည်၏။ ဝီရိယပြဓာန်း၏။ မအပ် သောနည်းဖြင့် မရှာမှီမူ၍ ဝီရိယဖြင့် ဆွမ်းခံစားရသည်။

၄။ ပစ္စယသန္နိဿိတ သီလသည် ဆင်ခြင်ခြင်းဖြင့် စင်ကြယ် သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိ မည်၏။ ပညာပြဓာန်း၏။ ပညာဖြင့် မဆင်ခြင်မူ၍ ဆွမ်း သင်္ကန်း ကျောင်း ဆေး သုံး ဆောင်လျှင် ကြွေးတင်ခြင်း ဣဏပရိဘောဂ ဖြစ်၏။ ဉာဏ်ပညာဖြင့် ဆင်ခြင်ရသည်။

## "ရှင်မပြုကောင်းသူ (၁၁) ယောက်"

၁။ ပဏ္ဍုက် - ဘာဝရုပ်ချို့သောပဏ္ဍုက်။

၂။ ထေယျသံဝါသ - အသွင် အပေါင်းအဖော်ခိုးသောသူ။

၃။ တိတ္ထိယပက္ကန္တက - တိတ္ထိအယူသို့ပြောင်းသွားသော ရဟန်း သာမဏေ။

၄။ တိရစ္ဆာန - တိရစ္ဆာန်။
၅။ မာတုဃာတက - အမိသတ်သူ။
၆။ ပိတုဃာတက - အဖသတ်သူ။
၇။ အရဟန္တဃာတက - ရဟန္တာသတ်သူ။
၈။ လောဟိတုပ္ပါဒက - ဘုရားသွေးစိမ်းတည်အောင်ပြုသောသူ။
၉။ သံဃဘေဒက - သံဃာသင်းခွဲသူ။
၁၀။ ဘိက္ခုနီ ဒူသက - ဘိက္ခုနီမကို ဖျက်ဆီးသောသူ။
၁၁။ ဉဘတောဗျဉ္ဇနက - နိမိတ်နှစ်ခုရှိသောသူ။

## "ထေယျသံဝါသက (၃) မျိုး"

၁။ လိင်္ဂထေနက - ကိုယ်တိုင်သင်္ကန်းဝတ်၍ ရဟန်း သာမဏေ အသွင်ယူသောသူ။
၂။ သံဝါသထေနက - ရဟန်းဟုဝန်ခံ၍ ပေါင်းဖော်ခြင်းခိုးသော သာမဏေ။
၃။ ဉဘယထေနက - အသွင် ပေါင်းဖော်ခြင်း နှစ်ပါးလုံး ခိုးသောသူ။

## "သံဃာရည်စူး၍ သတ်သော ဥဒ္ဒိဿမံသ ၃ ပါး"

၁။ သတ်သည်ကိုကိုယ်တိုင်မြင်သော ဒိဋ္ဌဥဒ္ဒိဿမံသ၊
၂။ ကြားသော - သုတဥဒ္ဒိဿမံသ၊
၃။ မိမိအတွက်ဟု ယုံမှားရှိသော ပရိသင်္ကိတဥဒ္ဒိဿမံသ၊ (သိလျှင်မစားကောင်း)

## မိုးညှင်းကဗျာမှ

၁။ ဒုက္ခဘုံတိုက် ကြုံကြိုက်ခုတိုင်၊
ကုသိုလ်ပုညာ၊ ရှာကြမြိုင်မြိုင်၊
တရားကြွယ်မှ၊ နယ်ကလွတ်နိုင်၊
သံဝေဂရှိကြ သက်ဆုံးတိုင်။

၂။ အလှူဒါန၊ လောကမကျိုင်၊
လိုအင်ဆန္ဒ၊ သူမှပြီးနိုင်၊
ရွှေငွေစိန်ကျောက်၊ ထိန်တောက်ဆုံပြိုင်၊
ထိုအလှူ၊ ပေးသူလက်ဝယ်ပိုင်။

၃။ လက်ဝယ်ပိုင်ထား၊ အများမဆိုင်၊
ဒီလိုစီးပွား၊ တအားမကျိုင်၊
မဂ္ဂင်ရထား၊ စီးသွားကိုယ်တိုင်၊
နိဗ္ဗာန်ပေါက်၊ တောက်လျှောက်ပေးစေနိုင်။

၄။ အသုဘကွဲ့၊ ရှုဟဲ့ကိုယ်ကောင်၊
သည်ရေချိုးလို့၊ ဟုတ်နိုးယောင်ယောင်၊
သည်ရေမချိုး၊ ပုပ်သိုးမပြောင်၊
ရေကိုချိုး၊ အားကိုးတရားဆောင်။

၅။ အသုဘရုပ်၊ ဒုက္ခဝေဒနာ၊
ညှီနံပုပ်သိုး၊ ရုပ်ဆိုးခန္ဓာ၊
ရေတစ်ခါချိုး၊ ကိုယ်ကျိုးပါပါ၊
ဒုက္ခပဲ၊ အမြဲရှုချိုးပါ။

၆။ အလှူရေစက်၊ လက်နှင့်မကွာ၊
စေတနာထက်၊ ဝေတက်သဒ္ဒါ၊
ပေးကမ်းစွန့်ကြဲ၊ လှူရဲသူမှာ၊
ဥစ္စာပေါ ကျော်စော လူနတ်ရွာ။

၇။ ကုသိုလ်ပုည၊ လောကမိတ်ဆွေ၊
အလှူဒါန၊ ပေးငှနိုင်စေ၊
ကုသိုလ်ရှင်များ၊ ရွှင်အားမောက်ဝေ၊
ဘုံအသင့် မျှော်လင့်ကြိုလို့နေ။

၈။ ကြိုလို့နေကြ၊ ဒေဝနတ်ပြည်၊
ရွှေအိမ်ရွှေနန်း၊ တင့်ဆန်းလို့ဝေ၊
သာဓကေထုတ်၊ အချုပ်မှတ်လေ၊
နန္ဒိယ ဟောပြဒို့စိတ္တေ၊

၉။ အိုသူတော်ကောင်း၊ အပေါင်းများစွာ၊
ကျောင်း, ကန်, ဇရပ်, ပြသာဒ်, ရှုမှာ၊
မီးသွေးအိုးမဲ့၊ ခြစ်ဆွဲအရာ၊
မပြုရန် တောင်းပန်လိုက်ရပါ။

၁၀။ အိုပညာရှိ၊ သင်၏ရုပ်သွင်၊
လှ, မလှမှု၊ ကြည့်ရှုစေချင်၊
အလှတိုး၍၊ ဂုဏ်မျိုးလိုလျှင်၊
ထုံး, မီးသွေး, ခြစ်ရေးရှောင်ဖို့ပင်။

## ဩကာသ ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။ ။

## သရဏဂုံ ငါးပါးသီလတောင်းခံပုံ ပါဠိ

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ဘုရားရှိခိုးပုံပါဠိ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) ခေါက်ဆိုလေ။

## သရဏဂုံ ဆောက်တည်ပုံပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံသရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
   ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
   ။ သံဃံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
   ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
   ။ သံဃံ သရဏံ ဂစ္ဆာမိ။ ။

## ငါးပါးသီလ ခံယူဆောက်တည်ပုံ ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

## ငါးပါးသီလအနက်

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ (ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား၊)
၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ။ (ပ)

၃။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ ဖောက်လွဲဖောက်ပြန် များယွင်းစွာကျင့်ခြင်းမှ။ (ပ)
၄။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကိုဆိုခြင်းမှ။ (ပ)
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏အကြောင်း ဖြစ်သော သေရည်သေရက်သောက်ခြင်းမှ။
(ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာ ပုဒ်ကို သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား။)

## သရဏဂုံရှစ်ပါးသီလတောင်းခံပုံပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ဘုရားရှိခိုးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) ခေါက်ဆိုလေ

## သရဏဂုံဆောက်တည်ပုံပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
။ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
။ သံဃံ သရဏံ ဂစ္ဆာမိ။

## ရှစ်ပါးသီလ ခံယူဆောက်တည်ပုံပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ရှစ်ပါးသီလအနက်

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။
(ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာ ပုဒ်ကို၊ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား၊)

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ။ (ပ)

၃။ အဗြဟ္မစရိယာ၊ မမြတ်သောအကျင့်မှ။ (ပ)

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကိုဆိုခြင်းမှ။ (ပ)

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏အကြောင်း ဖြစ်သော သေရည်သေရက်သောက်ခြင်းမှ။ (ပ)

၆။ ဝိကာလ ဘောဇနာ၊ နေ့လွဲညစာ စားခြင်းမှ။ (ပ)

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း သီဆိုခြင်း၊ တီးမှုတ်ခြင်း သာသနာတော်၏ ဆြောင့်တံကျင်သဖွယ် ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း နံ့သာအမွှေးအထုံတို့ဖြင့် တန်ဆာဆင်ခြင်း၊ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်းမှ။ (ပ)

၈။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သော နေရာတို့၌ နေထိုင်ခြင်းမှ။
(ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာ ပုဒ်ကို၊ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား၊)

## သရဏဂုံကိုးပါးသီလတောင်းခံပုံပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ဘုရားရှိခိုးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) ခေါက်ဆိုလေ

## သရဏဂုံဆောက်တည်ပုံပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
။ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
။ သံဃံ သရဏံ ဂစ္ဆာမိ။

## ကိုးပါးသီလ ခံယူဆောက်တည်ပုံပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရန္တံ သမာဒိယာမိ။

## ကိုးပါးသီလအနက်

၁။ ရှစ်ပါးသီလမှ အနက်နှင့်တူပြီ။

၂။ ။

၃။ ။

၄။ ။

၅။ ။

၆။ ။

၇။ ။

၈။ ။

၉။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွသော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ အလုံးစုံသော သတ္တဝါတို့ အပေါ်၌။ ဖရိတွာ၊ ပျံ့နှံ့၍။ ဝိဟရန်၊ နေခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ဘုရား။

## ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိ သော ဘဂဝါ

၁။ အရဟံ

၂။ သမ္မာသမ္ဗုဒ္ဓေါ

၃။ ဝိဇ္ဇာစရဏသမ္ပန္နော

၄။ သုဂတော

၅။ လောကဝိဒူ

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ

၇။ သတ္ထာဒေဝမနုဿာနံ

၈။ ဗုဒ္ဓေါ

၉။ ဘဂဝါ ။ ။

## ဘုရားဂုဏ်တော်ကိုးပါးအနက်

၁။ သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့လျှင် ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော အတုမရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ အရဟံ၊ အရဟံမည်တော်မူ၏။

၂။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၃။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် စရဏအပြား တဆယ့်ငါးတည့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ မကပ်ငြိပဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူသောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

၅။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် ကာမ ရူပ အရူပဟု လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

၆။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် ဇာတိမာန် ပုညမာန် ဂုဏမာန် ဗလမာန် ဣဒ္ဓိမာန် ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အင်္ဂုလိမာလ

သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲ ဘိသောကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

၇။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် လူ နတ် ဗြဟ္မာ သတ္တဝါအများ သောင်း ထိုက်သားတို့၏ ဝပ်တွားရှိပျောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသောကြောင့်လည်း သတ္တာဒေဝမနုဿာနံ၊ သတ္တာဒေဝမနုဿာနံ မည်တော်မူ၏။

၈။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ နတ် အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူ သောကြောင့်လည်း ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

၉။ သော ဘဂဝါ၊ .....သည်။

ဣတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ, ဉာဏ် တော်အနန္တ, တန်ခိုးတော်အနန္တ, ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမူကြောင့်လည်း ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တံ၊ ထိုအရဟံ အစ ဘဂဝါ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ အဟံ၊ ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါစိတ်ဖြော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချီလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ ဘုရား။

## တရားဂုဏ်တော် ခြောက်ပါး ပါဠိ

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော

၂။ သန္ဒိဋ္ဌိကော

၃။ အကာလိကော

၄။ ဧဟိ ပဿိကော

၅။ ဩပနေယျိကော

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## တရားဂုဏ်တော် ခြောက်ပါးအနက်

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်မြတ်ကို။ သွာက္ခာတော၊ စ လယ် အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်၏။

၂။ ဓမ္မာ၊ တရားတော်မြတ်သည် သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယ္ခုဘဝ ပစ္စက္ခဥ်ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူ၏။

၃။ အကာလိကော၊ ကာလမရွေး ကျင့်သည့်နေ့ပင်တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူ၏။

၄။ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

၅။ ဩပနေယျိကော၊ မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊ အသီးသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

တံ၊ ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗာ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါစိတ်ဖော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချိလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

**သံဃာ့ဂုဏ်တော် ကိုးပါး ပါဠိ**

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော
၅။ အာဟုနေယျော
၆။ ပါဟုနေယျော
၇။ ဒက္ခိဏေယျော
၈။ အဉ္ဇလိကရဏီယော
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃာ့ဂုဏ်တော် ကိုးပါး အနက်

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။
သာဝကသံဃော၊ သီလဝန် ဂုဏဝန် ပညဝန် ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၂။ ဘဂဝတော၊ .......၏။ သာဝကသံဃော .......သည်။ ဥဇုပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၃။ ဘဂဝတော၊ .......၏။ သာဝကသံဃော .......သည်။ ဉာယပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာ သုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော် မူ၏။

၄။ ဘဂဝတော၊ .......၏။ သာဝကသံဃော .......သည်။ သာမီစိပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော် မူ၏။

ယဒိဒံ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် လေးပါးသော ယောကျ်ားမြတ်အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ- ယေဣမေ အဋ္ဌပုရိသပုဂ္ဂလာ - အကြင်ရှစ်ပါးသော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။
ဧသ ဧသော သာဝကသံဃော၊ ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ အာဟုနေယျော၊ လက်ဆောင်

အလို့ငှာ ယူ၍လာသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၆။ ပါဟုနေယျော၊ အာဂန္တုအား ရည်၍ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၇။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သောအလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၈။ အဉ္ဇလိ ကရဏီယော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံတော်မူ၏။

၉။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိမြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏။

တံ၊ ထိုသုပ္ပဋိပန္န အစ ပုညက္ခေတ္တ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါစိတ်ဖော အာရုံပြော၍ မနော ဝစီ ကာယညီလျက် ဦးချိလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏။

## သမ္ဗုဒ္ဓေ ဘုရားရှိခိုး ဂါထာတော်

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန န မာမဟံ၊
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော၊

### အနက်

အဋ္ဌဝီသ၊ သုံးပါးဘဝ သုံးလောကဌ် ဉာဏ်ရောင်ဖိတ် အောင်ဘိသိတ်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။
သမ္ဗုဒ္ဓေ၊ တန်ဆောင်ဝမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။
ဒွါဒသဉ္စ သဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်း သည့် တစ်သောင်းနှစ်ထောင်ကုန်သော။
သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိ တို့ကိုလည်းကောင်း။
ပဉ္စသတ သဟဿာနိ၊ သောင်းထိုက်စကြဝဠာ ဂုဏ်ဝါကျော် ဟိန်း ငါးမာန်ငြိမ်းသည့် ငါးသိန်းအရေအတွက်ရှိကုန်သော။
သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာဝင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။
အဟံ၊ ခန္ဓာ နာမ် ရုပ် အကျွန်ုပ်သည်။
သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။
နမာမိ၊ ညွတ်ပြောင်းသီလ ဓောဖြူစွဖြင့် ကြည်စွသဒ္ဓါ။
ရှိခိုးပါ၏ အရှင်ဘုရား။

ဝါဠုကာဂင်္ဂါ၊ အေးမြကြည်လင် တသွင်သွင်ဖြင့် ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်။

အပ္ပကာ၊ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူ မြတ်ဘုန်းလူတို့နှင့် မတူခြားနား သင်္ချာအားဖြင့် လွန်စွာနည်းပါး လှကုန်၏။

နိဗ္ဗုတာ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူကြလေကုန်ပြီးသော။

ဇိနာ၊ ငါးပါးမှတ်ခြွေ ရန်မိုလ်ခြေကို လေးထွေထက်မြက် အရဟတ္တမဂ်ဖြင့် ပယ်ဖျက်ခုတ်ထွင် ဗုဒ္ဓကုံလောင်း အရှင်ကောင်း တို့သည်။

အနန္တာ၊ မည်၍မည်မျှ ဂဏန်းချ၍ မှန်းဆတိတိ ပိုင်းခြားမှတ် သားခြင်းငှာ မတတ်နိုင်အောင် လွန်စွာများပြားလှကုန်၏။

တေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူ စွန်းဖြူတွက်ကိန်း ငါးသိန်းအပေါင်း တစ်သောင်းနှစ်ထောင် နှစ်ပြည်ထောင်နေ ငါးမှတ်ခြွေသည်၊ လူဆွေထွတ်ထား မြတ်ဘုရားတို့၏။

ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါး သော တရားတော်မြတ်ကိုလည်းကောင်း။

သံဃဉ္စ၊ မဂ္ဂဋ္ဌာန်လေးပါး ဖလဋ္ဌာန်လေးပါး တရားသုခ အမြိုက် ရသည့် ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ်မြတ် အပေါင်းကိုလည်း ကောင်း။

အဟံ၊ ငါးပါးခန္ဓာ ဒွတ္တိံသာကို ကောင်းစွာသမုတ် အကျွန်ုပ်သည်။

သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။

နမာမိ၊ ညွှန့်ပြောင်းသီသ ဓောဖြူစွဖြင့် ကြည်စွသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

နမက္ကာရာနုဘာဝေန၊ သဒ္ဒါမြတ်နိုး ရွှင်ဖြိုးစေတနာ ရှိသေစွာသောစိတ်ဖြင့် ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်။
သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။
ဥပဒ္ဒဝေ၊ ရေ မီး စောဒနာဖျား စသည့် သောင်းသဥပါဒ် နှိပ်စက်တတ်သည်တို့ကို။
ဟိတွာ၊ ကုသိုလ်သမ္မာ စေတနာဖြင့် ပယ်ခွာဖျောက်လွှင့်ပြီး၍။
အနေက အန္တရာယာပိ၊ တစ်ပါးမက များလှရေတွက် မနှစ်သက်စဖွယ် အန္တရာယ်အပေါင်း မကောင်းသမျှ ပြစ်ဒေါသနှင့်ရောဂါဘေးဒဏ် ရန်မာန်အပေါင်းတို့သည်။
အသေသတော-အသေသေန၊ ကြာဖက်ပေါ်တွင် ရေပေါက်တင်လည်း စက်ရှင်ထွန်းတောက် နေရောင်ကျောက်က တစ်ပေါက်မကြွင်း လျှောကျဆင်းသို့ ၊အကြွင်းအကျန်မရှိသောအားဖြင့်။
ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက် မရောက်သည်သာ ဖြစ်ပါစေကုန်သတည်း။ ။

## ဆွမ်းတော်ကပ်

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏဂန္ဓရသ သမ္ပန္နံ၊ အဆင်း အနံ့အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ၊ ဤဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာကို။ သက္ကစ္စံ၊ ရိုရိုသေသေ။

ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ ။

## ပန်းတော်ကပ်

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္တာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏဂန္ဓ သမ္ပန္နံ၊ အဆင်း အနံ့နှင့် ပြည့်စုံသော။ ဣမံ ပုပ္ဖံ၊ ဤပန်းကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ ။

## ရေတော်ကပ်

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္တာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား။ သုဒ္ဓ သီတလ သမ္ပန္နံ၊ သန့်ရှင်းအေးမြကြည်လင်သော။ ဣမံ ပါနီယ ပရိဘောဇနီယံ၊ ဤသောက်တော်ရေ သုံးဆောင်တော်ရေကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ ။

## ဆိမ်းတော်ကပ်

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သဗ္ဗညုတာနာဝရဏာဉာဏောဟိ၊ သဗ္ဗညုတဉာဏ် အနာဝရဏာဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသောလောကဌ်။ အဝိဇ္ဇာ အန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍။ ဇလံ-ဇလန္တော၊ ထွန်းလင်းတောက်ပတော်မူစေနိုင်သော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂ စေတီတော်မြတ်အား။ ပဘာဝဏ္ဏောဟိ၊ အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဓာလံ၊ ဤဆီမီးလျှံကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ ။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမသီသည် ရွှေပြည်ထုတ်ချောက် လမ်းမကောက်ဘဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလဲ ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်းမကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗဏ္ဏုဆ္ဆာ မင်္ဂလာကို ရွယ်ကာ တတိုင်းရစေသောဝ်။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ ဆွေသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှဥဿုံ ဘုံသုံးဆယ့်တစ် ရှိရှိ (ဖြစ်ဖြစ်) သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓု ခေါ်စေသောဝ်။ ။

## ပစ္စယုဒ္ဒေသ ပါဠိတော်

ဟေတု ပစ္စယော၊
အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော၊
အနန္တရ ပစ္စယော၊
သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော၊
အညမည ပစ္စယော၊
နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော၊
ပုရေဇာတ ပစ္စယော၊
ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော၊
ကမ္မ ပစ္စယော၊
ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော၊
ဣန္ဒြိယ ပစ္စယော၊
ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော၊
သမ္ပယုတ္တ ပစ္စယော၊
ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော၊
နတ္ထိ ပစ္စယော၊
ဝိဂတ ပစ္စယော၊
အဝိဂတ ပစ္စယောတိ။ ။

# ဓာရဏပရိတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု၊

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတောအပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ သဗ္ဗံဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓ ဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေဟိ အဋ္ဌာသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ

အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ၊ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေန လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယဝိကော၊ န ဧကာဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

၈။ တံ ဓာရဏ ပရိတ္တံ ယထာ ကတမေ၊ ဇာလော မဟာဇာလော၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပဂ္ဂေ မဟာပဂ္ဂေ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူတင်္ဂမိ တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓ ကောဋီဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရက္ခေ မဟာယောရက္ခေ၊ ဘူတင်္ဂမိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓ ကောဋီဟိ ဘာသိတံ၊ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ၊ ရောဂိလာ ခရလာ ဒုဗ္ဘိလာ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ။ ။

# ဒေသနာကြားပုံ

အငယ်။ ။ အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

အကြီး။ ။ သာဓု အာဝုသော သာဓု သာဓု။

အငယ်။ ။ အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

အကြီး။ ။ ပဿသိ အာဝုသော တာ အာပတ္တိယော။

အငယ်။ ။ အာမ ဘန္တေ ပဿာမိ။

အကြီး။ ။ အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်။ ။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

အကြီး။ ။ သာဓု အာဝုသော သာဓု သာဓု
အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော
အာဝိကရောမိ။

အငယ်။ ။ သာဓု ဘန္တေ သာဓု သာဓု။

အကြီး။ ။ အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

အငယ်။ ။ ပဿထ ဘန္တေ တာ အာပတ္တိယော။

အကြီး။ ။ အာမ အာဝုသော ပဿာမိ။

အငယ်။ ။ အာယတိံ ဘန္တေ သံဝရေယျာထ။

အကြီး။ ။ သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

အငယ်။ ။ သာဓု ဘန္တေ သာဓု သာဓု၊
အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ

သဗ္ဗာ အာပတ္တိယော အာပန္နော၊ တာ တုမှမူလေ ပဋိဒေသေမိ။

အကြီး။ ။ ပဿသိ အာဝုသော တာ အာပတ္တိယော။

အငယ်။ ။ အာမ ဘန္တေ ပဿာမိ။

အကြီး။ ။ အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်။ ။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

အကြီး။ ။ သာဓု အာဝုသော သာဓု သာဓု။ ။ ။

## "ဂေါတမ ဗုဒ္ဓဝင်အကျဉ်း"

ဂေါတမဘုရားအလောင်းသည် လွန်လေပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတုန်းက သုမေဓာရှင်ရသေ့ဖြစ်၍ ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်း၌ ဘုရားဆုကို ပန်တော်မူခဲ့ပြီး ဤဘဒ္ဒကမ္ဘာ၌ ဝေဿန္တရာမင်းကြီး ဖြစ်လာခဲ့လေသည်။ ဝေဿန္တရာဘဝမှ စုတေ၍ တုသိတာနတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သား ဖြစ်လေသည်။ ထိုသေတကေတု နတ်သားအား တစ်သောင်းသော စကြဝဠာတိုက်မှ နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးကြ၍ လူ့ပြည်၌ ဘုရားဖြစ်ရန် တိုက်တွန်းတောင်းပန်ကြလေသည်။

ထိုသို့တောင်းပန်ကြသောကြောင့် ကြည့်ခြင်းငါးပါး ကြည့်တော်မူပြီး ဝန်ခံကတိပြုကာ မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ဝယ် ကပိလဝတ်ပြည် မဟာသုဒ္ဓေါဒန မင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မယ်တော် မဟာမာယာဒေဝီ မိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေတည်နေတော်မူသည်။

## ဖွားမြင်

ဆယ်လပြည့်သဖြင့် ဒေဝဒဟပြည်သို့ သွားလိုသော အာသာဆန္ဒ ပြင်းပြလှသောကြောင့် ခြွေရံမှူးမတ် မောင်းမမိဿံ အခြံအရံ ပရိသတ်အပေါင်းနှင့် ဒေဝဒဟပြည်သို့သွားရာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီ အင်ကြင်းဥယျာဉ်တော်သို့အရောက်တွင် ကမ္ဘဇလေလုပ်၍ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းခက်ကို လက်တစ်ဖက်ဖြင့် ကိုင်နေစဉ်မှာပင် ဘုရားအလောင်း ဖွားမြင်တော်မူလေသည်။

### စကားသုံးခွန်း ကျူးရင့်ပုံ

နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားအလောင်းအား ပူဇော်ကြလေသည်။ ဘုရားအလောင်းသည် ဖွားမြင်တော်မူပြီးသည်နှင့် တစ်ပြိုင်နက် မတ်တတ်ရပ်ခါ အရပ်ဆယ်မျက်နှာသို့ကြည့်လျက် အောက်ပါစကားသုံးခွန်းကို ကျူးရင့်တော်မူလေသည်။

(၁) အဂ္ဂေါဟမသ္မိ လောကဿ၊ ငါသည် လောကတွင် အဦးဆုံးဖြစ်၏၊

(၂) ဇေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည် လောကတွင် အကြီးအကဲဆုံးဖြစ်၏၊

(၃) သေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည် လောကတွင် အမြတ်ဆုံးဖြစ်၏၊

ဘုရားအလောင်း ဖွားမြင်ပြီးနောက် မယ်တော်မာယာသည် ဒေဝဒဟပြည်သို့ ဆက်မသွားတော့ဘဲ အခြံအရံနှင့်တကွ ကပိလဝတ် နေပြည်တော်သို့ ပြန်လာခဲ့လေတော့သည်။ ဘုရားအလောင်းဖွားမြင်၍ ခုနစ်ရက်မြောက်သောအခါ ဘုရားအလောင်း

မယ်တော်တို့၏ အစဉ်အလာ ဓမ္မတာအရ မယ်တော်မာယာသည် နတ်ရွာစံလေသည်။ နတ်ရွာစံပြီး နတ်ပြည်၌ သန္တုသိတနတ်သား ဖြစ်လေသည်။

ဖွားမြင်ပြီး ငါးရက်မြောက်နေ့၌ လက္ခဏာဗေဒင် တတ်သိကျွမ်းကျင်သော ပုဏ္ဏားကြီးများက ဘုရားလောင်း၏ လက္ခဏာကို ကြည့်ရှုကြပြီး လောက၌ စကြဝတေးမင်းသော်လည်းကောင်း၊ ဘုရားသော်လည်းကောင်း ဖြစ်လိမ့်မည်။ သတ္တဝါတို့၏ အကျိုးစီးပွား ဆန္ဒများကို ပြီးစီးစေနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သည်ဟု ဟောကြားကြသောကြောင့် သိဒ္ဓတ္ထမင်းသားလေးဟု မှည့်ခေါ်ကြလေသည်။

မယ်တော်မာယာ နတ်ရွာစံပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် မယ်တော်မာယာ၏ ညီမဖြစ်သော မဟာပဇာပတိဂေါတမီကို မိဖုရားမြှောက်၍ သိဒ္ဓတ္ထမင်းသားလေးကို မိထွေးတော်ဂေါတမီက (၇) ရက်သားအရွယ်မှစ၍ နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရလေသည်။

သိဒ္ဓတ္ထမင်းသားလေး အသက် (၁၆) နှစ်ရှိသောအခါ မင်းသားတို့ တတ်သင့်သော အတတ်ပညာများ တတ်မြောက်အောင်မြင်ပြီးဖြစ်သဖြင့် သုဒ္ဓေါဒနမင်းကြီးက စကြဝတေးမင်းဖြစ်စေလိုသောဆန္ဒရှိသောကြောင့် ဆောင်း နွေ မိုး ရာသီအလိုက် စံမြန်းနိုင်သော အလွန်ခမ်းနားထည်ဝါလှသော ရမ္မ သုဘ, သုရမ္မ ဟူသော နန်းမသုံးဆောင်ကို စီမံဆောက်လုပ်စေ၍ သိဒ္ဓတ္ထမင်းသားလေးအား တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် အပ်နှံခဲ့လေသည်။

သိဒ္ဓတ္ထမင်းသားလေး မင်းဖြစ်လာသောအခါ ကြင်ယာတော် အဖြစ် အသက်အရွယ်တူ မယ်တော်မာယာ၏ မောင်အရင်းဖြစ်သော ဒေဝဒဟပြည်ကြီးအရှင် ဘုရင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် "ယသော်ဓရာ ဗိမ္ဗာဒေဝီ" မင်းသမီးလေးနှင့် ထိမ်းမြားလက်ထပ်ပြီး မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ကာ (၁၃) နှစ်တိုင်တိုင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ ထီးနန်းစည်းစိမ်ကို ခံစား စံစား တော်မူလေသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် (၁၃) နှစ် တိုင်တိုင် မဟာသမ္မတမင်းမှစ၍ မင်းဆက်တကာ မစံရဘူးသေးသော နတ်၏စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို ခံစားတော်မူလျက် လေးလတစ်ကြိမ် အခြံအရံများစွာဖြင့် ဥယျာဉ်တော်သို့ ကစားထွက်ရာ နတ်တို့သည် ဖန်ဆင်း၍ပြအပ်သော သူအို, သူနာ, သူသေ, ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါး မြင်သဖြင့် ငါလည်း တစ်နေ့ ဤကဲ့သို့ အိုရ, နာရ, သေရ လိမ့်ဦးမည်ဟု တုန်လှုပ်ထိတ်လန့်သော သံဝေဂဉာဏ် ထင်မြင်လာသဖြင့် ပျော်ရွှင်မှုမရှိတော့ဘဲ နန်းစည်းစိမ်တွေအပေါ် ငြီးငွေ့လာလေတော့သည်။

အိုမှု, နာမှု, သေမှု ဒုက္ခအစုစုတို့မှ ကင်းလွတ်လိုသော သူတို့သည် ရဟန်းပြု၍ တရားရှာမှသာလျှင် ရရှိနိုင်ကြောင်း ရထားထိန်း လျှောက်တင်သောစကားကို နှလုံးသားဝယ် စွဲမြဲ ယုံကြည် ဆင်ခြင်စဉ်းစားပြီး ယနေ့ပင်လျှင် ရဟန်းပြု၍ တောထွက်တော့အံ့ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။ ထိုနေ့မှာပင် ယသော်ဓရာ မိဖုရားမှာ သားတော်လေး ဖွားမြင်ကြောင်း အမတ်

ကြီးများက သံတော်ဦးတင်လာသဖြင့် အင်း အနှောင်အဖွဲ့တစ်ခု တိုးလာပြီ၊ ရာဟုဂြိုဟ်သည် လကိုဖမ်းသကဲ့သို့ တောမထွက်နိုင်အောင် ငါ့ကို "ဖမ်းမည့်သားတော်ပဲ" ဟု ညည်းတွားတော်မူလိုက်သောကြောင့် သားတော်ကလေးကို "ရာဟုလာ" ဟု နာမည်မှည့်ခေါ်ကြလေသည်။

ဘုရားအလောင်းသည် သန်းခေါင်ယံအချိန် စက်တော်ခေါ်ရာမှနိုး၍ နန်းတော်ပေါ်၌ သိဆိုတီးမှုတ် ကခုန်ဖျော်ဖြေကြသော အခြံအရံ မောင်းမအပေါင်းတို့ တချို့က ဒူးပေါ် ပေါင်ပေါ်၊ တချို့က ပါးစပ်မှ အာပုတ်ရေများစီးကျ၊ တချို့က ပါးစပ်ဟောင်းလောင်း၊ တချို့က လျှာကြီးထွက်၊ တချို့က တခေါခေါနှင့် ဟောက်၊ တချို့က ဆံပင်ဖိုးရိုးဖားရား မဖွယ်မရာ မြင်မကောင်းအောင် လူးလည်ယောင်ယမ်းလျက် သချိုင်းကုန်းမှ သူသေကောင်များသဖွယ် စက်ဆုတ်ရွံရှာဖွယ် မြင်ကွင်းများ တွေ့မြင်ရသဖြင့်–

ဆန္နအမတ်ကိုနှိုးခါ ကဏ္ဍကမြင်းတော်ကို အသင့်ပြင်ဆင်ခိုင်းပြီး တောထွက်ခါနီး သားတော်ရာဟုလာလေးကို ရှုစားတော်မူလို၍ ယသော်ဓရာ အဆောင်သို့သွားရာ ယသော်ဓရာသည် သားတော်လေးကို ယုယပိုက်ထွေး ပွေ့ဖက်အိပ်ပျော်နေသည်ကို တွေ့မြင်ရသောအခါ သားတော်လေးကို ပွေ့ယူပိုက်ထွေးလိုသော ဆန္ဒရှိသော်လည်း ယသော်ဓရာနိုးသွားလျှင် တောထွက်မှုတွင် အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ဆန္နအမတ်ကို ခေါ်တော်မူပြီး အဆင်သင့် မင်္ဂလာရှိသော ကကြိုးတန်ဆာများ ပြင်ဆင်ထားသော ကဏ္ဍကမြင်းတော်ကိုစီးလျက် သက်တော် (၂၉) နှစ်အရောက် မဟာသက္ကရာဇ် (၉၇) ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူလေသည်။

မြို့တံခါးအပြင်ဘက် ရောက်သောအခါ မာရ်နတ်သားသည် ကောင်းကင်၌ရပ်လျက် အသင်သိဒ္ဓတ္ထမင်းသား ဤနေ့မှ ခုနစ်ရက်ကြာလျှင် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ပါလိမ့်မည်၊ တောမထွက်ပါလင့်ဟု တားမြစ်သော်လည်း ငါသည် စကြဝတေးမင်း၏စည်းစိမ်ကို အလိုမရှိ၊ ဘုရားအဖြစ်ကို အလိုရှိသည်ဟု ငြင်းဆန်ပြောဆိုကာ ဆက်လက်တောထွက်တော်မူလာလျှင် ဘုရားဖြစ်တော်မူရန် စောင့်မျှော်ငံ့လင့်နေကြသော နတ်ဗြဟ္မာအပေါင်းတို့က လွန်စွာအားရ ပျော်ရွှင်ကြပြီး လှပတင့်တယ်သော နတ်တို့ဖန်ဆင်းအပ်သော ဆီမီးရောင်စုံများ ညှိထွန်းကိုင်ဆောင်ကြကုန်လျက် ပန်းနံ့သာမျိုးတို့ဖြင့် ခင်းကျင်းကြဲဖြန့်ခါ နတ်တူရိယာတို့ကို တီးမှုတ်ကျူးရင့် ကြိုဆိုကြရင်း ဝန်းရံလိုက်ပါလာကြလေသည်။

ဘုရားအလောင်းတော်သည် နံနက်မိုးလင်းသောအခါ အနော်မာမြစ် တစ်ဖက်ကမ်းသို့ရောက်လျှင်– ငါသည် ဘုရားစင်စစ် ဧကံဖြစ်မည်မှန်ပါက ဤဆံထုံးသည် ကောင်းကင်သို့ တက်ပါစေသတည်းဟု အဓိဋ္ဌာန်၍ ဆံထုံးကိုကိုင်၍ သံလျက်ခါးဖြင့်ဖြတ်ပြီး ကောင်းကင်သို့ မြှောက်ပစ်လိုက်သောအခါ ကောင်းကင်သို့တက်သွားလျှင် သိကြားမင်းသည် ရတနာပန်းကလာပ်ဖြင့် ခံယူခါ တာဝတိံသာနတ်ပြည်၌ "စူဠာမဏိစေတီ" တည်၍ ကိုးကွယ်ထားလေသည်။

ထို့နောက် ဃဋိကာရ ဗြဟ္မာမင်း လှူဒါန်းသော သပိတ်သင်္ကန်းများကို ဝတ်ရုံတော်မူလျက် ဝတ်လဲတော်များကို ဃဋိကာရ ဗြဟ္မာမင်း ယူသွား၍ ဗြဟ္မာပြည်၌ "ဒုဿစေတီ" **တည်**ထား

ကိုးကွယ်လေသည်။ ဆန္ဒအမတ်ကိုလည်း ဆွေတော်မျိုးတော်တို့ သတင်းကြားရန် နေပြည်တော်သို့ ပြန်လွှတ်တော်မူလေသည်။ ကဏ္ဍကမြင်းလည်း အရှင်သခင်နှင့် ခွဲခွာခဲ့ရသဖြင့် ဝမ်းနည်း စိုးရိမ် ပူဆွေးလွန်းလှသောကြောင့် အနော်မာသောင်ကမ်းမှာပင် သေဆုံး၍ တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား သွားဖြစ်လေသည်။

ဘုရားအလောင်းတော်သည် ရဟန်းပြု၍ အနော်မာမြစ်ကမ်း အနီး "အနုပ္ပိယ" သရက်တော၌ ခုနစ်ရက်နေပြီး ရာဇဂြိုဟ်ပြည် အတွင်း ဆွမ်းခံလျက် ပဏ္ဍဝ တောင်ခြေ၌ လူးဆတ် ပျောင်း စသော ကြမ်းတမ်းလှစွာသော ဆွမ်းဘုဉ်းပေးနေသည်ကို တိုင်းသူ ပြည်သားများ သံတော်ဦးတင်သဖြင့် ဗိမ္ဗိသာရမင်းကြီး သိရသော အခါ– အရှင်ဘုရား ငယ်ရွယ်နုနယ်ပါသေးတယ်၊ တောမထွက် ပါနဲ့အုံး၊ ရာဇဂြိုဟ်ပြည်ကြီးကို တစ်ဝက်ခွဲပေးပါမည်ဟု လျှောက် ထားသော်လည်း လက်ခံတော်မမူသဖြင့် အရှင်ဘုရား ဘုရားဖြစ် လျှင် တပည့်တော်နိုင်ငံသို့ ဦးစွာကြွရောက်ပါရန် လျှောက်ထား လေသည်။

ရာဇဂြိုဟ်ပြည်မှ တောင်အရပ် ဥရုဝေလတောသို့ ကြွတော် မူရာ အကြားတောအုပ်တစ်ခုအတွင်းဝယ် တရားအားထုတ်နေကြ သော အာဠာရ ရသေ့နှင့် ဥဒက ရသေ့တို့အထံတွင် နည်းနာယူ၍ တရားအားထုတ်တော်မူရာ ရက်အနည်းငယ်အတွင်း လောကီဈာန် များကို ရရှိလေသည်။ ဤလောကီဈာန် သမာပတ်များသည် သဗ္ဗညုတဉာဏ် ရနိုင်သောလမ်းစဉ် မဟုတ်သေးဟု ဆက်လက် သွားရာ ဥရုဝေလတောသို့ ရောက်လေသည်။

ထိုဥရုဝေလတောၚ္၌ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟူသော ပဉ္စဝဂ္ဂီ ငါးဦးတို့သည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လျှင် တရားဦးနာရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရသေ့ပြုလုပ်၍ စောင့်မျှော်နေကြလေသည်။ ဤဥရုဝေလတောၚ္၌ ဘုရားအလောင်းသည် ခြောက်နှစ်ပတ်လုံး ခေါင်းခေါင်းပါးပါး ပြင်းပြင်းထန်ထန် ခဲခဲရင်းရင်း ခြိုးခြံသောအကျင့်ကို ကျင့်လေသည်။ အနည်းငယ်စားကျင့်ခြင်း၊ သစ်သီးတစ်လုံးစားကျင့်ခြင်း၊ မအိပ်မူ၍ကျင့်ခြင်း၊ မစားဘဲကျင့်ခြင်းတို့ကြောင့် အကျင့်လွန်ခါ ခန္ဓာကိုယ် အသားအရေ ခြောက်ကပ်ပြီး အကြောပြိုင်းပြိုင်းထလျက် အရိုးပေါ်အရေတင် (၃၂) ပါးသော လက္ခဏာတော်များ ထင်ရှားမရှိတော့ဘဲ အားအင်ချိနဲ့စွာဖြင့် စင်္ကြံကြွရာတွင် မတ်တတ်က ခွေယိုင်လဲပုံကျသွားသောကြောင့် သတိမရဖြစ်နေစဉ် တချို့နတ်များက သိဒ္ဓတ္ထမင်းသား သေရှာပြီဟု ထင်မှတ်ကြသည်။

ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်နေစဉ် ပဉ္စဝဂ္ဂီငါးဦးက ဆွမ်းခံကျွေးခြင်း စသော ဝတ်ကြီးဝတ်ငယ်များ ပြုစုလျက်ရှိသည်။ အစာမစားဘဲကျင့်ခြင်းသည် အင်အားမရှိသဖြင့် တရားမရနိုင်၊ အစာစား၍ အင်အားရှိမှ တရားရနိုင်သည်ဟု ဆင်ခြင်တော်မူပြီး မချိမပဋိပဒါ အလယ်အလတ်ဖြစ်သော အစာအဟာရစား၍ ကျင့်သောအကျင့်ဖြင့် ကျင့်လေသောအခါ၊ အစာမစားဘဲ ကျင့်တာတောင်မှ ဘုရားမဖြစ်ဘဲနဲ့ အစာစား၍ကျင့်လျှင် ဘယ်တော့မှ ဘုရားဖြစ်မှာ မဟုတ်တော့ဘူးဟု ယူဆကာ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားအလောင်းကို ပြစ်ထားခဲ့၍ မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြလေတော့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်အချိန်တွင် အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံး နေတော်မူစဉ် ဥရုဝေလတောဓါ်အနီး သေနနိဂုံးရွာကြီး၌နေသော သုဇာတာ သူဌေးသမီးလှူသော နို့ဃနာဆွမ်းကို အဖိုးတစ်သိန်း ထိုက်သော ရွှေခွက်နှင့်တကွ အလှူခံတော်မူ၍ နေရဥ္စာ မြစ်ကမ်း သို့ ကြွတော်မူလျက် ရေသုံးသတ် ရေချိုးပြီး ထိုင်နေတော်မူကာ (၄၉) လုပ် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် "ယနေ့ ငါ ဘုရားဖြစ် မည်မှန်က ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း" ဟု အဓိဋ္ဌာန်၍ မျှောလိုက်ရာ ရွှေခွက်သည် အတောင် (၈၀) ခန့် မျှဆန်တက်၍ နစ်မြုပ်သွားလေသည်။

ထို့နောက် နေရဥ္စရာ မြစ်၏အနီး အင်ကြင်းတော၌ နေ့ သန့်တော်မူပြီး ညနေချမ်းအခါ ဗောဓိပင်ရှိရာသို့ ကြွတော်မူရာ လမ်းခရီး၌ မြက်ထမ်းသမား သောတ္ထိယနှင့်တွေ့၍ မြက်ရှစ်ဆုပ် လှူလိုက်သောအခါ ယူဆောင်တော်မူ၍ ဗောဓိပင်သို့ရောက်လျှင် အရှေ့မျက်နှာအရပ်မှ မြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သောအခါ "အပရာဇိတ ရတနာပလ္လင်" ဖြစ်ပေါ်လာလေသည်။ ထိုပလ္လင်ပေါ် ၌ အရှေ့မျက်နှာသို့ရှေ့ရှု တင်ပလ္လင်ခွေထိုင်နေတော်မူကာ- "ဘုရားအဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး ဤတင်ပလ္လင် ခွေကို မဖျက်တော့အံ့ဟု" အဓိဋ္ဌာန်၍ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလျက် စတုတ္ထဈာန် ဝင်စားပြီးနေတော်မူလေသည်။

ထိုအချိန်အခါ မာရ်နတ်သည် ဂီရိမေခလာ ဆင်ပြောင်ကြီး ကို တက်စီးကာ လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်းလျက် ကိုးမျိုးသောလက်နက်များကို ကိုင်ဆောင်ပြီး နတ်စစ်သည်အပေါင်း

ခြံရံ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို လှယက်တိုက်ခတ်လေတော့သည်။ ဘုရားအလောင်းသည် လေးအသေချာနှင့် ကမ္ဘာ့တစ်သိန်း ဖြည့်ကျင့်ခဲ့သော ပါရမီတော်တည်းဟူသော ဓားအားလက်နက်ဖြင့် ခုခံတော်မူရာ ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်နတ်မင်း၏ စစ်သည်အပေါင်းကို အောင်မြင်တော်မူလေသည်။

ထိုအချိန်က ဘုရားလောင်း၏အနီးမှာ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကြီးကိုမှုတ်လျက်၊ ကာဠနဂါးမင်းကြီးသည် ထောမနာဂါထာ တစ်ရာကျော်ဖြင့် ချီးမွမ်းရွတ်ဆိုလျက်၊ သဟမ္ပတိ ဗြဟ္မာမင်းကြီးသည် ထီးဖြူကို ဆောင်းမိုးလျက် ပူဇော်နေကြလေသည်။ မာရ်နတ်မင်း၏ စစ်သည်များသည် အော်ဟစ်ကြိမ်းမောင်း လက်နက်များ ပြစ်ပေါက်၍ ဝင်ရောက်လာကြသောအခါ ကာဠနဂါးက နဂါးပြည်သို့လည်းကောင်း၊ သိကြားမင်းက ခရုသင်းကြီး ကျောမှာပိုးလွယ်လျက် စကြဝဠာအနားရေအထိလည်းကောင်း၊ ဗြဟ္မာမင်းက ထီးဖြူကြီးကို လမ်းမှာပစ်ချခဲ့၍ ဗြဟ္မာ့ပြည်သို့ လည်းကောင်း အသီးသီး ခြေဦးတည့်ရာ ပြေးကြလေတော့သည်။

ဘုရားအလောင်းသည် တစ်ပါးတည်း ထိုင်နေတော်မူလျက် ငါ့အား အခြားလက်နက်မရှိ၊ ပါရမီတော်တည်းဟူသော လက်နက်သာရှိသည်ဟု နှလုံးသွင်း၍ ဆင်ခြင်တော်မူလိုက်ရာ မာရ်နတ်မင်း ပြစ်လွှတ်အပ်သော လက်နက်မျိုးစုံတို့သည် လက်နက်အသွင် ပျောက်ကာ ပန်း, ပေါက်ပေါက်, မျက်နှာကြက်, ပန်းကုံး, ပန်းဆိုင်းများသဖွယ် ဖြစ်သွားကြလေသည်။

နောက်တစ်ဖန် ဤဗောဓိပင်နှင့် ရွှေပလ္လင်သည် ဝေဿန္တရာမင်းဘဝမှစ၍ ဖြည့်ကျင့်အပ်သော ပါရမီတော်ကြောင့် ဖြစ်ခဲ့ရိုး

မှန်ပါက ဤမဟာပထဝီမြေကြီးသည် သက်သေအရာ၌ တည်ရှိပါစေသတည်းဟု လက်ညှိုးညွှန်လိုက်သောအခါ မဟာပထဝီမြေကြီးသည် ရထားအိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင်မြည်ဟီးတုန်လှုပ်လိုက်သည်တွင် မာရ်နတ်သား စစ်သည်များသည် ရပ်တည်ရာမရနိုင်ဘဲ ရှုံးနိမ့်ထွက်ပြေးကြကုန်တော့သည်။

ထို့နောက် ဘုရားအလောင်းသည် ငြိမ်သက်စွာထိုင်နေတော်မူလျက် အာနာပါန စတုတ္ထဈာန် ကမ္မဋ္ဌာန်းကို ဆက်လက်ရှုမှားတော်မူရာ ပထမညဉ့်ဦးယံ၌ "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်"၊ သန်းခေါင်ယံ၌ "ဒိဗ္ဗစက္ခုဉာဏ်"၊ အရုဏ်တက် မိုးသောက်ယံ၌ "အာသဝက္ခယဉာဏ်တော်" ရတော်မူသဖြင့် ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ် ဟုဆိုအပ်သော မာရ်ငါးပါးကို အောင်တော်မူ၍ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ သက်တော် (၃၅) နှစ်အရွယ်တွင် အလုံးစုံသောတရားတော်ကို သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူလေသတည်း။ ။

## "လိုရင်းမှတ်သားရန်"

၁။ ဘုရားလောင်းနေ – ကပိလဝတ်ပြည်
သောတိုင်းပြည်

၂။ ဘုရားလောင်း၏ – မဟာမာယာဒေဝီ
မယ်တော်

၃။ ဘုရားလောင်း၏ – မဟာသုဒ္ဓေါဒနမင်းကြီး
ခမည်းတော်

၄။ သန္ဓေတည်သောနှစ် – မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့

၅။ ဖွားမြင် – မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့

၆။ ဖွားမြင်ရာဌာန – လုမ္ဗိနီအင်ကြင်းတော

၇။ အမည် – သိဒ္ဓတ္ထမင်းသား

၈။ ကြင်ယာတော် – ယသော်ဓရာဗိမ္ဗာဒေဝီမိဖုရား

၉။ နန်းစံ – (၁၆) နှစ်သားအရွယ်မှ (၁၃) နှစ်တိုင်တိုင်နန်းစံ

၁၀။ တောထွက် – မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်္လာနေ့

၁၁။ သက်တော် – (၂၉) နှစ်အရွယ်

၁၂။ ငယ်ကျွန်တော် – ဖွားဖက်တော်ဆန္နအမတ်

၁၃။ စီးတော်မြင်း – ဖွားဖက်တော်ကဏ္ဍကမြင်း

၁၄။ ဆံတော် – သိကြားမင်း တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတည်

၁၅။ ပရိက္ခရာလှူသူ – ဃဋိကာရဗြဟ္မာမင်း

၁၆။ ဝတ်လဲတော် – ဃဋိကာရဗြဟ္မာမင်း ဗြဟ္မာ့ပြည်ဒုဿစေတီတည်

၁၇။ လောကီဆရာ – အာဠာရ ရသေ့နှင့် ဥဒက ရသေ့

၁၈။ တရားကျင့်သောတော – ဥရုဝေလတော၊ ဒုက္ကရစရိယာ (၆) နှစ်ကျင့်

၁၉။ ပဉ္စဝဂ္ဂီငါးဦး – ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ

| | | |
|---|---|---|
| ၂၀။ | တရားကျင့်ပုံ | – မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့် |
| ၂၁။ | ဃနာနို့ဆွမ်းလှူသူ (ဆွမ်းဦး) | – သေနနိဂုံးသူ သုဇာတာသူဌေးသမီး |
| ၂၂။ | ရွှေခွက်တန်ဖိုး | – အဖိုးတစ်သိန်းတန်သောရွှေခွက် |
| ၂၃။ | ဆွမ်းလုပ် | – ဆွမ်း (၄၉) လုပ် ဘုဉ်းပေးတော်မူသည် |
| ၂၄။ | ရွှေခွက်မျှောသောမြစ် | – နေရဉ္ဇရာမြစ် (အတောင် ၈၀ ဆန်တက်သည်) |
| ၂၅။ | မြက်ရှစ်ဆုပ်လှူသူ | – သောတ္ထိယ (သုဒ္ဓိယ) မြက်ထမ်းသမား |
| ၂၆။ | ပလ္လင် | – အပရာဇိတ ရတနာပလ္လင် (၁၄) တောင် |
| ၂၇။ | မာရ်နတ်စီးသောဆင် | – လက်ရုံးပေါင်းတစ်ထောင်ဖန်ဆင်း၍ (ဂိရိမေခလာဆင်) |
| ၂၈။ | ပူဇော်နေသူ သုံးဦး | – သိကြားမင်း၊ ကာဠနဂါးမင်း၊ သဟမ္ပတိဗြဟ္မာမင်း |
| ၂၉။ | မာရ်နတ်မင်း လက်နက် (၉) မျိုး | – လေကြီး၊ မိုးကြီး၊ ကျောက်ခဲမိုး၊ လက်နက်မိုး၊ မီးကြီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွှံ့ဗွက်မိုး၊ အမိုက်တိုက်မိုး |
| ၃၀။ | ပန်းပေါက်ပေါက်ဖြစ်ပုံ | – ပါရမီတန်ခိုးကြောင့် လက်နက်များ ပန်းပေါက်ပေါက်ဖြစ် |
| ၃၁။ | ကမ္မဋ္ဌာန်း | – အာနာပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘုရားဖြစ်သည် |

၃၂။ ဉာဏ်သုံးပါး - ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်

၃၃။ မာရ်ငါးပါး - ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်

၃၄။ ဘုရားဖြစ်သောနှစ် - မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့

၃၅။ သက်တော် - သက်တော် (၃၅) နှစ် ဘုရားဖြစ်

ဤဗုဒ္ဓဝင်ကို ကြည့်ရှုလေ့လာမှတ်သား၍ ပြုနိုင်ခဲ့၊ ရနိုင်ခဲ့၊ သိမြင်နိုင်ခဲ့သော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ရူပအစိန္တေယျ၊ ဝါစာအစိန္တေယျ၊ ဉာဏအစိန္တေယျ၊ ဣဒ္ဓိအစိန္တေယျ စသော ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြု၍ နေ့စဉ်နေ့တိုင်း အရဟံ အစရှိသော ဂုဏ်တော်များကို ပွားများဆင်ခြင် နှလုံးသွင်းအားထုတ် နေထိုင်ကြပါက လောကီ လောကုတ္တရာ အကျိုးထူးများ ဧကန်မုချ ခံစား စံစားရမည်ဖြစ်ပေသည်၊ ပွားများကြပါလေ။

## အနန္တငါးပါး ရှိခိုး

၁။ ဗုဒ္ဓဂုဏော - အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်ဆောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ - ရှိခိုးပါ၏ အရှင်ဘုရား။

၂။ ဓမ္မဂုဏော – အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာ သံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမထင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ အဟံ – အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ – ရှိခိုးပါ၏ အရှင်ဘုရား။

၃။ သံဃဂုဏော – အနန္တောဟု၊ လောဘဒေါသ၊ မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက် မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို၊ အဟံ – အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ – ရှိခိုးပါ၏ အရှင်ဘုရား။

၄။ မာတာပိတု ဂုဏော – အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာ ပိတာ၊ မိနှင့် ဖတို့၊ ရေကြည် ကလလ၊ တည်ဦးစက၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ မွေးသည့် မိခင်၊ ကျေးဖခင်ကို၊ အဟံ – အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ – ရှိခိုးပါ၏ အရှင်ဘုရား။

၅။ အာစရိယ ဂုဏော – အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယ နည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေ ကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ် လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာ ဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊

နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြည့်ွန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ – အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ – ရှိခိုးပါ၏ အရှင်ဘုရား။ ။ ။

## နေ့ (၇) နေ့ ဘုရားရှိခိုးလင်္ကာ

### "ဘုရားအလောင်း ကြာသပတေးနေ့ ပဋိသန္ဓေယူပုံလင်္ကာ"

သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတု နဂိုရ်၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### "ဘုရားအလောင်း သောကြာနေ့ ဖွားတော်မူပုံလင်္ကာ"

သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဥ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

### "ဘုရားအလောင်း တနင်္လာနေ့ တောထွက်တော်မူပုံလင်္ကာ"

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ၊ သုံးသွယ်မွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၏၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေဂိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

## "ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်တော်မူပုံလင်္ကာ"

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်္ကာပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

## "စနေနေ့ တရားဦးဓမ္မစကြာ ဟောတော်မူပုံလင်္ကာ"

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာ်အပေါင်း၊ တိုက်တစ်သောင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ် ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ယွမ်းတယ်ကို။

## "အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူပုံ လင်္ကာ"

တရားနတ်စည်၊ ဆော်ယွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကုတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

## "တနင်္ဂနွေနေ့ တောဓာတ်လောင်တော်မူပုံလင်္ကာ"

နိဗ္ဗူစံပြီ၊ ရှမအိသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြို၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

## ဝိပါက်တော်-ဝဋ်တော် (၁၂) ပါး လင်္ကာ

၁။ ဥရုဝေလ တောရမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး ကျင့်သုံးအရှင်၊
အားကုန်ခန်းလို့ ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး ဝဋ်ကြွေးဘယ်ကြောင့်ထင်။
ကဿပဘုရား ထင်ရှားပွင့်သော်၊
ဇောတိပါလ နာမအကျော်၊
ပုဏ္ဏားမာန်တက် နှုတ်မြွက်အာဘော်၊
ဝစီပြင်း ရှေးရင်းဝိပါက်တော်။

၂။ စိဥ္စမာန မိန်းမစေကျွန်၊
ကိုယ်ဝန်ရှိသော် ဆိုပြောအလွန်၊
လက်သည်ထားလို့ ဘုရားကိုညွှန်၊
စွပ်စွဲခဲ့ တကယ့်ဝိပါက်ဝန်။

သောက်စားလွန်ကျူး ယစ်မူးပျော်ရွှင်၊
သေသောက်သမား ဖြစ်ကြသခင်၊
ရဟန္တာမြတ် ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ် ဖွင့်ထုတ်စွပ်စွဲတင်။

၃။ တိတ္ထိစေခိုင်း မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား ပြုကြသုန္ဒရီ၊
လူရှင်အပေါင်း ဘယ်ဝင့်ရှေးကမှီ။
မုနာလိဟု မည်ရှိလောင်းတော်၊
မောက်ကြွားမှောက်မှား သောက်စားအပျော်၊
ရှင်ပစ္စေက ဗုဒ္ဓမြင်သော်၊
ဒုဿီပဲ စွပ်စွဲဝင့်ကြွေးပေါ်။

၄။ သုန္ဒရီမိုက် သတ်လိုက်သေရာ၊
တိတ္ထိတစ်သင်း သတင်းလွှင့်ကာ၊
တပည့်များနှင့် ဘုရားကိုသာ၊
လူအများ ယုံမှားဘယ်တွက်တာ။
လောင်းတော်ရသေ့ ပျော်မွေ့စံရာ၊
ရသေ့တစ်ဦး ဈာန်မြူးကွန့်လာ၊
ငြူစူစိတ်စော မနောက္ကသာ၊
ကျင့်ယုတ်ကြီး နှုတ်သီးချွန်သည့်တာ။

၅။ ဝေဘာတောင်စောင်း ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ် ခလုတ်အသာ၊
သူ ဖြုတ်ချလို့ ဗုဒ္ဓခြေမှာ၊

ကျောက်လွှာညီ ဒဏ်ထိဘယ်ဝင့်ပါ။
သူကြွယ်မျိုးဇာတ် ဖြစ်လတ်တုံချေ၊
ညီကိုလှည့်စား ခေါ်သွားသလေ၊
ကျောက်နှင့်ဖိညှပ် ထုသတ်ကျိတ်ချေ၊
ကျောက်ဝိပါက် အဆက်ပါခဲ့ပေ။

၆။ ကျောက်လွှာထိပါး မြတ်ဖျားထွင့်တင်၊
တည်နေဝပ်ကိန်း သွေးစိမ်းအရှင်၊
ခြေမတော်ထဲ ကိုက်ခဲနာကျင်၊
ဝိပါက်ရင်း အလင်းပြစေချင်။
သူငယ်ဖြစ်ခိုက် လမ်း၌ပျော်ရွှင်၊
ရှင်ပစ္စေက ဝေးမှအမြင်၊
ခဲနှင့်ပစ်လိုက် ထိခိုက်ခြေတွင်၊
သွေးယိုဆင်း ရေးရင်းဝိပါက်ပင်။

၇။ ဆွမ်းခံကြွမြန်း ထိပ်ပန်းဘုန်းကြွယ်၊
မုန်ကျဆင်ကြီး ခရီးအလယ်၊
ဒေဝဒတ်မိုက် လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့ ဆင်ဖော့ဘယ်ဝင့်နွှယ်။
ဆင်ထိန်းဆင်ကျောင်း အလောင်းဖြစ်တုံ၊
ရှင်ပစ္စေက လမ်းမှအဆုံ၊
ဒေါသထားလို့ ပြစ်မှားသုန်မှုန်၊
ဆင်နှင့်တိုက် ဝင့်လိုက်စေဖို့ကြုံ။

၈။ ကျောက်လွှာခတ်လို့ သွေးခာတ်ဆူပူ၊
ခြေမတော်ဦး ထိပ်ဖူးတစ်ဆူ၊
သွေးညှိုကိန်းလို့ ကျိန်းစက်တော်မူ၊
ဇီဝက ခွဲရာဘယ်ဝင့်ဟူ။
ပဒေသရာဇ် မင်းဖြစ်စဉ်ဝယ်၊
မူးယစ်သောက်စား ဖောက်ပြားမဖွယ်၊
လူရှင်လတ်လတ် ဆိုးသတ်ပြန်တယ်၊
ဓားဝိပါက် အဆက်သူကနွယ်။

၉။ သုံးလူ့ထွဋ်ဖူး မြိုက်မှူးသျှောင်ကော၊
ရံဖန်ခါလဲ ခေါင်းခဲ့လေ၊
ဝေဒနာဝင့် မလွတ်တုံချေ၊
ဘယ်ဝိပါက် အဆက်ပါခဲ့ပေ။
ရှေးခါကပ်ဟောင်း မကောင်းကံခေါ်၊
တံငါဇာတ်မျိုး ဖြစ်လတ်သနော်၊
ငါးတို့ဦးခေါင်း ထုထောင်းမြင်သော်၊
ဝမ်းမြောက်မိ လိုက်ဘိဝိပါက်တော်။

၁၀။ ဝါတော်ကပ်တော့ မာရ်နတ်နှိုးဆော်၊
ဝေရဉ္စာတိုင်း သမိုင်းအကျော်၊
မုယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော်၊
ဘုဉ်းပေးရ ရှေးကဘယ်ဝင့်နော်။
မထင်မရှား မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ ဆွမ်းစားခိုက်ကြုံ၊

ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ၊
ဝစီတွက် ဝိပါက်တော်တဲ့ယုံ။

၁၁။ အထွင့်ဆုံးဟု သုံးလူ့မျက်မှန်၊
ခါးတော်ကိုက်ခဲ အသည်းအသန်၊
ဝေဒနာများ ခံစားရဖန်၊
ဘယ်အကြောင်း ကံဟောင်းထုတ်လို့ပြန်။
လက်ဝှေ့သတ်ကောင်း အလောင်းဖြစ်သော်၊
ပြိုင်ပွဲဆိုင်ပွဲ နိုင်မြဲအကျော်၊
နိုင်လျှင်ခါးချိုး ရိုက်ချိုးမြေပေါ်၊
အသတ်ကောင်း ဇာတ်ဟောင်းဝိပါက်တော်။

၁၂။ ဆဒ္ဒန်ဆယ်စီး အားကြီးလျင်မြန်၊
ဝမ်းတော်သွန်ငြား ရွှေအားမသန်၊
ခွေယိုင်နွဲ့လို့ မြန်းခဲ့နိဗ္ဗာန်၊
ဖြစ်စေကြောင်း ကံဟောင်းသိဖို့ရန်။
ရောဂါကုစား သမားဉာဏ်ကျယ်၊
ရှင်သူဌေးသား ဆေးဝါးကုတယ်၊
ခ,မပေးလို့ ဟိုရှေးဘုန်းကြွယ်၊
ဝမ်းလားဆေး တိုက်ကြွေးဝင့်ဟောင်းလည်။ ။

✱ ဝိပါက်ရောက်ရေး ကြောက်သွေးတုန်ဖွယ်၊
ဘုရားသော်လဲ ရှောင်လွှဲမလွယ်၊
တွေ့ကြုံမြဲမို့ တဝဲလည်လည်၊
မလွတ်ဘေး ဝင့်ကြွေးခက်လှတယ်။

ကြင်နာထောက်ထား သနားမျှော်ခေါ်၊
ကုသိုလ်ပွားမှု အားပြုကြနော်၊
နှိပ်စက်ညှင်းပန်း သရမ်းပျက်ချော်၊
ရှောင်ကြဉ်ရေး ဝင့်ကြွေးစင်ဖို့နော်။ ။ ။

## ငါးပါးသီလမှတ်ဖွယ်

## "ပါဏာတိပါတ သိက္ခာပုဒ်အတွက် ဆောင်ပုဒ်"

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလှ၊ ပြစ်များစွာတည့်။

## "အဒိန္နာဒါန သိက္ခာပုဒ်အတွက် ဆောင်ပုဒ်"

အဒိန္နာဒါနာ၊ ခိုးမိပါမူ၊ ဥစ္စာလဲမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာတည့်။

## "ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အတွက် မှတ်သားဖွယ်"

သူတစ်ပါးသားမယား ကျူးလွန်သောသူသည်-

၁။ အပါယ်ဆင်းရဲခံရခြင်း၊

၂။ မိန်းမဘာဝ ဖြစ်ရခြင်း၊

၃။ နပုန်းပဏ္ဍုက် ဖြစ်ရခြင်း၊

၄။ သူတစ်ပါးမျက်မုန်းကျိုးခံရခြင်း၊

၅။ စိုးရိမ်ရခြင်း၊

၆။ ချမ်းသာစွာမနေရခြင်း၊
၇။ မျက်နှာမသာ မကြည်မလင်ခြင်း၊
ဤအပြစ်များ ဖြစ်တတ်၏။

## "မုသာဝါဒ သိက္ခာပုဒ်အတွက် ဆောင်ပုဒ်"

မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနှောက်၊ ပုံယွင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်တည်း။

## "သုရာမေရယ သိက္ခာပုဒ်တော်အတွက် ဆောင်ပုဒ်"

သေရည်သောက်လင့်၊ သင့် မသင့်ဒွ၊ ရေးခွင့်မသိ၊ ပျင်းရိမေ့မူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခွာအပြန် အကျိုးတည်း။

## မိဘကျင့်ဝတ် ငါးပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ။

## သားသမီးကျင့်ဝတ် ငါးပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမြှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

## ဆရာကျင့်ဝတ် ငါးပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။

## တပည့်ကျင့်ဝတ် ငါးပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ။

## ၃၈-ဖြာ မင်္ဂလာကဗျာများ

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှိုဝဲနှင့် ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ၊ သုံးပါး ရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာ တွေ။

ကုသိုလ်ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ၊ ရှေးက တင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ၊ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ၊ ဥစ္စာကို ပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ၊ အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ၊ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ၊ မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ၊ အဲဒါမှ ဗုဒ္ဓ ဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊ ကြွေးသစ်ချကာ သားနှင့်မယား၊ မြှောက်စားချီးမြှင့်

ဝတ်ကုန်စေ၊ အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ၊ စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေငှ လှူနိုင်စေ၊ ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ၊ ဆွေမျိုးတွေကို ပစ်မထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ၊ သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သယ်ပိုးရွက်ဆောင်လေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနှင့်၊ အထူးသဖြင့် စောင့်စည်းနေ၊ အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ၊ လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေလေ၊ မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ်ချ အမြဲနေ၊ လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊ ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ၊ ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်းသည်းခံလေ၊ ကျိုးကြောင်းပြည့်စွန် ဆုံးမစကားကို၊ ပြောကြားလာက နာလွယ်စေ၊

သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊ မကြာခဏ တွေ့ဆုံလေ၊ သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

လောကီအာရုံ ဓိမ်ယစ်မူးလို့၊ ပျော်မကျူးနဲ့ ခြိုးခြံလေ၊ မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းမသွေ၊ လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ၊ ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချင်း၊ အလင်းပေါက်နိုင်စေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကျ လူတိုင်းပေ၊ ကောင်းကျိုးနှစ်တန် အစုံတွဲလို့၊ တစ်လှည့်စီလဲ အမြဲနေ၊ လောကဓံကြုံ မဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊ သောကကိုထိန်း ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ၊ အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ၊ စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ၊ ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊ စိတ်ရော ကိုယ်ရော ချမ်းသာမလေ၊ ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ၊ အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့၊ ပျက်ပြားနေကြ ကမ္ဘာမြေ၊ ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊ လူနှင့်လူချင်း သတ်ကာနေ၊ ငြိမ်းချမ်းပါစေ အာသီသနဲ့၊ စွမ်းနိုင်ရာက ကူညီသလေ၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား၊ ရေးသားဖြန့်ကာဝေ၊ အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာကသိပါစေ။ ။ ။

## "သတ္တ သတ္တာဟ"

၁။ ပလ္လင်္က သတ္တာဟ၊

၂။ အနိမိသ သတ္တာဟ၊

၃။ စင်္ကမ သတ္တာဟ၊

၄။ ရတနာဃရ သတ္တာဟ၊

၅။ အဇပါလ သတ္တာဟ၊

၆။ မုစလိန္ဒ သတ္တာဟ၊

၇။ ရာဇာယတန သတ္တာဟ။ ။ ။

## "ပဥ္စဝဂ္ဂီ ငါးဦး"

၁။ ကောဏ္ဍည၊

၂။ ဝပ္ပ၊

၃။ ဘဒ္ဒိယ၊

၄။ မဟာနာမ်၊

၅။ အဿဇိ။ ။ ။

## ပါရမီဆယ်ပါး

၁။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း – ဒါနပါရမီ၊

၂။ ကာယကံ ဝစီကံကို ထိန်းသိမ်းခြင်း – သီလပါရမီ၊

၃။ တောထွက်၍ တရားအားထုတ်ခြင်း – နေက္ခမ္မပါရမီ၊

၄။ သိစရာမှန်သမျှသိအောင် အားထုတ်ခြင်း – ပညာပါရမီ၊

၅။ အကျိုးကိုမြော်မြင်၍ လုံ့လဝီရိယဖြင့် ပြုလုပ်ခြင်း – ဝီရိယပါရမီ၊

၆။ ကိုယ့်အသက်ကိုပင်မငဲ့ကွက်ဘဲ သည်းခံခြင်း – ခန္တီပါရမီ၊

၇။ မှန်သောစကားကိုသာပြောဆိုခြင်း – သစ္စာပါရမီ၊
၈။ စွဲစွဲမြဲမြဲ ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်း – အဓိဋ္ဌာန်ပါရမီ၊
၉။ သတ္တဝါများ ချမ်းသာ ကောင်းစားအောင် ဆောင်ရွက်ခြင်း – မေတ္တာပါရမီ၊
၁၀။ အကောင်းအဆိုး နှစ်မျိုးအပေါ်၌ မျှတစွာစိတ်ထားခြင်း – ဥပေက္ခာပါရမီ။ ။ ။

## စရိယသုံးပါး

၁။ တစ်လောကလုံးရှိ သတ္တဝါများအကျိုးမှာ ဆောင်ရွက်ကျင့်ကြံတော်မူခြင်း – လောကတ္ထစရိယ၊
၂။ မိမိနှင့်အနွယ်တူ အမျိုးတူအားလုံး၏ အကျိုးမှာ ဆောင်ရွက်ကျင့်ကြံတော်မူခြင်း – ဉာတတ္ထစရိယ၊
၃။ ဘုရားဖြစ်ရန် သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်ကြံတော်မူခြင်း – ဗုဒ္ဓတ္ထစရိယ။ ။ ။

## စွန့်ခြင်းကြီး ငါးပါး

၁။ ပဒေသရာဇ် ဧကရာဇ် စကြာမင်းတို့၏ စည်းစိမ်ဥစ္စာအဖြာဖြာကို စွန့်လွှတ်လှူဒါန်းခြင်းဟူသော – ဒါနပရိစ္စာဂ၊
၂။ မိမိ၏ ရင်သွေးရတနာကို စွန့်လွှတ်ခြင်းဟူသော – ပုတ္တပရိစ္စာဂ၊
၃။ မိမိ၏ ဇနီးမယားကို စွန့်လွှတ်ခြင်းဟူသော – ဘရိယပရိစ္စာဂ၊
၄။ ခြေ လက် မျက်စိ နား နှာခေါင်း စသော အင်္ဂါကြီးငယ်ကို စွန့်လွှတ်ခြင်းဟူသော – အင်္ဂ ပရိစ္စာဂ၊
၅။ မိမိ၏အသက်ကို စွန့်လွှတ်ခြင်းဟူသော – ဇီဝိတပရိစ္စာဂ။

## ကြည့်ခြင်းကြီး ငါးပါး

၁။ ကာလ = ဘုရားဖြစ်ထိုက်သော အခါကာလကိုကြည့်ခြင်း၊
၂။ ဒီပ = ဘုရားဖြစ်ရာ ကျွန်းကိုကြည့်ခြင်း၊
၃။ ဒေသ = ဘုရားဖြစ်ရာ အရပ်ဒေသကိုကြည့်ခြင်း၊
၄။ ကုလ = ဘုရားဖြစ်ရာ အမျိုးအနွယ်ကိုကြည့်ခြင်း၊
၅။ မာတုအာယုပရိစ္ဆေဒ = မယ်တော်လောင်း၏ အသက်အပိုင်းအခြားကိုကြည့်ခြင်း။ ။ ။

## ဥပါသကာဂုဏ် ဆယ်ပါး

၁။ သံဃာနှင့် ဆင်းရဲအတူ ချမ်းသာအမျှရှိရခြင်း၊
၂။ တရားကိုသာ အလေးဂရုပြုရခြင်း၊
၃။ တတ်နိုင်သလောက် ပေးကမ်းလှူဒါန်းရခြင်း၊
၄။ ဘုရားရှင်သာသနာ ဆုတ်ယုတ်နေသည်ကိုတွေ့ရလျှင် တိုးတက်ကြီးပွားအောင် ကြံဆောင်အားထုတ်ရခြင်း၊
၅။ သမ္မာဒိဋ္ဌိ အယူမှန်ရှိသူ ဖြစ်ရခြင်း၊
၆။ ကောတုဟလ မင်္ဂလာခေါ်သည့် ကောဟာလဟ (ဘေးစကား) တို့ကို မယုံမကြည် လက်မခံဘဲ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ အသက်စည်းစိမ်အတွက်ဖြစ်စေ၊ အယူတစ်ပါး ဘာသာတစ်ပါးကို မညွှန်ရခြင်း၊ မကူးမလိုက်ရခြင်း၊
၇။ ကိုယ်နှုတ် စောင့်စည်းတတ်ခြင်း၊
၈။ စုပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းဖြင့် ဆောင်ရွက်မှုကို ကျေနပ်နှစ်သက်တတ်ခြင်း၊
၉။ မိမိတို့အချင်းချင်း ငြူစူခြင်း မာန်မူခြင်းကို ရှောင်ရှားခြင်း၊
၁၀။ သာသနာရေးကိစ္စ ဆောင်ရွက်ရာတွင် ပလွှားဝါကြွားမှု ပကာသနမှုတို့ကို ရှောင်ကြဉ်ခြင်း။ ။ ။

## အပါယ် လေးပါး

၁။ ငရဲ၊
၂။ တိရစ္ဆာန်၊
၃။ ပြိတ္တာ၊
၄။ အသူရကာယ်။ ။ ။

## ကပ် သုံးပါး

၁။ သတ္ထန္တရကပ် = ဒေါသ အကုသိုလ်ကြီးများ ဝင်ရောက်လာလျှင် လက်နက်မျိုးစုံတို့ဖြင့် သတ်ဖြတ်၍ သေရခြင်းကို ခေါ်၏၊

၂။ ဒုဗ္ဘိက္ခန္တရကပ် = လောဘ အကုသိုလ်များ ဝင်ရောက်လာလျှင် အစာရေစာရှားပါး၍ ငတ်မွတ်ခေါင်းပါးခြင်းကိုခေါ်၏၊

၃။ ရောဂန္တရကပ် = ကျောက်ရောဂါ ကာလဝမ်းရောဂါ ပလိပ်ရောဂါစသော ရောဂါဆိုးကြီးများ ဝင်ရောက်နှိပ်စက်မှုမျိုးကိုခေါ်၏။ ။ ။

## ရပ်ပြစ် ရှစ်ပါး

၁။ ငရဲ၌ ဖြစ်ရခြင်း၊
၂။ တိရစ္ဆာန် ဖြစ်ရခြင်း၊
၃။ ပြိတ္တာ ဖြစ်ရခြင်း၊
၄။ အသက်အလွန်ရှည်ပြီး နာမ်တရားမရှိဘဲ ရုပ်တရားသက်သက်သာရှိသော အသညသတ်ဗြဟ္မာဖြစ်ခြင်း၊ ရုပ်တရားမရှိဘဲ နာမ်တရားသက်သက်သာရှိသော အရူပဗြဟ္မာဖြစ်ခြင်း၊
၅။ သာသနာမထွန်းကားသော ပစ္စန္တရစ်အရပ်၌ လူဖြစ်ခြင်း၊

၆။ များသောအယူဝါဒ (မိစ္ဆာဒိဋ္ဌိ) ရှိသူ ဖြစ်နေခြင်း၊
၇။ သာသနာပွင့်ရာ၌ လူဖြစ်သော်လည်း တရားတော်ကို နား မလည်နိုင်သော ဆွံ့အ နားမကြားသူ ဖြစ်ရခြင်း၊
၈။ ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သောအခါ၌ လူဖြစ်ရခြင်း။

## ရန်သူမျိုး ငါးပါး

၁။ ရေ၊
၂။ မီး၊
၃။ မင်းဆိုးမင်းယုတ်၊
၄။ သူခိုး ဓားပြ၊
၅။ အမွေခံ သား သမီးဆိုးများ။ ။ ။

## ဝိပတ္တိတရား လေးပါး

၁။ ကာလ ဝိပတ္တိ = ခေတ်ဆိုး ကာလဆိုး၊
၂။ ဂတိ ဝိပတ္တိ = အပါယ်လေးဘုံ၌ ဖြစ်ရခြင်း၊
၃။ ဥပဓိ ဝိပတ္တိ = ခြေလက်အင်္ဂါကြီးငယ် ချွတ်ယွင်းခြင်း၊
၄။ ပယောဂ ဝိပတ္တိ = သတိ ဉာဏ် ပညာ ဝီရိယ ချွတ်ယွင်း ခြင်း။ ။ ။

## ဗျသနတရား ငါးပါး

၁။ ဉာတိ ဗျသန = ဆွေမျိုးပျက်စီးမှု၊
၂။ ရောဂ ဗျသန = မကြာခဏချူချာ၍ ရောဂါနှိပ်စက်မှု၊
၃။ ဘောဂ ဗျသန = စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးမှု၊
၄။ ဒိဋ္ဌိ ဗျသန = လွဲမှားသောအယူဝါဒကို ခံယူမှု၊
၅။ သီလ ဗျသန = ကိုယ်ကျင့်သီလ ပျက်စီးမှု။ ။ ။

## ထွဋ်ခေါင်ဆရာတော် သံပေါက်

၁။ သဗ္ဗေသတ္တာ ဝေနေယျာ၊ သံသရာ ရှည်လှပြီ၊
၂။ အတည်ကြကြ ဘယ်ဘဝ ရကြမရှိပြီ၊
၃။ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ၊
၄။ အမှောင်အမှောင် ရှောင်တောင်တောင် အမှောင်များခဲ့ပြီ၊
၅။ မနုဿတ္တ ဒုလ္လဘာ မရများလှပြီ၊
၆။ အရတော်စွ သည်ဘဝ လှလှကျင့်ထိုက်ပြီ၊
၇။ ကြုံကြိုက်တော်စွာ သာသနာ ရောင်ဝါထွန်းလှပြီ၊
၈။ သတိရရ မြတ်ပုည ပြုကြကောင်းသင့်ပြီ၊
၉။ တစ်နေ့တစ်နေ့ နက်ဖြန်ရွှေ့ မမေ့ကောင်းသင့်ပြီ၊
၁၀။ ဒါနသီလာ ဘာဝနာ နင်သာပြုသင့်သည်၊
၁၁။ ဇာတိ ဇရာ မရဏာ မကြာ နင်တွေ့မည်၊
၁၂။ မျက်တောင်တယှက် လျှပ်တပြက် နင့်သက်သေလိမ့်မည်၊
၁၃။ ဘယ်နှစ်ဘယ်လ ရောက်ပါမှ ကာလမရွေးပြီ၊
၁၄။ ကြီးငယ်မဟူ ကိုယ့်ရွယ်တူ ခုမူသေကြပြီ၊
၁၅။ အမှန်သေရိုး ထိုလူမျိုး ကြောက်စိုးရွံ့သင့်ပြီ။

## ရှောင်ကြဉ်ရမည့် ဒုစရိုက် (၁၀) ပါး

၁။ ပါဏာတိပါတ - သူတစ်ပါး၏အသက်ကိုသတ်ခြင်း
၂။ အဒိန္နာဒါန - သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်း
၃။ ကာမေသုမိစ္ဆာစာရ-သူတစ်ပါး၏ သားမယားကို ပစ်မှား ကျူးလွန်ခြင်း
(ဤသုံးပါးကို ကာယဒုစရိုက်ဟု ခေါ် ဆို၏)

| | | |
|---|---|---|
| ၄။ | မုသာဝါဒ | မဟုတ်မမှန်သောစကားကို လိမ်လည်ပြောဆိုခြင်း |
| ၅။ | ပိသုဏဝါစာ | ချောပစ်ကုန်းတိုက်စကား ပြောဆိုခြင်း |
| ၆။ | ဖရုသဝါစာ | ဆဲရေးတိုင်းထွာ ကြမ်းတမ်းသောစကား ပြောဆိုခြင်း |
| ၇။ | သမ္ဖပ္ပလာပ | အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း<br>(ဤလေးပါးကို ဝစီဒုစရိုက်ဟု ခေါ်ဆို၏) |
| ၈။ | အဘိဇ္ဈာ | သူတစ်ပါး၏စည်းစိမ်ကို ရေးရှုကြံစည်ခြင်း |
| ၉။ | ဗျာပါဒ | သူတစ်ပါးကို သေကြေပျက်စီးစေလိုခြင်း |
| ၁၀။ | မိစ္ဆာဒိဋ္ဌိ | မှားသောအယူကို ယူခြင်း<br>(ဤသုံးပါးကို မနောဒုစရိုက်ဟု ခေါ်သည်) |

## လိုက်နာရမည့် ပုညကြိယာ (၁၀) ပါး

| | | |
|---|---|---|
| ၁။ | ဒါန | အလှူပေးခြင်း |
| ၂။ | သီလ | သီလဆောက်တည်ခြင်း |
| ၃။ | ဘာဝနာ | ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း |
| ၄။ | အပစာယန | ရတနာသုံးပါး မိဘဆရာသမားတို့အား အရိုအသေပြုခြင်း |
| ၅။ | ဝေယျာဝစ္စ | ၎င်းတို့၏ အမှုကြီးငယ်ကိုဆောင်ရွက်ခြင်း |

| | | |
|---|---|---|
| ၆။ | ပတ္တိဒါန | မိမိကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှပေးဝေခြင်း |
| ၇။ | ပတ္တာနုမောဒနာ | သူတစ်ပါး၏ ကုသိုလ်အဖို့ကို သာဓုခေါ်ခြင်း |
| ၈။ | ဓမ္မဿဝန | တရားနာခြင်း |
| ၉။ | ဓမ္မဒေသနာ | တရားဟောခြင်း |
| ၁၀။ | ဒိဋ္ဌိဇုကမ္မ | ဗုဒ္ဓဘာသာ၏ အယူကို ဖြောင့်မှန်စွာယူခြင်း |

(ကုသိုလ်ကမ္မပထတရား ၁၀ ပါးဟုလည်းခေါ်သည်။)

## မီး (၁၁) ပါး

| | | |
|---|---|---|
| ၁။ | ရာဂမီး(လောဘမီး) | တပ်နှစ်သက်ရသဖြင့် ပူလောင်ခြင်း |
| ၂။ | ဒေါသမီး | စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း |
| ၃။ | မောဟမီး | အမှန်ကိုမသိရသဖြင့် ပူလောင်ခြင်း |
| ၄။ | ဇာတိမီး | ဘဝသစ်၌ဖြစ်ပြန်ရသဖြင့် ပူလောင်ခြင်း |
| ၅။ | ဇရာမီး | အိုမင်းရသဖြင့် ပူလောင်ခြင်း |
| ၆။ | မရဏမီး | သေရသဖြင့် ပူလောင်ခြင်း |
| ၇။ | သောကမီး | စိုးရိမ်ကြောင့်ကြရသဖြင့် ပူလောင်ခြင်း |
| ၈။ | ပရိဒေဝမီး | ငိုကြွေးရသဖြင့် ပူလောင်ခြင်း |
| ၉။ | ဒုက္ခမီး | ကိုယ်ဆင်းရဲကိုမှီ၍ ပူလောင်ခြင်း |
| ၁၀။ | ဒေါမနဿမီး | စိတ်ဆင်းရဲကိုမှီ၍ ပူလောင်ခြင်း |
| ၁၁။ | ဥပါယာသမီး | ပြင်းစွာစိတ်ပူပန်ဆင်းရဲသဖြင့် ပူလောင်ခြင်း |

## (သတ္တဝါတွေ သေပြီးနောက်ဖြစ်နိုင်သော ဂတိ ၅ ပါး)

| | | |
|---|---|---|
| ၁။ | ဒေဝဂတိ | နတ်ပြည် ဗြဟ္မာ့ပြည်၌ဖြစ်ရခြင်း |
| ၂။ | မနုဿဂတိ | လူ့ပြည်၌ဖြစ်ရခြင်း |
| ၃။ | တိရစ္ဆာနဂတိ | တိရစ္ဆာန်ဖြစ်ရခြင်း |
| ၄။ | နိရယဂတိ | ငရဲဘုံ၌ ဖြစ်ရခြင်း |
| ၅။ | ပေတဂတိ | ပြိတ္တာဘုံ၌ ဖြစ်ရခြင်း |

## နတ် ၃ မျိုး

| | | |
|---|---|---|
| ၁။ | သမ္မုတိနတ် | ရေမြေကို အစိုးရသောမင်း |
| ၂။ | ဥပပတ္တိနတ် | စတုမဟာရာဇ်တာဝတိံသာ စသောနတ် |
| ၃။ | ဝိသုဒ္ဓိနတ် | ကိလေသာစင်ကြယ်ပြီးသော ဘုရား၊ ရဟန္တာ |

## ဗုဒ္ဓ ၄ မျိုး

| | | |
|---|---|---|
| ၁။ | သုတဗုဒ္ဓ | ပရိယတ္တိ အကြားအမြင်များသော ရဟန်း |
| ၂။ | သာဝကဗုဒ္ဓ | ရဟန္တာအရှင်မြတ် |
| ၃။ | ပစ္စေကဗုဒ္ဓ | (သာသနာပ၌) သီးခြားပွင့်တော်မူသော ဘုရားငယ် |
| ၄။ | သမ္မာသမ္ဗုဒ္ဓ | သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ဘုရားကြီး |

## လှူဖွယ်ဝတ္ထု ၁၀ မျိုး

| | | |
|---|---|---|
| ၁။ | အန္နံ | ထမင်း၊ ဆွမ်း၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ စသောဘောဇဉ် |
| ၂။ | ပါနံ | အဖျော်မျိုးစုံ |
| ၃။ | ဃရံ | သိမ်၊ ကျောင်း၊ ဇရပ်၊ အိမ် |
| ၄။ | ဝတ္ထံ | အဝတ်၊ သင်္ကန်း၊ အိပ်ယာခင်း၊ စောင်၊ တဘက် စသည် |
| ၅။ | ယာနံ | ယာဉ်မျိုးစုံ ဖိနပ် |
| ၆။ | မာလာ | ပန်းမျိုးစုံ |
| ၇။ | ဝိလေပနံ | နံ့သာပျောင်း |
| ၈။ | ဂန္ဓာ | နံ့သာမှုန့်အမွှေးတိုင် |
| ၉။ | သေယျ | အိပ်ရာ နေရာ ခုတင် ကုလားထိုင် |
| ၁၀။ | ပဒီပေယျံ | ဆီမီးလျှပ်စစ်မီးမျိုးစုံ |

## ကုသိုလ်ပြုသဖြင့်အကျိုးပေးပုံ ၄ မျိုး

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌဓမ္မဝေဒနီယကံ စေတနာ | – ယခုဘဝမှာပင် လက်ငင်း အကျိုးပေးသည် |
| ၂။ | ဥပပဇ္ဇဝေဒနီယကံ ကံစေတနာ | – ဒုတိယဘဝမှ အကျိုးပေးသည် |
| ၃။ | အပရာပရိယဝေဒနီယကံ စေတနာ | – တတိယဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် |
| ၄။ | အဟောသိကံ | – တစ်စုံတစ်ခုသော အကြောင်းကြောင့် အကျိုးမပေးမူ၍ ပျက်ပြယ်သွားသည်။ |

## သီလအကျိုး ၅ ပါး

သီလနှင့်ပြည့်စုံသောသူသည်

၁။ များစွာသောစည်းစိမ်ဥစ္စာတို့ကိုရခြင်း

၂။ ဂုဏ်သတင်းကျော်စောပျံ့နှံ့ခြင်း

၃။ ပရိသတ်အလယ်မှာ မျက်နှာမငယ် မကြောက်မရွံ့ ရဲဝံ့စွာနေရခြင်း

၄။ မတွေမဝေ ကြည်ကြည်လင်လင်သေရခြင်း (မြေအိုးကိုစွန့်၍ ရွှေအိုးကိုရသကဲ့သို့)

၅။ သေပြီး လူ့ပြည်၊ နတ်ပြည် သုဂတိဘဝသို့ ရောက်ရခြင်း

## သီလကိုညှိုးနွမ်းစေတတ်သော

## မေထုံငယ် (၇) ပါးခေါ် တပ်နှစ်သက်သာယာခြင်း ၇ ပါး

၁။ မာတုဂါမတို့၏ ကိုင်တွယ်ဆုပ်နယ်ပေးခြင်းကို သာယာခြင်း

၂။ မာတုဂါမတို့နှင့် ပြောဆိုရယ်မောနေရသည်ကို သာယာခြင်း

၃။ မာတုဂါမတို့နှင့် မျက်နှာချင်းဆိုင် ကြည့်နေရသည်ကို သာယာခြင်း

၄။ မာတုဂါမတို့၏ ရယ်သံ ပြောသံ သီချင်းသံကို ကြား၍ သာယာခြင်း

၅။ မာတုဂါမတို့နှင့် ရှေးကအတူ ကြည်နူးခဲ့ဖူးသည်ကို သာယာခြင်း

၆။ အမျိုးသမီး အမျိုးသား စုံတွဲသွားလာနေသည်ကို အားကျ၍ သာယာခြင်း

၇။ ငါသည် သီလစင်ကြယ်သောကြောင့် တန်ခိုးကြီးသော နတ် ဖြစ်ရပါလို၏ဟု တောင့်တသာယာခြင်း

## အပ္ပမညာ (၄) ပါး ဗြဟ္မဝိဟာရ (၄) ပါး

| | |
|---|---|
| ၁။ မေတ္တာ | သုခိတ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍အမျှချစ်ခြင်း |
| ၂။ ကရုဏာ | ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း |
| ၃။ မုဒိတာ | သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း |
| ၄။ ဥပေက္ခာ | သုခိတ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း |

## အနုဿတိ ၁၀ ပါး

| | |
|---|---|
| ၁။ ဗုဒ္ဓါနုဿတိ | အရဟံစသော ဘုရား၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်း |
| ၂။ ဓမ္မာနုဿတိ | တရားတော်၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း |
| ၃။ သံဃာနုဿတိ | သံဃာ၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း |
| ၄။ သီလါနုဿတိ | မိမိသီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း |
| ၅။ စာဂါနုဿတိ | မိမိ စွန့်ကြဲလှူဒါန်းခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း |
| ၆။ ဒေဝတာနုဿတိ | နတ်တို့ကို သက်သေထား၍ မိမိ၏သဒ္ဓါတရားကို အဖန်ဖန် အောက်မေ့ခြင်း |
| ၇။ ဥပသမာနုဿတိ | နိဗ္ဗာန်၏ ရာဂချုပ်ငြိမ်းရာဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း |
| ၈။ မရဏာနုဿတိ | သေခြင်းတရားကို အဖန်ဖန်အောက်မေ့ခြင်း |

၉။ ကာယဂတာ သတိ — ဆံပင်အစရှိသော ၃၂ ကောဋ္ဌာသကို အဖန်ဖန်အောက်မေ့ခြင်း

၁၀။ အာနာပါန သတိ — ထွက်သက်ဝင်သက်ကို အာရုံပြု၍ အဖန်ဖန်အောက်မေ့ခြင်း

(အနုဿတိ ၁၀ ပါးကို အထူးလေးလေးစားစား ပွားများ၍နေခဲ့ပါလျှင် လောကီလောကုတ္တရာ အကျိုးထူးများ ရရှိနိုင်ပေသည်။)

## ဖြတ်ရပယ်ရမည့် ကြောင့်ကြမှု ပလိဗောဓကြီး ၁၀ ပါး

၁။ အာဝါသပလိဗောဓ — ကျောင်းအိပ်ရာနေရာ၌ ကြောင့်ကြမှု

၂။ ကုလပလိဗောဓ — အမျိုး၌ကြောင့်ကြမှု (တပည့်အလုပ်အကျွေး)

၃။ လာဘပလိဗောဓ — လာဘ်လာဘ ပေါများခြင်း၌ ကြောင့်ကြမှု

၄။ ဂဏပလိဗောဓ — ဂိုဏ်းဂဏအပေါင်းအဖော်၌ ကြောင့်ကြမှု

၅။ ကမ္မပလိဗောဓ — အမှုကိစ္စ၌ ကြောင့်ကြမှု

၆။ အဒ္ဓါနပလိဗောဓ — ခရီးသွားလာခြင်း၌ ကြောင့်ကြမှု

၇။ ဉာတိပလိဗောဓ — ဆွေမျိုးသားခြင်း၌ ကြောင့်ကြမှု

၈။ အာဗာဓပလိဗောဓ — အနာရောဂါ၌ ကြောင့်ကြမှု

၉။ ဂန္ထပလိဗောဓ — ကျမ်းဂန်သင်ကြားမှု၌ ကြောင့်ကြမှု

၁၀။ ဣဒ္ဓိပလိဗောဓ — ဘုန်းတန်ခိုးကြီးမှု၌ ကြောင့်ကြမှု

## ဘေး ၄ မျိုး

| | | |
|---|---|---|
| ၁။ | အတ္တာနုဝါဒဘေး | အမှားလုပ်ခဲ့မိ၍ မိမိကိုယ်ကိုစွပ်စွဲခြင်းဘေး |
| ၂။ | ပရာနုဝါဒဘေး | သူတစ်ပါးက မိမိကိုမတရားစွပ်စွဲခြင်းဘေး |
| ၃။ | ဒုဂ္ဂတိဘေး | အပါယ်လေးဘုံ ကျရောက်ခြင်းဘေး |
| ၄။ | ဒဏ္ဍဘေး | ချုပ်နှောင်ခံရခြင်းစသော ဒါဏ်ကျရခြင်းဘေး |

## သေခြင်း ၄ မျိုး

| | | |
|---|---|---|
| ၁။ | အာယုက္ခယ | အသက်ကုန်၍သေရခြင်း |
| ၂။ | ကမ္မက္ခယ | ကံကုန်၍သေရခြင်း |
| ၃။ | ဥဘယက္ခယ | အသက်တန်း ကံ နှစ်ပါးစုံကုန်၍ သေရခြင်း |
| ၄။ | ဥပစ္ဆေဒက | ကံဖြတ်၍ သေရခြင်း (သေနတ်မှန် ရေနစ် သစ်ပင်ပေါ်ကျခြင်း) |

## သတိပဋ္ဌာန် ၄ ပါး

| | | |
|---|---|---|
| ၁။ | ကာယာနုပဿနာ သတိပဋ္ဌာန် | ရူပက္ခန္ဓာ မိမိရုပ်အစုဋ္ဌ ဖြစ်မှုပျက်မှုကိုရှုခြင်း |
| ၂။ | ဝေဒနာနုပဿနာ သတိပဋ္ဌာန် | ဝေဒနာက္ခန္ဓာ မိမိဝေဒနာအစုဋ္ဌ ဖြစ်မှုပျက်မှုကိုရှုခြင်း |
| ၃။ | စိတ္တာနုပဿနာ သတိပဋ္ဌာန် | ဝိညာဏက္ခန္ဓာ မိမိစိတ်အစုဋ္ဌ ဖြစ်မှုပျက်မှုကိုရှုခြင်း |

| | | |
|---|---|---|
| ၄။ | ဓမ္မာနုပဿနာ သတိပဋ္ဌာန် | သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာကြွင်းတရားအစု၌ ဖြစ်မှုပျက်မှုကိုရှုခြင်း |

## ခန္ဓာ ၅ ပါး

| | | |
|---|---|---|
| ၁။ | ရူပက္ခန္ဓာ | ဖောက်ပြန်မှု ရုပ်အစု |
| ၂။ | ဝေဒနာက္ခန္ဓာ | အကောင်းအဆိုး ခံစားမှုဝေဒနာအစု |
| ၃။ | သညာက္ခန္ဓာ | မှတ်သားမှု သညာအစု |
| ၅။ | သင်္ခါရက္ခန္ဓာ | စေ့ဆော်တိုက်တွန်းမှု ပြုပြင်ပြောင်းလွဲမှု သင်္ခါရအစု |
| ၆။ | ဝိညာဏက္ခန္ဓာ | အာရုံကိုသိမှု စိတ်အစု |

## ရုပ်နာမ် ၂ ပါး

၁။ ရူပက္ခန္ဓာသည် - ရုပ်ခန္ဓာ

၂။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်သည် - နာမ်ခန္ဓာ

## ဒွါရ ၆ ပါးခေါ် တံခါးပေါက် ၆ ပေါက်

| | | | | |
|---|---|---|---|---|
| ၁။ | စက္ခုဒွါရ | မျက်စေ့တံခါးပေါက် | ရူပါရုံ၏ | ထွက်ရာဝင်ရာ |
| ၂။ | သောတဒွါရ | နားတံခါးပေါက် | သဒ္ဒါရုံ၏ | ။ |
| ၃။ | ဃာနဒွါရ | နှာခေါင်းတံခါးပေါက် | ဂန္ဓာရုံ၏ | ။ |
| ၄။ | ဇိဝှါဒွါရ | လျှာတံခါးပေါက် | ရသာရုံ၏ | ။ |
| ၅။ | ကာယဒွါရ | ကိုယ်တံခါးပေါက် | ဖောဋ္ဌဗ္ဗါရုံ၏ | ။ |
| ၆။ | မနောဒွါရ | စိတ်တံခါးပေါက် | ဓမ္မာရုံ၏ | ။ |

## အာရုံ ၆ ပါး

| | | | |
|---|---|---|---|
| ၁။ | ရူပါရုံ | အလိုရှိအပ် မရှိအပ် | ရုပ်အဆင်းအာရုံ |
| ၂။ | သဒ္ဒါရုံ | ။ | အသံအာရုံ |
| ၃။ | ဂန္ဓာရုံ | ။ | အနံ့အာရုံ |
| ၄။ | ရသာရုံ | ။ | အရသာအာရုံ |
| ၅။ | ဖောဋ္ဌဗ္ဗာရုံ | ။ | အတွေ့အထိအာရုံ |
| ၆။ | ဓမ္မာရုံ | စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်အာရုံ | |

၁၊ ၂၊ ၃၊ ၄၊ ၅ ဤအာရုံငါးပါးကို
ကာမဂုဏ် ၅ ပါးဟုခေါ်သည်။

## ဝိညာဏ် ၆ ပါး

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ် | မြင်သိစိတ် |
| ၂။ | သောတဝိညာဏ် | ကြားသိစိတ် |
| ၃။ | ဃာနဝိညာဏ် | နံ သိစိတ် |
| ၄။ | ဇိဝှါဝိညာဏ် | စား သိစိတ် |
| ၅။ | ကာယဝိညာဏ် | ထိ သိစိတ် |
| ၆။ | မနောဝိညာဏ် | နှလုံးသွင်းသိစိတ် |

## စက္ခု ၅ ပါး

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓစက္ခု | အာသယာနုသယဉာဏ်၊ ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ် |
| ၂။ | ဓမ္မစက္ခု | အောက်မဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါး |
| ၃။ | သမန္တစက္ခု | သဗ္ဗညုတဉာဏ်တော် |
| ၄။ | ဒိဗ္ဗစက္ခု | ဒိဗ္ဗစက္ခုအဘိဉာဏ် |
| ၅။ | ပညာစက္ခု | သစ္စာလေးပါးသိသောဉာဏ် |

## မေတ္တာပွားကျိုး

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့် ချက်ခါထမင်း
ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တညှစ်စာ၊
ကြိမ်သုံးခါမျှ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊
ဘုရားမြတ်စွာ မိန့်ခွန်းတည်း။ (သံ - ၁-၄၅၅)

## မေတ္တာအကျိုး (၁၁) ပါး

အိပ်, နိုး, ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊
စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓားတို့ ရှောင်ရှားကိုယ်မှာ၊
လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊
လားလေဗြဟ္မာ၊ ဆယ့်တဖြာသည်၊ မေတ္တာပွားမှု
အကျိုးတည်း။ (အံ - ၃-၅၄၂)

မဟာစည်ဆရာတော်၏ အသံလွှင့်ဗြဟ္မစိုရ်တရားတော်မှ-

**(ပထမကျော်ဦးမောင်ကြီး ဓမ္မပါလစာပေ အမှတ် ၄၇ မှ)**

မဖြစ်နိုင်တာမရှိပါ၊ လူမှာစွမ်းအင် ရှိဆုံးပင် ။

## မေတ္တာအကျိုး

နို့တညှစ်ခန့်၊ ပွားသန့်မေတ္တာ၊
နံနက်နေ့ည၊ ပွားကြသုံးခါ၊
သုံးရာဆွမ်းအိုး၊ လှူမျိုးထက်သာ၊
ဩက္ခာသုတ် သံယုတ် ဒေသနာ။

အင်္ဂုတ္တရ ထုတ်ပြမေတ္တာ၊ လက်တဖျစ်မျှ ပွားကြသူမှာ
ဈာန်စိတ်တူမျှ၊ ဗုဒ္ဓသိဿာ၊
ပြည်သူမြတ်တို့ဆပ် ကျွေးရှူးသာ။

ရင်သားရင်သွေး၊ တိုက်ကျွေးကြင်နာ၊
နို့သောသွေးက၊ ဖြူဖွေးချိုလာ၊
တိရစ္ဆာန်မှ၊ မြတ်လူမေတ္တာ၊
ဒို့လူသား ဖြစ်ပွား နတ်ဗြဟ္မာ။

## ဝိနယသံခိပ်

လင်္ကာ – ရဟန်းတရား၊ အမြတ်ထား၊ သုံးပါးကျင့်သိက္ခာ။
သိက္ခာ ၃ ပါး – အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာ
သိက္ခာ။

အာဒိဗြဟ္မစရိယနှင့် အာဘိသမာစာရိက ဤနှစ်ဝ သီလသာသနာ။

လူတို့၏ ငါးပါးသီလ ဆယ်ပါးသီလ ရှစ်ပါးသော ဥပေါသထသီလတို့ထက် လွန်ကဲထူးမြတ်သော သီလသိက္ခာမျိုးဖြစ်၍ ထိုနှစ်ပါးသော အာဒိဗြဟ္မစရိယကသီလ၊ အာဘိသမာစာရိက သီလ နှစ်ပါးတို့ကို အဓိသီလသိက္ခာဆိုသည့် မြတ်စွာဘုရားတို့ ဖြစ်ပွင့်တော်မူသောအခါ၌သာ လောက၌ ဖြစ်ပေါ်သည်။

နှစ်ရာ့နှစ်ဆယ်၊ ခုနစ်သွယ်၊ အကျယ် အာဒိသာ။

အာဒိဗြဟ္မစရိယက ဆိုသည်ကား ပါတိမောက်မှာ အကျယ်လာသော ၂၂၇ ပါးသော သိက္ခာပဒသီလတို့ကိုဆိုသည်။ အကျဉ်းအားဖြင့် ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလကို ဆိုသည်။ ထိုသီလသည် မဂ္ဂဗြဟ္မစရိယ၏ အစအဦးဖြစ်၍ အာဒိဗြဟ္မစရိယကသီလ မည်၏။ ဤ ၂၂၇ ပါးသော သိက္ခာပဒသီလ အပေါင်းသည် သောတာပတ္တိမဂ္ဂသီလ၏ အစအဦး အခြေအမြစ်ဖြစ်၍ သောတာပတ္တိမဂ္ဂသီလ၌ သင်္ဂြိုဟ်ရေတွက်ခြင်းသို့ရောက်၏။ ။သောက္ခော

ဘိက္ခုတိ ပုထုဇ္ဇနကလျာဏကေန သဒ္ဓိံ သတ္တအရိယာ တိသော သိက္ခာ သိက္ခန္တီတိသေက္ခာ၊ တေသုယောကောစိ သေက္ခော ဘိက္ခုတိဝေဒိတဗ္ဗော။ အရ ယခုကာလ သီလဝန္တ ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်တို့၌ သဂြိုဟ်ရေတွက်ခြင်းသို့ ရောက်ကုန်၏။

## "ခန္ဓကဝတ် အကျင့်မြတ် မှတ်လေဘိသမာ"

မဟာဝါခန္ဓက စူဠဝါခန္ဓကတို့၌လာသော ဥပဇ္ဈာယဝတ်၊ အာစရိယဝတ် အစရှိသော ကျင့်ဝတ်တရားတို့သည် ထိုအာဒိ ဗြဟ္မစရိယကသီလပေါ်တွင် အရောင်တင်အမွှန်းတင်သီလ ဖြစ်ပေ၍ အထွတ်အမြတ်ဖြစ်သော အကျင့်အာစာရဟူသောအနက် ကြောင့် အာဘိသမာစာရိကသီလ မည်ကုန်၏။ ။ဤသာတော ဝိဘင်္ဂပရိယာပန္နံ အာဒိဗြဟ္မစရိယကံ၊ ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ (ဝိသုဒ္ဓိမဂ်)

## "သမာပတ္တိ ရှစ်ပါးရှိ အဓိစိတ္တသာ"

ဝိပဿနာ၏ အခြေပါဒဖြစ်သော ပထမဈာန် သမာပတ် စသော သမာပတ်ရှစ်ပါးသည် အဓိစိတ္တသိက္ခာ မည်၏။

## "ဝိပဿနာသုံးတန်၊ မဂ်ဖိုလ်ဉာဏ်၊ အမှန်ဓိပညာ"

အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ် ၊ အနတ္တာနုပဿနာဉာဏ် သုံးပါးသည်လည်းကောင်း၊ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးသည်လည်းကောင်း အဓိပညာသိက္ခာမည်၏။

## "အာဘိသမာစာရိ မပြည့်ဘိ၊ အာဒိကြောင်မြဲသာ"

အာဘိသမာစာရိကဖြစ်သော ဥပဇ္ဈာယဝတ်၊ အာစရိယဝတ် အစရှိသော ခန္ဓကဝတ်အကျင့်တို့ကို ပြည့်စုံစွာမပြည့်နိုင်သော

ရဟန်းအား ၂၂၇ သွယ် သိက္ခာပုဒ်တော်တည်းဟူသော အာဒိ ဗြဟ္မစရိယကသီလသည် ပြည့်စုံမြဲမဟုတ်၊ နွားပြောက်နွားကျား ကဲ့သို့ အကြောင်းအကျားသာ ဖြစ်မြဲတည်း။

## "သောဝတဘိက္ခဝေ ဘိက္ခု အာဘိသမာစာရိကံဓမ္မံ အပရိပူရေတွာ အာဒိဗြဟ္မစရိယကံ ဓမ္မံ ပရိပူရေဿတိတိ နေတံဌာနံ ဝိဇ္ဇတိ" (အင်္ဂုတ္တိုရ်ပါဠိ)

ပဉ္စင်္ဂုတ္တရ သုမနဝဂ္ဂဋ္ဌ ကဿပဘုရားရှင်လက်ထက် ရဟန်းနှစ်ပါး အတူသီတင်းသုံးနေကြရာ တစ်ပါးက သီလကို လုံခြုံအောင် စောင့်ထိန်းလျှင်ပြီးတာပဲဆိုပြီး တံမြက်လှည်းခြင်း၊ သောက်ရေ သုံးဆောင်ရေခပ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်များ မဖြည့်ကျင့်မူ၍ အာဒိဗြဟ္မ စရိယကဝတ်သာလျှင် ဖြည့်ကျင့်၍ နေ၏။ တစ်ပါးကတော့ အာဒိဗြဟ္မ စရိယကဝတ်ကိုလည်း သီလ လုံခြုံအောင် ကျင့်ကြံဖြည့်ကျင့်၏။ တံမြက်လှည်းခြင်း၊ သောက် ရေ သုံးဆောင်ရေခပ်ခြင်းစသော အာဘိသမာစာရိကဝတ်ကိုလည်း ဖြည့်ကျင့်၏။

ထိုရဟန်း သူငယ်ချင်းနှစ်ပါး ဂေါတမဘုရားရှင်လက် ထက် ရောက်လာသောအခါ သီလဆောက်တည်လုံခြုံထိန်းသိမ်း ခြင်းဟူသော အာဒိဗြဟ္မစရိယကဝတ်သာ ကျင့်၍ ဝတ်ကြီးဝတ် ငယ်ကျင့်ခြင်းဟူသော အာဘိသမာစာရိကဝတ်ကို မကျင့်သော ရဟန်းသည် ကောသလမင်းကြီး၏နန်းတော်၌ ဆင်းရဲလှသော အခိုင်းအစေ ကျွန်မ၏သားကလေး လာဖြစ်၍၊ အာဒိဗြဟ္မစရိယက ဝတ် အာဘိသမာစာရိကကဝတ် နှစ်ပါးလုံးဖြည့်ကျင့်သောရဟန်း သည် သုမနဒေဝီ မင်းသမီးကလေး၏ မောင် ကောသလမင်း

ကြီး၏သားတော် မင်းသားကလေး ဖြစ်လာလေသည်။ ထို့ကြောင့် အထွဋ်အထိပ် သို့ ရောက်လိုသော ရှင်ရဟန်းသည် ဝတ်နှစ်ပါးလုံး ပြည့်စုံအောင် ဖြည့်ကျင့်ရမည် ဖြစ်ပေသည်။

## ပရိက္ခရာ ၈ ပါး

သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်း၊ သပိတ်၊ ခါးပန်းကြိုး၊ သင်ဓုန်း၊ ရေစစ်၊ အပ် (သာမဏေ၌ နှစ်ထပ်သင်္ကန်းမလို)

## ပစ္စည်း ၄ ပါး

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး။

## သင်္ကန်း ၉ ထည်

"သင်း၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိတ်၊ နိသိဒ်၊ မိုး၊ အမာ" သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ပရိက္ခာရစောဠပုဆိုး၊ နိသီဒိုင်အခင်း၊ မိုးရေခံသင်္ကန်း၊ အမာလွှမ်းသင်္ကန်း။

## မအပ်သော သင်္ကန်းရောင်

၁။ အောက်မဲညိုပွင့်ကဲ့သို့ ညိုသောသင်္ကန်း၊
၂။ မဟာလှေကားပွင့်ကဲ့သို့ ဝါရွှေသောသင်္ကန်း၊
၃။ လယ်ခေါင်ရမ်းပွင့်ကဲ့သို့ နီသောသင်္ကန်း၊
၄။ မောင်းသောသင်္ကန်း၊
၅။ ပုတီးနက်စေ့၊
၆။ ကျီးတောင်ကဲ့သို့ မည်းနက်သောသင်္ကန်း၊
၇။ ကင်းခြေများကျောက်ကုန်းအဆင်းရှိသောသင်္ကန်း၊

၈။ ဖျော့တော့သောအဆင်းရှိသောသင်္ကန်း၊
၉။ ပဒုမ္မာပွင့်အဆင်းကဲ့သို့ နီဖျော့သောသင်္ကန်းများ မဝတ်အပ်ပါ။
(အပ်သော ဆိုးရည် ထပ်ဖို့၍ ဝတ်ရမည်)

## အပ်သော သပိတ် ၂ လုံး

မြေသပိတ်၊ သံသပိတ် အပ်သည်။
သစ်သားသပိတ်၊ ရွှေ, ငွေ, ပတ္တမြား, ကြေး, ခဲ, ဖလ်, စဉ့် သပိတ်များ မအပ်။

| လ | ရာသီ | ရာသီပွဲ | ရာသီပန်း |
|---|---|---|---|
| တန်ခူးလ | မိဿ | သင်္ကြန် | ရင်ခတ်၊ ဂန့်ဂေါ |
| ကဆုန်လ | ပြိဿ | ညောင်ရေ | စကားဝါပန်း |
| နယုန်လ | မေထုံ | စာတော်ပြန် | စံပယ်၊ မြတ်လေး |
| ဝါဆို | ကရကဋ် | ပဉ္စင်းတော်ခံ | ပုန်းညက်၊ အနန်း |
| ဝါခေါင် | သိဟ် | စာရေးတံ | ခတ္တာ |
| တော်သလင်း | ကန် | လှေပြိုင် | ယင်းမာ |
| သီတင်းကျွတ် | တူ | မီးမြင်းမိုရ် | ကြာမျိုးငါးပါး |
| တန်ဆောင်မုန်း | ဗြိစ္ဆာ | ကထိန် | ခဝဲ၊ ပြည်ပန်းရွှေ |
| နတ်တော် | ဓနု | မဟာပိန္နဲနတ် | ဂမုန်း၊ သဇင် |
| ပြာသို | မကာရ | မြင်းခင်း | ခွာညို |
| တပို့တွဲ | ကုမ် | ယာဂုနှမ်းမနဲ | ပေါက်လဲ |
| တပေါင်း | မိန် | သဲပုံစေတီ | အင်ကြင်း၊ သရဖီ |

| နေ့ | ဂြိုဟ်ကောင် | ဂြိုဟ်သက် | အရပ် |
|---|---|---|---|
| တနင်္ဂနွေ | ဂဠုန် | ခြောက်နှစ်ကြုံ | နေတုံအရှေ့မြောက် |
| တနင်္လာ | ကျား | တဆဲ့ငါး | နေကြားအရှေ့ရပ် |
| အင်္ဂါ | ခြင်္သေ့ | ရှစ်နှစ်စေ့ | နေလေ့အရှေ့တောင် |
| ဗုဒ္ဓဟူး | ဆင် | တောင်ရပ်ခွင် | နေလျှင်ဆဲ့ခွန်နှစ် |
| ကြာသပတေး | ကြွက် | ဆဲ့ကိုးဘက် | နေလျက်အနောက်ရပ် |
| ရာဟု | ဟိုင်းဆို | နောက်မြောက်ကို | နေလိုတဆဲ့နှစ် |
| သောကြာမှာ | ပူး | မြောက်စူးစူး | အထူးနှစ်ဆယ် |
| စနေ | နဝါး | နောက်းတောင်ပေ | စွန်းကယ်တာ၍နှစ်မျှ<br>မသေဆွဲဆယ်နှစ်မျှ |

## သီလ ၂ ပါး

၁။ စာရိတ္တသီလ — အပြစ်မရှိသော လုပ်ငန်းတာဝန်များ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း ဆောင်ရွက်ခြင်းတို့ကို စာရိတ္တသီလဟု ခေါ်ဆိုသည်။ (အကျင့်စာရိတ္တကောင်းမွန်ခြင်း)

၂။ ဝါရိတ္တသီလ — မြတ်စွာဘုရားက ဤအမှုမျိုး မပြုကျင့်ရ မပြုကောင်းဟု ဆုံးမ ပညတ် တားမြစ်ထားသော သူ့အသက်သတ်ခြင်းစသော ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းတို့ကို ဝါရိတ္တသီလဟု ခေါ်ဆိုသည်။ (သီလဆောက်တည်ခြင်း)

## ဗလ ၅ တန်

၁။ ကာယဗလ - ကိုယ်စွမ်းအား
၂။ ဉာဏဗလ - ဉာဏ်စွမ်းအား
၃။ ဘောဂဗလ - စည်းစိမ်စွမ်းအား
၄။ စာရိတ္တဗလ - အကျင့်ကောင်းမွန်ခြင်းစွမ်းအား
၅။ မိတ္တဗလ - အဆွေခင်ပွန်းစွမ်းအား

## ယုဂခေတ် ၅ မျိုး (ဝန္နသေဒနီမှ)

၁။ ဝိမုတ္တိယုဂခေတ် ၂။ သမာဓိယုဂခေတ်
၃။ သီလယုဂခေတ် ၄။ သုတယုဂခေတ်
၅။ ဒါနယုဂခေတ်

၁။ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရား အားထုတ်မှု ခေတ်စားသော အချိန်အခါသည် ဝိမုတ္တိယုဂခေတ်၊
၂။ ဈာန်အဘိဉာဏ်၏တရားများရကြောင်း သမထတရား ခေတ်စားသောအချိန်သည် သမာဓိယုဂခေတ်၊
၃။ သီလအမျိုးမျိုး ဆောက်တည်မှု ခေတ်စားသောအချိန်အခါ သည် သီလယုဂခေတ်၊
၄။ စာပေကျမ်းဂန် ဗဟုသုတများ အများအပြား ဦးစားပေး၍ သင်ကြားပို့ချမှု ခေတ်စားသောအချိန်သည် သုတယုဂခေတ်
၅။ ဒါနကိုဦးစားပေး၍ ပေးကမ်းလှူဒါန်းမှု ခေတ်စားသောအချိန် အခါသည် ဒါနယုဂခေတ်။

ပထမသင်္ဂါယနာ တင်ပြီးသည့်အချိန်မှစ၍ ပထမအနှစ် ၅၀၀ သည် ဝိမုတ္တိယုဂခေတ် စသည်ရေတွက်ရသည်။

သာသနာ ၂၅၀၀ ပြည့်လျှင် ဒါနယုဂခေတ် ကုန်ဆုံးသည်။ ယခု သာသနာ ၂၅၀၀ ကျော်လာသဖြင့် ဝိမုတ္တိယုဂခေတ်သို့ ပြန်ရောက်လာသည်။

"ဒွေ အဋ္ဌနှင့် ဧက ဧကာ နှော့တုံပါက၊ သာသနာနှစ် အတိတ်ဖြစ်၏"

"ရောက်လစ်ကောဇာ၊ ၁၁၈၂ ရောတုံလစ်က သာသနာ နှစ် ဇကံဖြစ်၏။"

## ကောလာဟလ ၅ ပါး

| | | |
|---|---|---|
| ၁။ | ကပ္ပကောလာဟလ | ကမ္ဘာကြီး ပျက်တော့မည်ဟု နှစ်ပေါင်း တစ်သိန်းက ကြိုတင်၍ ကောလာ ဟလ ဖြစ်သည်။ |
| ၂။ | ဗုဒ္ဓကောလာဟလ | ဘုရားမပွင့်မီ နှစ်ပေါင်းတစ်ထောင်က ကြိုတင်၍ ကောလာဟလဖြစ်သည်။ |
| ၃။ | စကြာကောလာဟလ | စကြဝတေးမင်း ပေါ်လိမ့်မည်ဟု နှစ် ပေါင်းတစ်ရာက ကြိုတင်၍ ကောလာ ဟလ ဖြစ်သည်။ |
| ၄။ | မင်္ဂလာတရား | မင်္ဂလာတရား ဟောမည်ဟု နှစ်ပေါင်း ဆယ့်နှစ်နှစ်က ကြိုတင်၍ ကောလာ ဟလ ဖြစ်သည်။ |
| ၅။ | မောနေယျ | မောနေယျ ကျင့်မည့်ရဟန်းမှာ ခုနှစ် ရက်ကကြိုတင်၍ ကောလာဟလဖြစ် သည်။ |

(ကမ္ဘာမှာ တစ်သိန်း, ဘုရားမှာ တစ်ထောင်, စကြာမှာ တစ်ရာ, မင်္ဂလာမှာ ဆယ့်နှစ်, မောနေယျမှာ ခွန်)

## လောကဓံ ၈ ပါး

| | | | |
|---|---|---|---|
| လာဘော | – လာဘ်ရခြင်း၊ | အလာဘော | – လာဘ်မရခြင်း၊ |
| ယသော | – အခြံရံများခြင်း၊ | အယသော | – အခြံရံနည်းခြင်း၊ |
| နိန္ဒာ | – အကဲ့ရဲ့ခံရခြင်း၊ | ပသံသာ | – အချီးမွမ်းခံရခြင်း၊ |
| သုခံ | – ချမ်းသာခြင်း၊ | ဒုက္ခံ | – ဆင်းရဲခြင်း၊ |

(ဤလောကဓံရှစ်ပါးသည် ပုဂ္ဂိုလ်တိုင်းတွေ့ရသည်၊ မတုန်လှုပ် မစိုးရိမ်ရာ)

## ရှင်ပြုနည်းအမျိုးမျိုး

### ရာဟုလာရှင်ပြုပုံ

ရာဟုလာ မင်းသားကလေးသည် မြတ်စွာဘုရားထံ အမွေ တောင်းသောအခါ ကျောင်းတော်သို့ရောက်လျှင် အရှင်သာရိ ပုတ္တရာကို ခေါ်တော်မူ၍ သာရိပုတ္တရာ ရာဟုလာက အမွေတောင်း နေတယ်၊ လောကီအမွေတော့ မပေးတော့ဘူး၊ လောကုတ္တရာ အမွေပေးမယ်၊ ရှင်သာမဏေပြုပေးလိုက်ပါဟု မိန့်တော်မူသဖြင့် အရှင်သာရိပုတ္တရာသည် သရဏဂုံပေး၍ ရှင်ပြုပေးခဲ့ပါသည်။

မင်းသားကလေးလို ဝတ်စားဆင်ယင်ထားပုံကလွဲလို့ သင်္ကန်း ပရိက္ခရာလဲမပါ၊ ဆွေမျိုးသားခြင်း အဆောင်အယောင်လဲ မပါဘဲ နဲ့ ရှင်ပြုခဲ့ပါသည်။

## သုခသာမဏေ ဝနဝါသီတိဿ သာမဏေ

သုခသာမဏေ ဝနဝါသီတိဿ သာမဏေ ကလေးတွေ ရှင်ပြုပုံမှာ ကိုရင်ဝတ်ချင်သော သားဆန္ဒအတိုင်း ဆရာဘုန်းကြီး ကိုပင့်၍ ဆွမ်းကျွေးပြီး တပည့်တော်တို့၏ သားကလေး သင်္ကန်း

ဝတ်လိုသော ဆန္ဒရှိပါသဖြင့် ညနေကျတော့ ကျောင်းသို့ပို့ဆောင်ပါမည်ဘုရားဟု လျှောက်ထားပြီး ဆွေမျိုးသားချင်းများနှင့် တိုင်ပင်ကာ သားကလေးကို အဆင်တန်ဆာ အမျိုးမျိုး ပြင်ဆင်ခြယ်သလျက် ချီးမြှောက်စရာရှိသမျှကို ယနေ့အကုန်ချီးမြှောက်မည်ဟုဆိုပြီး ခမ်းနားကြီးကျယ်သော အစီအစဉ်ဖြင့် ကျောင်းတော်သို့ပို့၍ ဆရာဘုန်းကြီးက သင်္ကန်းဝတ်ပေးသည်။

ဉာတကေသန္နိပါတာပေတွာ၊ ပုတ္တဿမေ ဂိဟိကာလေ ကတ္တဗ္ဗကိစ္စံအဇ္ဇေဝကရိဿမ။ (ဓမ္မပဒ ၃-၆၀) ·စံဝတိ

## ဓမ္မာသောကမင်း

သီရိဓမ္မာသောကမင်းကြီးသည် ညီတော် အိမ်ရှေ့မင်း တိဿမင်းသား ရဟန်းပြုစဉ်က မင်းကြီးကိုယ်တိုင် အာသောကာရုံကျောင်းတော်သို့ သွားသောလမ်းကို အမျိုးမျိုးတန်ဆာဆင်စေ၍ တိဿမင်းသားကိုလည်း နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ပွဲလမ်းသဘင်ဝင် အဝတ်တန်ဆာများ ဝတ်စားဆင်ပြင်စေပြီး အဆောင်အယောင် အဆင်အပြင် အမျိုးမျိုးတို့ကို ဆင်ယင်ကိုင်ဆောင်စေလျက် စစ်အင်္ဂါလေးပါးတို့ဖြင့် ခြံရံကာ အာသောကာရုံကျောင်းတော်သို့ပို့ဆောင်၍ ရှင်ရဟန်းပြုခဲ့သည်။

ကုမာရံ ဆဏဝေသံ ဂါဟာပေတွာ အလင်္ကတာယ သေနာယပရိဝါရာပေတွာ ဝိဟာရံ နေသိ။ (ပါဠိ ပ-၄၁)

## မြန်မာမင်းများ

သာသနာ့ဒါယကာ မြန်မာမင်းများရှိစဉ်က ပထမစာတော်ပြန်အောင်သည့် ရှင်လောင်းများ၊ ပထမကျော်အောင်သည့် ရှင်

လောင်းများကို မင်းညီမင်းသားတို့၏ အသွင်အပြင်၊ အိမ်ရှေ့မင်းတို့၏ အသွင်အပြင် ဝတ်စားဆင်ယင်စေ၍ ၎င်းတို့နှင့် ထိုက်တန်သော အဆောင်အယောင်များကိုလည်း အပ်နှင်းခဲ့ကြသည်။

## ရှင်လောင်းလှည့်ပုံ

သိဒ္ဓတ္ထမင်းသားကို မင်းခမ်းမင်းနား အဆောင်အယောင်များဖြင့် ကျောင်းတော်သို့ ပို့ဆောင်သည်ကို အတုယူ၍ ရှင်လောင်းကလေးများကို မင်းညီမင်းသားများ ဝတ်စားဆင်ပြင်ပုံအသွင်၊ သမီး နားထွင်းကလေးများကို နန်းတွင်းသူ မင်းသမီးကလေးများ ဝတ်စားဆင်ပြင်ပုံအသွင် ဝတ်စားဆင်ပြင်စေ၍–

ရှင်လောင်းကလေးများကို ဆင်ယာဉ် မြင်းယာဉ် ဝေါထမ်းစင် စသည်တို့ဖြင့်လည်းကောင်း၊ နားထွင်းကလေးတွေကို လှည်းယာဉ်ဖြင့်လည်းကောင်း အညာအရပ်ဒေသမှာ ယခုခေတ်တိုင်အောင် တတ်နိုင်လျှင် တတ်နိုင်သလို ဒေဝါဝင်း ရာဇာဝင်း ရှေ့ဝင်း နောက်ဝင်းခင်း၍ အတီးအမှုတ် အကအခုန်များဖြင့် ဘုန်းတော်ကြီးကျောင်း ကန်တော့ပြီး မိဆိုင်ဘဆိုင်နတ်များ ပြသလျက် ရပ်ရွာထဲသို့လှည့်ပြပြီး မဏ္ဍာပ်သို့ ပြန်ဝင်ကြလေသည်။

## ရှင်လောင်းလှည့်ခြင်းအစ အာဿကာ က

ရပ်ရွာထဲကို ရှင်လောင်းလှည့်ပြရခြင်းရဲ့ အကြောင်းမှာ ဘုရားရှင်လက်ထက်က မောင်သမဏနဲ့ မယ်အာဿကာတို့ ဇနီးမောင်နှံ ရှိခဲ့လေသည်။ တစ်ဦးနှင့်တစ်ဦး ကာမပုဒ္ဒါန်အားဖြင့် အစွဲအလမ်းကြီးခဲ့ကြလေသည်။ အဲဒီအစွဲအလမ်းကြီးနေမှုကို မောင်သမဏ၏ ဖခင်ဟောင်းဖြစ်ဖူးသော သိကြားမင်းကြီးက သိသဖြင့်

မောင်သမဏကို ဘယ်လိုချွတ်ရမလဲလို့ ကြံစည်စဉ်းစားနေလေသည်။ တစ်နေ့သောအခါ အကြံရပြီး ညချမ်းသောအခါ မယ်အာသင်္ကာ၏ အိမ်အောက်ကနေပြီး အာသင်္ကာရဲ့ လင်ငယ်ယောင်ဆောင်ကာ- ဟေ့ မယ်သင်္ကာ နင့်ယောကျ်ား မောင်သမဏမအိပ်သေးဘူးလား၊ အိမ်အောက်ကို ဆင်းခဲ့လေလို့ မောင်သမဏကြား၍ ထင်ယောင်ထင်မှားဖြစ်အောင် ပြောလိုက်လေသည်။

မောင်သမဏ ကြားလိုက်သောအခါ ဒေါသအမျက်ချောင်းချောင်းထွက်လျက် ရှူးရှူးရှဲရှဲ အိပ်ရာမှထထိုင်ပြီး လက်သီးလက်မောင်းတန်းကာ- ဟဲ့ မယ်သင်္ကာ မိန်းမယုတ်၊ နင်က ငါမရှိတုံးလင်ငယ်နေတာပေါ့လေ၊ အခု နင့်လင်ငယ်က အိမ်အောက်ကလာခေါ်နေပြီ၊ ငါ့နားဆပ်ဆပ်ကြားတယ်၊ နင် ဘာပြောချင်သေးသလဲ၊ တော်ပြီ အယုတ်မ နင်နဲ့ တစ်သက်လုံးမပေါင်းတော့ဘူး၊ လွတ်ရာကျွတ်ရာ သင်္ကန်းဝတ်တော့မယ်ဟု ပြောဆိုကြိမ်းမောင်းလျက် ချစ်ခင်နှစ်သက် စွဲလန်းခဲ့သော မယ်အာသင်္ကာအပေါ်ယုံမှားသံသယဖြစ်ကာ ကြောက်ရွံ့စက်ဆုပ်သွားလေတော့သည်။

နောက်တစ်နေ့ တစ်ယောက်တည်း ကျောင်းတော်သို့သွား၍သင်္ကန်းဝတ်လေတော့သည်။ အာသင်္ကာတို့အုပ်စု ကျောင်းတော်သို့ လိုက်သွားကြသည်။ မောင်သမဏ သင်္ကန်းဝတ်ထားသည်ကိုတွေ့သောအခါ ဘုရားရှင်အား လျှောက်ထားတောင်းပန်လေသည်။ မြတ်စွာဘုရား အသက် ၂၀ ကျော်တဲ့ အမျိုးသားများဟာ ရည်းစားသော်လည်းကောင်း၊ မယားသော်လည်းကောင်း ရှိတတ်ပါသည်ဘုရား။ ရှိ မရှိ သိစေခြင်းငှာ ဝတ်စားပြင်ဆင်လျက် ဆင်ယာဉ်၊ မြင်းယာဉ် စသည်စီးစေပြီး ရည်းစားရှိက ရွှေကြိုးဖြင့်တားစေ၊

မယားရှိက ငွေကြိုးဖြင့်တားစေဟု ကြွေးကြော်ကာ ရွာထဲရပ်ထဲသို့ လှည့်လည်ပြသစေ၍ ရွှေကြိုးငွေကြိုးတားမည့်သူမရှိမှ ရဟန်းပြုပေးသင့်ပါသည်ဘုရားဟု လျှောက်ထားတောင်းပန်လေသည်။

သင်္ကန်းဝတ်သွားတဲ့ လင်တော်မောင် သမဏကိုလည်း သင်္ကန်းဝတ်လိုက တစ်ဝါ နှစ်ဝါကိုတော့ ခွင့်ပြုနိုင်ပါရဲ့၊ သုံးဝါဆိုလျှင်တော့ ခွင့်မပြုနိုင်တဲ့အကြောင်း အဆိုကလေးနဲ့ ချွဲနွဲ့ကာ (တစ်ဝါဆိုလျှင် မယ်ဆိုင်းနိုင်ရဲ့၊ နှစ်ဝါဆိုလျှင် မယ်ဆိုင်းနိုင်ရဲ့၊ ....သုံးဝါဆိုလျှင်တော့ မဆိုင်းနိုင် သင်းပိုင်ကိုင်ကာ ချွတ်တော့မယ်လေ ....) ဟုဆိုလိုက်သောအခါ နောက်ပါအသိုင်းအဝိုင်း ကာလသားများက အာသင်္ကာရေ ဆွဲဆွဲ၊ အာသင်္ကာရေ ဆွဲဆွဲ ဟု အာသင်္ကာကို အားပေးကြသောကြောင့် ဆွဲဆွဲ ကနေ ရွှဲရွှဲဟုရင်း၊ မောင်သမဏက အိုး–ငါ့လာမပြောနဲ့၊ အိုး–ငါ့လာမပြောနဲ့ဟု တားမြစ်သောကြောင့် အိုး ကနေ သျှိုးဟုရင်း ရတုများဖြင့် ရပ်ထဲရွာထဲ ရှင်လောင်းလှည့်ရပုံအစီအစဉ် ဖြစ်ပေါ်လာလေသည်။

---

အာသင်္ကာဇာတ်၊ အဝါရိယဝဂ်၊ ၅၁၀ ဇာတ်(တတိယတွဲ)ကိုမှီငြမ်း သရုပ်ဖော်ထားပါသည်။

---

## ယဉ်ကျေးမှု အမွေအနှစ်

ယခုတိုင် အညာအရပ်ဒေသ တောလက်ကျေးရွာများမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ရှင်လောင်းလှည့်ပုံ အစဉ်အလာဟာ ရှိနေသေးသည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းများမှာ သားကလေးတွေ တစ်သက်တစ်ခါ ရှင်ပြုရတာမို့ ရွှေထီးဆောင်း သားလေး၊ ဘိသိက်သွင်းခံ သားကလေးတွေဖြစ်စေရန် မဏ္ဍာပ်ထိုးခြင်း၊ ဆိုင်းဝိုင်းသွင်းခြင်း၊ အဘိသိက်သွင်းခြင်း၊ ယာဉ်စီး၍ ရှင်လောင်းလှည့်ခြင်း၊ ဗျို့ဟစ်၍ ရွာလုံးကျွတ် မီးခိုးတိတ် စတုဒိသာ ကျွေးမွေးခြင်း စသော ကြီးကျယ်ခမ်းနားသော ရှင်ပြုပွဲကြီးများ ပြုလုပ်လျက်ရှိသေးသည်။

## ရှေ့နောက်စင်ပုံ

ရှင်လောင်းလှည့်ရာ၌ ရှေ့ဆုံးက အာရုံဝတ်အသင်း၊ ထို့နောက်က တံခွန် ကုက္ကား မြလေးပွား ကြိုင်း သိုင်း ယပ်ကိုင်သမား၊ နောက် ငွေဖလားနှင့် ပေါက်ပေါက်ကြဲ၊ ဘုရားရုပ်ပွားတော်၊ ကံဆောင်အိုးရွက်၊ ကန်တော့ပွဲ၊ ရေအိုးလေးများကိုင်၊ ရွှေသင်္ကန်း၊ ကွမ်းတောင်ပန်းတောင်၊ ပိဋကတ်သုံးပုံ၊ အမျိုးသားငွေဖလားပိုက်၊ အလှူ့ဒကာ သပိတ်လွယ်၊ အလှူ့အမ သင်္ကန်းပိုက်၊ ရှင်လောင်းများ မြင်းစီး ရွှေထီးဆောင်း၊ ရတုဆို သျှိုးလိုက်၊ ဆိုင်းသမား၊ လှူဖွယ်ပစ္စည်းကိုင်သော အမျိုးသမီးများ၊ လှည်းယာဉ်စီး နားထွင်းများ၊ ဒိုးပတ်ဝိုင်း။ မြို့ကြီးများမှာတော့ တတ်နိုင်လျှင် တတ်နိုင်သလို ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ခမ်းခမ်းနားနား ပြုလုပ်ကြသည်။

## ဘုရားပင့်

ဘုရားကိုပင့်ပြီး မဏ္ဍာထပ်ထဲမှာ သီတင်းသုံးစေသောကြောင့် ဘုရားပင့် ရှင်လောင်းလှည့်ဟု ဆိုကြသည်။ ဘုရားအမှူးရှိသော သံဃာတော်များ သီတင်းသုံးရန် ကျောင်းအဖြစ် မဏ္ဍာပ်ကို ဆောက်လှူသည်။ သာသနာပိုင်တဲ့အတွက် မာရ်နတ်ကိုတားရာဌာန ဖြစ်သောကြောင့် မာရ်တား၊ တစ်နည်း ရည်းစား မယားရှိပါက သာသနာပိုင် မဏ္ဍာပ်ထဲ မဝင်ရောက်မီ မဏ္ဍာပ်အစမှ ရွှေကြိုး ငွေကြိုးဖြင့်တားကြသောကြောင့် ကိလေသမာရ် တားသောကြောင့် မာရ်တား၊ ၎င်းမှ မဏ္ဍာပ် ဖြစ်လာသည်တဲ့။ ယခုခေတ်မှာလည်း အပ်ချည်နဲ့တားခြင်း၊ လက်ချင်းယှက်တားခြင်း၊ တဘက်ဖြင့်တားခြင်း စသောနည်းမျိုးစုံဖြင့် တားကြ၍ အလှူဒကာဒကာမများထံ လက်ဖက်ရည်ဖိုး တောင်းကြသည်။

## သိုင်း ကြိုင်း ကိုင်ပုံ

သီတင်းကျွတ် လပြည့်နေ့ ဘုရားရှင်ကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်မှ သင်္ကာဿနဂိုရ်ပြည်သို့ ဆင်းကြွလာသော အခါ မင်းခမ်းမင်းနားဖြစ်သော သိုင်း၊ ကြိုင်း၊ ယပ်၊ တံခွန်၊ ကုက္ကား၊ မြလေးပွား စသော ပူဇော်ဖွယ်များဖြင့် ပူဇော်ကြသော ကြောင့် သိုင်း စသည်ကိုင်ကြသည်။

ဝိသာခါ ကျောင်းအစ်မကြီးသည် အယူမတူသော ယောက္ခမ ကြီးများ ကြည်ညိုလာစေရန် အစီအစဉ်၍ မိမိအိမ်ကနေ ပေါက် ပေါက်ကို မြှောက်ကြဲခါ ဘုရားပင့်သည်ကို အကြောင်းပြု၍ ပေါက်ပေါက်ကြဲကြသည်။ ဗောဓိပင်ရင်း၌ မာရ်နတ်၏လက်နက် များ ပန်းပေါက်ပေါက်ဖြစ်သောကြောင့်လည်း အောင်ပန်းအနေ ဖြင့် ကြဲကြအံ့ဟူသည်။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည် မယ်တော်မိနတ်သား အား အဘိဓမ္မာတရားဟောစဉ် ရေပြည့်အိုး ဥပမာပြု၍ ပဋ္ဌာန်း ဆက်သွယ်နည်းဖြင့် အတိတ်ကံကိုဆောင်၍ ဟောသောကြောင့် အတိတ်ကံဆောင်အိုး ထားရသည်။

## အုန်းသီး ငှက်ပျောသီး

ရှေးက ဘုရင်တစ်ပါး သမင်လိုက်ထွက်သောအခါ အိပ် လိုသောဆန္ဒရှိသဖြင့် သစ်ပင်တစ်ပင်အောက်မှာ သစ်သီးတစ်လုံး တွေ့လေရာ ခေါင်းအုံးအိပ်ပြီး အိပ်ရာမှနိုး၍ ရေသောက်လိုသော ကြောင့် ဟိုဟိုဒီဒီ ရေကိုလိုက်ရှာရာတွင် သစ်ပင်ပေါ်မှာ ငှက် ကလေးက အသင်မင်းကြီး ခေါင်းအုံးအိပ်တဲ့ အသီးထဲမှာ ရေရှိ ပါသည်၊ ခွဲ၍ သုံးဆောင်ပါ၊ ဆာလောင်မွတ်သိပ်ပါလျှင် ဟို

အပင်အခိုင်မှ ဆွတ်၍ စားတော်ခေါ်ပါဟု ငှက်ကပြောသော ကြောင့် ငှက်ပျောသီး၊ ခေါင်းအုံးအိပ်လို့ အုန်းသီးဟု အမည်တွင် သည်။

## ကန်တော့ပွဲဖြစ်ပုံ

ဘုရင်ကြီးက ထိုအုန်းသီးနှင့် ငှက်ပျောသီးများကို နန်းတော် သို့ယူဆောင်၍ ဘယ်ညာ လက်နှစ်ဖက်ပေါ်တွင် ငှက်ပျောနှစ်ဖီး တင်ကာ အလယ်က အုန်းသီးထားပြီး မယ်တော်၊ ခမည်းတော် ကြီးများအား ပူဇော်ကန်တော့သောကြောင့် ကန်တော့ပွဲ ဖြစ်လာ လေသည်။ ထို့ကြောင့် ငှက်ပျော ထွာဆိုင်နဲ့ဆိုပြီး အညာအရပ် ဒေသများမှာ ကန်တော့ပွဲများကို ငှက်ပျောနှစ်ဖီး၊ အုန်းတစ်လုံး နှင့် ပြင်ကြသည်။ ယခုနောက်ပိုင်းမှာ ရတနာသုံးပါးပွဲ သုံးဖီး၊ သာသနာငါးထောင်ပွဲ ငါးဖီးထား၍ ပြင်ကြသည်။

## ဘိသိက်ဆရာကြီး ဦးသန်းမောင် မှ

ဤရှင်လောင်းလှည့်ခြင်းအစ အာသဏ်ာမှစ၍ ကန်တော့ပွဲ ဖြစ်လာပုံတိုင်အောင် အစီအစဉ်များသည် စစ်ကိုင်းမြို့အနောက် မအူပင်ကျေးရွာနေ အသက် (၇၈) နှစ်ရှိ ဘိသိက်ဆရာကြီး ဦး သန်းမောင်၏ ပြောပြချက်အရ ဘိသိက်ဆရာကြီး ဦးညိဘာ တို့ထံမှ ဆရာစဉ်ဆက် ဘိသိက်သွင်း ရှင်လောင်းလှည့် အခမ်း အနား အစီအစဉ်ဖြစ်ကြောင်း ယနေ့ခေတ်တိုင် လက်တွေ့သာမက မျက်မြင်ပြုလုပ်လျက်ရှိသောကြောင့် ဗဟုသုတဖြစ်စေရန် ထည့် သွင်းရေးသားလိုက်ပါသည်။

## မှန်နန်းရာဇဝင်

အတိအကျ ကျမ်းကြီးကျမ်းငယ် အထောက်အထား မရှိသော်လည်း ပါးစပ်ရာဇဝင်၊ ရာဇကထာခေါ် ရာဇပုံ၊ ကထာစာပေ၊ ပုံစာပေများကို ယုတ္တိတန်သော မတန်သော အရိုးများသော ချေးခါးသောလုပ်၍ ဖျောက်ဖျက်မပစ်သင့်ပေ။ ဤသို့သောရည်ရွယ်ချက်ဖြင့် ရာဇပုံကလေးများကို ထိန်းသိမ်းထားလိုက်ခြင်းဖြစ်သည်ဟု မှန်နန်းရာဇဝင် နိဒါန်းမှာ ဦးဆန်းထွန်း အမှာစာရေးထားသောအတိုင်းပင်တည်း။

## ဇေတဝန်ကျောင်း ရေစက်ချပွဲ

အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်း ရေစက်ချပူဇော်ပွဲမှာ သားကလေးကို သူဌေးသား ငါးရာနှင့်တကွ အဆင်းငါးမျိုးရှိသော အဝတ်တန်ဆာများဝတ်ဆင်လျက် တံခွန်ငါးရာ ကိုင်ဆောင်၍ ရှေ့ဆုံးမှလည်းကောင်း၊ ထို့နောက် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ သူဌေးသမီး နှစ်ယောက်တို့က သူဌေးသမီး အရံ ငါးရာတို့ဖြင့် ရာပြည့်အိုးငါးရာ ဆောင်၍လည်းကောင်း၊ ထို့နောက် သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီသည် သူဌေးကတော် ငါးရာနှင့် နံ့သာရေထည့်သော ရွှေခွက်ငါးရာ ကိုင်ဆောင်၍လည်းကောင်း၊ ထို့နောက် အနာထပိဏ် သူဌေးကြီးသည် သူဌေးငါးရာနှင့် ဘုရားကို ပင့်ဆောင်သည်။ (သူဌေးကြီးတို့မှာ ဘာကိုင်ဆောင်သည်ဟု မပါ) သူဌေးကြီးတို့က ရှေ့မှပင့်ဆောင်၍ ဘုရားအမှူးရှိသော သံဃာတော်များက နောက်မှကြွတော်မူသည်။ (ဇာတ်သင်္ဂြိုဟ်ကေနိဒါန်း)

## မုန့်ဖြူမုန့်နီ ဖြစ်ပေါ်လာပုံ

ဗိန္ဒုသာရမင်းကြီး၏ သုဓမ္မာမိဖုရားသည် ပဋိသန္ဓေရှိလျှင် ခြေတစ်ဖက်ဖြင့် လ ကို၊ ခြေတစ်ဖက်ဖြင့် နေ ကို နင်းလျက် ကြယ်ကို စားလို၏။ ကောင်းကင်က တိမ်လွှာကို စားလို၏။ မြေဩ တီကို စားလို၏။ မြေဩပေါက်သော သစ်ပင်တို့ကို စားလို၏။ ချင်ခြင်းဖြစ်၍ ထိုချင်ခြင်းပြေစေရန် လ–နေ ပုံသဏ္ဌာန် မုန့်ဆီကြော် အံဖြူ အနီ၊ ကြယ်ပုံ မုန့်လုံးများ၊ တိမ်လွှာပုံ အတွန့်အတက်မုန့်များ၊ တီ–ပုံ မုန့်တီ မုန့်ရှဉ့်' မုန့်ဗိုင်းတောင့် ကတွတ်မို့ စတုမဓူမုန့် သစ်ပင်ပုံ အခက်အခက်မုန့်မျိုး (နေဇာ မြက်) ပြုလုပ်စားစေသောအခါ ချင်ခြင်းပြေလေသည်။ ဤသား တော်ကလေးသည် နေလို လလိုထင်ရှား ဩဇာအာဏာကြီးမား သော သာသနာပြုမင်း ဖြစ်လိမ့်မည်ဟု မင်းဆရာ စရဏာဇီဝက က ဟောလေသည်။ ကိုယ်ဝန်ရင့်သောအခါ သီရိဓမ္မာသောက မင်းသားကလေး ဖွားမြင်လေသည်။ သီရိဓမ္မာသောကမင်း ဘုန်း တန်ခိုး အာနုဘော်ကြီးသကဲ့သို့ မိမိတို့ သားကလေးတွေ ဘုန်း တန်ခိုး အာနုဘော်ကြီးစေရန် ရှင်ပြုသောအခါ မုန့်ဖြူ မုန့်နီ မုန့်လုံး မုန့်တီများ ပြုလုပ်ပြီး ဘုရားကိုကပ်လှူခြင်း၊ သံဃာတော် များလှူခြင်း၊ ဧည့်ပရိသတ်များ ဝေငှကျွေးမွေးခြင်း ပြုလုပ်ကြ သည်။ တောလက်ကျေးရွာတွေမှာ ရှင်ပြုအလှူပွဲ ကျင်းပလျှင် မုန့်ဆီကြော်ကို မပါမပြီး အဓိကထား၍ တစ်တင်း နှစ်တင်း ကုန်သည်တိုင်အောင် ကြော်လှော်ပြုလုပ်ကြလျက် ဧည့်ခံ ကျွေးမွေး ဝေငှလက်ဆောင်ပေးကြသည်။ (မှန်နန်း ဒုတွဲ နှာ– ၉၄)

## သိဒ္ဓိရှိမွှာသောကမင်း ရည်ရွယ်ချက်

၁။ ဘုရားအမျိုးရှိသော သံဃာတော်များ ယာယီကျောင်းအမှတ် ဖြင့် သီတင်းသုံးရန် တင့်တယ်လှပသောမဏ္ဍာပ် ပြုလုပ်သည်။

၂။ မင်္ဂလေးပါး ရည်ရွယ်၍ ကွမ်းတောင် ပန်းတောင် လေးခု ထားသည်။

၃။ ဖိုလ်လေးပါး ရည်ရွယ်၍ ကနက္ကဒဏ် ထီးဖြူလေးစင်း ထားသည်။

၄။ မီးတစ်ဆယ့်တစ်ပါး ငြိမ်းအေးစေခြင်းငှာ ရေချမ်းအိုး (၁၁) လုံး ထားသည်။

၅။ သုံးဆယ့်တစ်ဘုံ ဝဋ်အမှောင်အဖွဲ့မှ ကင်းလွတ်စေရန် ပရိတ် ချည် (၃၁) ပင် ထားသည်။

၆။ ဗောဓိပက္ခိယတရား ၃၇ ပါးရည်၍ ဖယောင်းတိုင် ၃၇ တိုင် ထားသည်။

၇။ ဃဋိကာရ ဗြဟ္မာမင်းကြီး ကြာသက်န်းကပ်သောကြောင့် ကြာသင်္ကန်းထားသည်။

၈။ ဒိဋ္ဌိ ၆၂ ပါး ကင်းလွတ်ခြင်းကို အကြောင်းပြု၍ တံခွန် ကုက္ကား မုလေးပွား ကြက်လျှာ ၆၂ ခု ထားသည်။

၉။ ကစ်ထောင့်ငါးရာ ကိလေသာကုန်ခြင်းကို အကြောင်းပြု၍ ရေပန်း ကုန်းပန်း ၁၅၀၀ ထားသည်။

၁၀။ သာသနာတော်ကြီး၏ သန့်ရှင်းဖြူစင်ခြင်းကိုရည်၍ ဖြူသော အဝတ်အထည် (ပိတ်ဖြူ) လှူသည်။ ဆံချသောအခါ ပိတ် ဖြူဖြင့်ခံခြင်း၊ ဝတ်အသင်းသားများ ပိတ်ဖြူဝတ်ခြင်း။

၁၁။ သာသနာတော် တည်တံ့ခိုင်ခန့်ခြင်းကို အကြောင်းပြု၍ လာ သောပရိသတ်တို့ကို သရဏဂုဏ်သီလ ခံယူစေတော်မူသည်။

## မင်းခိုချည်

ကေနိပါတ် တေလပတ္တဇာတ်၌ ဘုရားအလောင်း ဗာရာဏသီပြည်မှ တက္ကသိုလ်ပြည်သို့ သွားသောအခါ ဘီလူးဘေးအန္တရာယ်များသောကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက ပရိတ်ချည်၊ ပရိတ်သဲများ အဆောင်အဖြစ် ပေးလိုက်လေသည်။ ထိုပရိတ်ချည် ပရိတ်သဲ၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘီလူးဘေးအန္တရာယ်မှ ကင်းလွတ်မြောက်ပြီး တက္ကသိုလ်ပြည်၌ မင်းဖြစ်လေသည်။ ဤသာဓကများကို ထောက်ဆ၍ မင်းများမှီခိုရသောချည် ဖြစ်သောကြောင့် မင်းခိုချည်။

## မင်းကိုယ်ချီ–ချည်

သုဝဏ္ဏဘူမိသို့ အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့ သာသနာပြု ရောက်သောအခါ ဘီလူးတို့ရန်ကို နှိမ်နင်း၍ ဘေးရန်ကင်းရန် ပရိတ်ရွတ်ဖတ်ပေးပြီး ထန်းရွက်၊ စလူရွက်စသည်တို့၌ မထေရ်တို့ဖန်ဆင်းပေးသော မနုဿသီဟရုပ်ကိုရေးပြီး သူငယ်တို့ခေါင်းမှာ စွပ်စေသည်ဟု သာသနာဝံသပ္ပဒီပိကာ၌ ဆိုသည်။ (နှာ–၄၂) ရှေးမင်းများ နန်းတွင်း ပရိတ်တော်နာဆောင်၌ ဆရာတော်ကြီးများ ဖရိတ်ရွတ်ပြီး ဘေးအန္တရာယ်ကင်းစေရန် ပရိတ်ချည်ကို မင်းသား မင်းသမီးကလေးတွေရဲ့ကိုယ် လည်မှာ စွပ်ပေးသောကြောင့် မင်းကိုယ်ချီ–ချည်။

## မှန်ကူချည်

ပရိတ်ရွတ်ထားသောချည်ကို ပရိတ်ချည်၊ ကိလေသာမာရ်ကို အောင်မြင်စေနိုင်သောကြောင့် အောင်ချည်၊ "မြင့်မြတ်သော

ချည် ဖြစ်သောကြောင့် မှန်ကူချည်” မကုဋ=မကို ဋ္ဌ,မှန်ကူ-မြတ် သောနဖူး၌ အပျောက်အပျောက် ခြယ်ထားသည်ကို မှန်ကူဟု ဆိုသည်။ (နှာ–၁၂၁ မင်းခိုချည် စသည် စံဝတီရှင်ကျင့်ဝတ်မှ)

သက္ကရာဇ် ၉၉၅ ခု၊ သာလွန်မင်းတရားလက်ထက် လေးထပ်ဆရာတော်ကြီးက ရဟန်းတစ်ပါးအား ပရိတ်ရွတ်ပြီးသော ချည်များကို မင်းသား မင်းသမီးများလည်မှာ စွပ်ပါလောဟု ပရိသတ်ရှေ့တွင် မိန့်ဖူးကြောင်း စာတန်းရှိသည်။ ထို့ကြောင့် မင်းကိုယ်ချည်ဟု ဆိုသည်။

## တစပဋ္ဋကမ္မဋ္ဌာန်းပွားများပုံ

ရှင်လောင်း ရဟန်းလောင်းများ ဆံချ ခေါင်းရိတ်သောအခါ တစပဉ္စကမ္မဋ္ဌာန်း ပွားများဆင်ခြင်ရတယ်။ ဥဒ္ဒိပါဒကလာ အခေါ ကေသမတ္ထကာ ဆိုတဲ့အတိုင်း မိမိရဲ့ခန္ဓာကိုယ်ကို အာရုံပြု၍ ရှာဖွေကြည့်ပါ။ မိမိခန္ဓာကိုယ်ရဲ့ အထက်ဆုံးမှာ ဆံပင် ရှိပါတယ်။ အောက်ဆုံးမှာ ခြေဖဝါးပြင် ရှိပါတယ်။ ဤခန္ဓာကိုယ်ကြီးကို ဆံပင် မွေးညှင်းစတဲ့ ၃၂ မျိုးဖြင့် စုပေါင်းတည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်ပါတယ်။

ကေသာကနေ တစောအထိ ငါးခုရှိလို့ တစပဉ္စလို့ ခေါ်တာပါ။ အဲဒီ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါးတွေကို လူတွေက သာယာနှစ်သက် မြတ်နိုးတွယ်တာနေကြပါတယ်။ သာယာနှစ်သက်လို့ နေ့စဉ်နေ့တိုင်း အချိန်မရွေး ဘီးကလေး အမြဲဆောင်ထားပြီး မှန်ကလေးကြည့်ကာ ကြည့်ကာ ခေါင်းကလေးဖြီးလိုက်၊ သွေ့လိုက်၊ ခေါင်းလိမ်းဆီကလေး လိမ်းလိုက်နဲ့ ပြင်လို့ ဖြီးလို့လိမ်းလို့ကို မပြီးနိုင်ဘူး၊ အားမရနိုင်

ဘူး။ ဆံရိတ် ကတုံးတုံးရမှာမို့ ဆံပင်ကလေးကို နှမြောပြီး တချို့က သင်္ကန်းဝတ်ရမှာ ကြောက်ပြီးနေကြတယ်။ အဲသလောက် ဆံပင်ကို အမြတ်တနိုးထားပြီး နှစ်သက်တွယ်တာနေကြတယ်။ အဲဒါ မဆင်ခြင်တတ်သေးလို့ပါ။

သေသေချာချာ ဆင်ခြင်ပြီးကြည့်တဲ့အခါ ဆံပင်ဟာ အလွန် ဝါရာ စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ် မသတိစရာကောင်းတဲ့ အရာဝတ္ထု တစ်ခုပဲ။ ဥပမာကြည့်လေ၊ မြိန်မြိန်ရှက်ရှက် မိမိစားနေတဲ့ ထမင်း ဟင်းပွဲထဲကို မိမိရဲ့ဆံပင်တွေကို ကတ်ကြေးနဲ့ညှပ်ပြီး တစ်ယောက် သောသူက နောက်ပြောင်ပြီး ထည့်ကြည့်လိုက်စမ်းပါ။ အဲဒီ မွန် မြတ်တဲ့ ထမင်းဟင်းကို စားချင်သေးရဲ့လား။ ဆံပင်ညှိတွေ ပါ နေတဲ့ ထမင်းဟင်း ဘယ်သူမှ မစားချင်ကြဘူး။ အဲဒါ ဘာဖြစ် လို့ မစားချင်တာလဲ၊ ကိုယ်နှစ်သက်မြတ်နိုးတဲ့ ကိုယ့်ဆံပင်ပဲ စားလိုက်ပေါ့၊ အခု မစားဘူး၊ စက်ဆုပ်ရွံရှာလို့မစားတာ သေချာ တာပေါ့။ ဆံပင်ရဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံ။

မျက်ခုံးမွေး မျက်တောင်မွေးတွေကိုလည်း နည်းအမျိုးမျိုးနဲ့ ခြယ်သနေကြတာပဲ။ ခြေသည်း လက်သည်းတွေကိုလည်း အရှည် ကြီးတွေထားပြီး အလှအပ ဆေးခြယ်သနေကြတာပဲ။ သွားတွေ ကိုလည်း အမြတ်တနိုး ပြုပြင်နေကြတာပဲ။ အသားအရေတွေကို လည်း ချောမောလှပအောင် သနပ်ခါးပေါင်ဒါ မိတ်ကပ် အလှဆီ စသည်တို့ဖြင့် နေ့စဉ် ပြုပြင်နေကြတာပဲ။ အဲဒီ မိမိတို့ နှစ်သက် မြတ်နိုးနေတဲ့ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေတွေကို မိမိစားနေတဲ့ အစားအစာ ထမင်းပွဲဟင်းပွဲထဲ ထည့်ကြည့်ပါလား။ ဘယ်သူမှ မစားကြဘူး။ စက်ဆုပ်ရွံရှာဖွယ်ကောင်းလို့ပါပဲ။

တကယ်တော့ ခန္ဓာကိုယ်တစ်ခုလုံးကို ကြည့်လိုက်လျှင် မျက်ချေး၊ နှပ်၊ တံတွေး၊ သွေး၊ ပြည်၊ ကျင်ကြီး၊ ကျင်ငယ် စသည်တို့ လှောင်ထားတဲ့ ပုပ်သိုးညှီနံနေတဲ့ ကျင်ကြီးအိုး ကျင်ငယ်အိုးကြီးနဲ့လည်း တူပါတယ်။ နောက်ပြီးတော့ ပါးစပ်ပေါက်ကနေ အသီးအရွက် ဟူသမျှ အကုန်စားမျိုထားတာမို့ အငွေ့တထောင်းထောင်းထနေတဲ့ အမှိုက်ပုံကြီးနဲ့လည်း တူပါတယ်။ ပြီးတော့ ပါးစပ်ပေါက်ထဲမှာ ကျွဲသေကောင်၊ နွားသေ၊ ဝက်သေ၊ ဆိတ်သေ၊ ဘဲသေ၊ ကြက်သေ၊ ငှက်သေ၊ ငါးသေကောင် စတဲ့ အကောင်ပေါင်းစုံ မြှုပ်နှံထားတဲ့ သင်္ချိုင်းသုသာန်ကြီးနဲ့လည်း တူပါတယ်။

အဲသလို မိမိရဲ့ခန္ဓာကိုယ်ကို စူးစိုက်ကြည့်ပြီး တစပဋ္ဌ ကမ္မဋ္ဌာန်းဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံ ထင်လာ မြင်လာအောင် ဆံချခေါင်းရိတ်လို့ မပြီးမချင်း အဖန်ဖန်အထပ်ထပ် ပွားများဆင်ခြင်နေရမှာ ဖြစ်ပါတယ်။ ရှေးက သောပါက သာမဏေ၊ သုခ သာမဏေ၊ ပဏ္ဍိတ သာမဏေလေးတွေဟာ ဆံချ ခေါင်းရိတ်ပြီးတဲ့အဆုံး ရှေးရှေးက ကမ္မဋ္ဌာန်းစီးဖြန်းခဲ့ဖူးတဲ့ ပါရမီအဟုန်ကြောင့် ရဟန္တာကလေးတွေ ဖြစ်သွားခဲ့ကြပါတယ်။ ယခုလည်း ရှင်ရဟန်းပြုကြတဲ့ ရှင်လောင်း ရဟန်းလောင်းတွေ ပါရမီမြောက်အောင် လေးလေးစားစား ပွားများဆင်ခြင်အပ်လှပေသတည်း။

## ခေါင်းတုံးရခြင်းအကျိုး

ခေါင်းတုံးလိုက်သဖြင့် ဆံပင်အပေါ် သာယာနှစ်သက်ခြင်း တဏှာကို ပယ်ရခြင်းအကျိုး၊ ခေါင်းဖြီး ဆီလိမ်း ခေါင်းလျှော် ဆံထုံး ဆံကျစ် ဆံညှပ်ရခြင်းစသော ပြုဖွယ်ကိစ္စများ မရှိသဖြင့် ချမ်းသာစွာ တရားနှလုံးသွင်းချိန်ရရှိခြင်းအကျိုးများ ရှိသည်။

## ဖန်ရည်ဆိုးသော သင်္ကန်းအကျိုး

ဖန်ရည်ဆိုးသောသင်္ကန်းကို ဝတ်ရုံရသဖြင့် စိတ်တည်ငြိမ်ခြင်း၊ အကြောင် အကျား ဝတ်သောလူတို့သည် အဝတ်အစားအပေါ် တတ်နှစ်သက်ကြသလို သင်္ကန်းအပေါ် တတ်နှစ်သက်မှုမရှိခြင်း၊ အညစ်အကြေး အပေအတေခံခြင်း၊ ဖြတ်စပ်ချုပ်ထားသဖြင့် အတွေ့အားဖြင့် သာယာမှုမရှိခြင်း၊ ခိုးသူများ မနှစ်သက်ခြင်း၊ အရဟတ္တဓဇ ဟူသော ရှာန် မင်္ဂဖိုလ် ရခြင်းအကျိုးများရှိသည်။

## ပုတီးစိပ်ပုံ

ပုတီးစိပ်တဲ့အခါ မိမိရဲ့ရှေ့တည့်တည့်မှာ ဘုရားရှင် ကြွရောက်  နေတော်မူပုံကို အာရုံပြုထားပါ။ ပြီးတော့ အာရုံထင်လာတဲ့အခါမှ ဘုရားဂုဏ်တော် ကိုးပါးတို့တွင် မိမိနှစ်သက်တဲ့ ဂုဏ်တော်တစ်ပါးပါးဖြစ်စေ၊ ကိုးပါးလုံးဖြစ်စေ ပုတီးစိပ်ပါ။

အရဟံ ပုတီးတစ်လုံး၊ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးစသည် သို့မဟုတ် အရဟံ တစ်လုံး၊ အရဟံ တစ်လုံး၊ အရဟံ တစ်လုံး ဤသုံးမျိုးကို နံနက် ၃ ခေါက်၊ နေ့ ၃ ခေါက်၊ ည ၃ ခေါက် မှန်မှန်စိပ်လျှင် အလိုဆန္ဒပြည့်ဝသည်ဟု ယုံကြည်ကြသည်။

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ တစ်လုံး

၂။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ-တစ်လုံး၊ ဓမ္မံသရဏံ ဂစ္ဆာမိ-တစ်လုံး၊ သံဃံသရဏံ ဂစ္ဆာမိ-တစ်လုံး၊(ဒုတိယ, တတိယ -၁၁၁၃)

၃။ နာမရူပ် အနိစ္စ-တစ်လုံး၊ နာမရူပ် ဒုက္ခ-တစ်လုံး၊ နာမရူပ် အနတ္တာ-တစ်လုံး

မိမိတို့နှစ်သက်ရာ တစ်ခုခုကို စွဲစွဲမြဲမြဲစိပ်ပါ။ ဒါမှမဟုတ် သွားတိုင်းလာတိုင်း စားတိုင်း အိပ်တိုင်း စိတ်ထဲက နှလုံးသွင်း ဆင်ခြင်နေပါ၊ အားလုံး အကျိုးရှိပါသည်။

## စိပ်ပုတီး မရှိ

ဗုဒ္ဓသာသနာမှာ စိပ်ပုတီးခွင့်ပြုထားတာ မရှိပါ။ လောကီ ဆရာများ ဂါထာ မန္တာန် မန္တရား ရွတ်ဖတ်မန်းမှုတ်တဲ့အခါ (၃၇) အုပ် မန်းရမည်၊ တစ်ထောင် မန်းရမည် စသည် ရွတ်ဖတ် တဲ့အခါ တစ်ပုဒ်ဆုံးလျှင် တစ်လုံး၊ တစ်ခေါက်ဆုံးလျှင် တစ်လုံး မှတ်သားလွယ်ကူစေရန် ဇပွနခေါ် ရေတွက်စိပ်ရာမှ စိပ်ပုတီး ဖြစ်လာသည်ဟု ဆိုကြသည်။ ထိုမှတစ်ဆင့် ဘုရားဂုဏ်တော် များ ပွားများဆင်ခြင်ရာ၌လည်း ဂုဏ်တော် တစ်ထောင်၊ တစ် သောင်း စသည် မှတ်လို့လွယ်ကူပြီး ယုံကြည်မှုသဒ္ဓါတရား ပိုမို ထက်သန်ကာ တစ်နာရီ နှစ်နာရီတိုင်အောင် စိတ်၏ငြိမ်သက် တည်ကြည်မှု၊ သမထလုပ်ငန်းများ လုပ်နိုင်၍ တဒင်္ဂနှစ်သက်ဝမ်း မြောက် ငြိမ်းအေးချမ်းသာသော အကျိုးများ ခံစားရရှိကြလေသည်။

## ရှေးဆရာတော်ကြီးများ

ရှေးဆရာတော်ကြီးများက စိတ္တံ ပါတိ ရက္ခတီတိ စိပ်ပုတီး၊ စိတ္တံ စိတ်ကို၊ ပါတိရက္ခတိ - စောင့်ရှောက်ထိန်းသိမ်းတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်၊ စိပ်ပုတီး-စိပ်ပုတီး မည်၏ဟု ဝိဂ္ဂဟ ပြုကြသည်။

## စိပ်ပုတီးအကျိုး

ဟတ္ထေ သီသေ ဂီဝါ မုခေ၊ ဂေဟေစ လဂ္ဂိတော နရော။
သတကပွသဟဿာနိ၊ ဒုဂ္ဂတိ နသောဂစ္ဆတိ။

ဘုရားဂုဏ်တော်ကို အာရုံပြု၍ လက်ထဲမှာ ကိုင်ဆောင်ထားသော်လည်းကောင်း၊ ဆံထုံးဦးခေါင်းမှာ ရစ်ခွေထားသော် လည်းကောင်း၊ လည်ပင်းမှာ ဆွဲကြိုးကဲ့သို့ ဆွဲထားသော်လည်းကောင်း၊ မြင်လောက်တဲ့ မျက်နှာမူရာအရပ်၌သော်လည်းကောင်း၊ မြင်နိုင်တဲ့ မျက်နှာစာ အိမ်တစ်နေရာရာ၌သော် လည်းကောင်း ဂုဏ်တော်ပုတီးကို ဆွဲထားသောသူသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်မလား မကျရောက်နိုင်ဟု ရှေးပညာရှင်များ ရေးသားထားသည်ကို တွေ့ရပါသည်။ ဂုဏ်တော်၏ အကျိုးပြ ဖြစ်ပေသည်။

## ပုတီး ၁၀၈ လုံးထားပုံ

ဆပညာသ ဗုဒ္ဓဂုဏံ၊ အဋ္ဌဝီသတိ ဓမ္မဂုဏံ။
စတုဝီသတိ သံဃဂုဏံ၊ ဣဒံ ဓမ္မသ လက္ခဏံ။

ဘုရားဂုဏ်တော် ၅၆ ပါး၊ တရားဂုဏ်တော် ၂၈ ပါး၊ သံဃဂုဏ်တော် ၂၄ ပါး အမှတ်အသားထား၍ ၁၀၈ လုံးထားသည်ဟု ဆိုကြသည်။

တချို့က ၁၀၈ ကွက် စက်လက္ခဏာဟူ၍၎င်း၊ ဂြိုဟ်သက် ၁၀၈ ဟူ၍၎င်း၊ တဏှာအစစ် ၁၀၈ ကို ပယ်ခွာပုံကိုယူ၍၎င်း ထားကြသည်။

သက္ကရာဇ် ၁၃၀၀ ခု၊ နယုန်လ ပညာဒီပ ပုံနှိပ်တိုက် ပြည်မြို့ အမိန့်တော်ရရှေ့နေ ဦးထွန်းလှိုင်ရေး အကျဉ်းချုပ် ကမ္မဋ္ဌာန်းကျမ်းလေး၌–

အဖေဂ္ဂုသာရ မဟာတဏှာက္ခမ ယထာဘိနိက္ခန္တသုတ်၌ ပါရှိသော တဏှာဝိစရိယ ၁၀၈ ပါး ပယ်သတ်ရန် ငါးဌာန ပုတီးစိပ်နည်း။

သမ္မာဝါစာ မဂ် စိတ်သချ်ာကား-

သဗ္ဗတအနုလောမ စိပ်ပုတီး ၆ လုံး၊ ကေန္တရိက စိပ်ပုတီး ၁၇ လုံး၊ ဒွန္တရိက စိပ်ပုတီး ၁၆ လုံး၊ အင်္ဂုသ စိပ်ပုတီး ၂၇ လုံး၊ နဂပါသိဝ စိပ်ပုတီး ၄၂ လုံး၊ ဤသို့ပွားများအားထုတ်လျှင် ပုတီးလုံးပေါင်း ၁၀၈ လုံး ဖြစ်၏။

တဏှာသုံးတန် အရင်းခံ အာ, ကာ, သံနှင့်မြှောက်၊
တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏ကိုယ်မှာရောက်။

## တဏှာအစစ် ၁၀၈ ဖြစ်ပုံ

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်၊ အာရုံ ၆ ပါးနှင့်မြှောက် ၁၈ ရ၏။ ကာလ ၃ ပါးနှင့်မြှောက် ၅၄ ရ၏။ သဏ္တာန် ၂ ပါးနှင့်မြှောက် ၁၀၈ ဖြစ်၏။ တဏှာကို ပယ်သတ်မှ နိဗ္ဗာန်သို့ရောက်နိုင်ကြောင်းရည်ရွယ်၍ ကိုးနဝင်းကြေ စိပ်ပုတီး ၁၀၈ လုံး ထားသည်။

## ၃၂ လုံး ထားပုံ

ဒွတ္တိံသ ကမ္မဋ္ဌာန်း၊ ၃၂ ကောဋ္ဌာသ ရည်ရွယ်၍ ပုတီး ၃၂ လုံးထားသည်။

## အဓိက

ဗဟုသုတဖြစ်ရန်သာ ဖော်ပြခြင်း ဖြစ်သည်။ အဓိက လိုရင်းကတော့ ပုတီးစိပ်၍ဖြစ်စေ၊ မစိပ်မူ၍ဖြစ်စေ စိတ်မပျံ့လွင့်စေဘဲ ကမ္မဋ္ဌာန်းတစ်ပါးပါးကို ရှုးရှုးစိုက်စိုက် ထိထိမိမိ နှလုံးသွင်း အားထုတ်နိုင်ဖို့ရန်သာ ဖြစ်ပါသည်။

## ဂန္ဓာရီဝိဇ္ဇာ နဝင်းပုတီး

လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်း၌ ဂန္ဓာရီဝိဇ္ဇာ အတတ်ဟူသည် နဝင်းပုတီးဖြင့်ပြီးသောအတတ်ဟု ဆိုပါသည်။ ၁၀၈ နဝင်းပုတီးစိပ်သဖြင့် ဓနသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်သိကြားတို့၏တန်ခိုး အဘိညာဏ်တန်ခိုး နှင့် အလားတူ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် စိန္တာမယအဖွင့်၌ (ဝိဇ္ဇာမရာ ဝိဓုံ၊ ပရိဇပေတ္တာ) ဝိဇ္ဇာမရာ-ဝိဇ္ဇာမိုရ်ရဲတို့သည်၊ ဝိဓုံ အတတ်ပညာကို၊ ပရိဇပေတ္တာ-စိပ်၍၊ဝါ နှုး၍၊ စသည်ဖြင့်ဖွင့်ပြ၍ ပုတီးစိပ်သောသူတို့အား လောကီအကျိုးများရနိုင်ပုံ ဖော်ပြထား ပါသည်။

### "အောင်ဂါထာ"

ဥုံ....နမော တေ ဝိဇေတုံ မေ၊
ဇယတော ဒဒတော ဇယံ
နဋ္ဌထမ္ဘံ သဗ္ဗသတ္တုံ၊ ကရ မေ ဇယမင်္ဂလံ။

ဥုံ ....အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းစဉ်ကာ မယှဉ်သာအောင် မင်္ဂလာကြီး ဖြစ်ပါစေသတည်း။ နဋ္ဌထမ္ဘံ၊ ထောက်ပံ့မည့်လူ ကူညီမည့်နတ် ရံပတ်ဝဲယာ ပြဟ္မာတွေလဲ မရှိ ပါပဲလျက်။ သဗ္ဗသတ္တုံ၊ ကိုယ်နေရှိန်မပျက် တသိရ်ထွက်ဖို့ ငြိမ် သက်ဖွေးဖြူ အေးအေးလူလူသာလျှင်။ ဇယတော၊ ပါရမီစက်ဟုန် လက်နက်စုံဖြင့် ချစ်ကုန်မလွဲ ပွဲတိုင်းမရှောင် နွဲတိုင်းပင် အောင် တော်မူပေထသော။ ဇယံ ဒဒတော၊ အောင်ရာစည်းကမ်း အောင်

နည်းလမ်း၌ မိုငြမ်းမလစ် အသစ်အဆန်း တစ်ဂဏန်းက မှန်းဆ၍ မြော်ပန်ရအောင်လည်း လမ်းပြပေးသနားတော်မူပေထသော။ တေတဝ၊ မကိုင်ရှောင်လျှံ သျှော်ပျံမှာ အောင်လံစွင့်စွင့် လွင့် တလူလူ အောင်တော်မူ မြတ်ဘုရားအား။ မေ–အမှာကံ၊ မအောင် သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မြော် တပည့်တော် တို့၏။ ဝိဇေတုံ၊ မရှောင်ခပင်း အခေါင်းနင်း၍ အောင်ခြင်းကြီး အောင်ပါရခြင်း အကျိုးငှာ။ နမော၊ အောင်ခဲ့တဲ့ တန်ခိုးဂုဏ်ကို အမျိုးစုံမှန်းဆ၍ တမ်းတရှိခိုးပါ၏ဘုရား။

မေ–အမှာကံ၊ မအောင်သေးခင် အောင်ကြွေးတင်၍ အောင် မြင်ရန်မြော် တပည့်တော်တို့အား။ ဇယမင်္ဂလံ၊ အောင်ရန်အတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း အောင်ဟိတ်ကျင်း၍ အောင်ခြင်းဆင်ကာ မင်္ဂလာကို။ ကရ၊ သပြေအနု ငွေခရုဖြင့် ဇေယျတုပုံ မေ့ရတုန်အောင် အဖုံဖုံအမူအေးဖို့ ပြုပေးတော်မူပါ အောင်တော်မူ အရှင်မြတ်ဘုရား။ ။

## "အမြတ်ငါးဆူ"

ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမွှာလျက်၊ တစ်ပင် နက်ဝပ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးစုံသင်္ကန်း၊ ကြိုင်ပျံ့ မွှန်းကို၊ ငါးခန်းဘုံနေ၊ ယူတုံလေ၍၊ ငါးထွေအောင်မြင်၊ ရွှေပလ္လင် ထက်၊ ငါးအင်ခက်ကျိုင်း၊ နောက်မိုခိုင်းလျက်၊ ငါးဆိုင်းမာရ် မြောက်၊ ဗောဓိအောက်ဝယ်၊ ငါးယောက်ထင်ရှား၊ စောဘုရားတို့၊ ငါးပါးအညီ၊ ဖြစ်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ ဖွင့်ရာသောဝ်။

ကမ္ဘာဦးအစ၌ ကြာရုံကြီးတစ်ရုံ ပေါက်လာသည်။ ထိုကြာရုံကြီး၌ ဤကမ္ဘာတွင် ဘုရားမပွင့်ပါက အဖူးမတွေ့ရပါ။ ဘုရားတစ်ဆူပွင့်လျှင် ကြာဖူးတစ်ဖူးနှင့် သင်္ကန်းတစ်စုံ ပါလာပါသည်။ နှစ်ဆူပွင့်က ကြာဖူးနှစ်ဖူး၊ သုံးဆူပွင့်က ကြာဖူးသုံးဖူး၊ လေးဆူပွင့်က ကြာဖူးလေးဖူး၊ ဤကမ္ဘာတွင် ဘုရားငါးဆူ ပွင့်မည်ဖြစ်သောကြောင့် ကြာဖူးငါးဖူး သင်္ကန်းငါးစုံ ပါလာပါသည်။ ထိုသင်္ကန်းများကို သုဒ္ဓါဝါသ ဗြဟ္မာကြီးများက ယူထားပြီး ဘုရားတောထွက်တော်မူသောအခါ ထိုကြာသင်္ကန်းကို ဆက်ကပ်ကြသည်။ ဂေါတမဘုရား၌ ဃဋိကာရမဟာ ဗြဟ္မာကြီးက ပရိက္ခရာ ရှစ်ပါး ဆက်ကပ်လေသည်။ ဤကမ္ဘာ၌ ဘုရားပွင့်မည် မပွင့်မည်ကို ကြာရုံကို ကြည့်လိုက်ရုံနှင့်ပင် မဟာဗြဟ္မာကြီးများက သိကြလေသည်။

(ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့သည်။)

## "မြတ်ပညာ"

သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့ သင်ကြပါ။ မိဘဆရာတို့၊ ဖန်ခါခါတပည့်သားကို၊ ထောင်နား ဆန်မငြင်းအောင်၊ သွင်းကြပေရာ။ လေ့လော်လေ့ခတ်နှင့် အတတ်ကယ်မယ့်သူမှာ ဝန်ထမ်းသာဖြစ်မြဲ။ ပညာရှင်ဖြစ်ပေကာ၊ လူ့ပြေ (မြေ) မှာပူဇော်လို့။ ဇမ္ဗူပေါ် ဂုဏ်ထင်ပလိမ့်မယ်၊ မိုးလထက်ကဲ။

ရာကုဋေကြွယ်ဝတဲ့ မျိုးမှပင်ဖြစ်စေကာ။ ရောင်ဝင်းဖိတ်ကြည်နှင့်၊ နတ်ရုပ်ရည် ဟန်တင့်ဆင်း၊ လှလျှင်းစေကာ။ တတ်ပညာကိုယ်မှာထက်ချည်း။ အမြတ်ကယ် ဘယ်မှုပါလိမ့်၊ ထိုသူကိုလူပေါက်ပန်းလို့ သွန်းပြုတင့်ရည်း။

မေထုန်မှီအိပ်စားလို့၊ ယောကျ်ားတဲ့နွားမှာ။ ပြည့်အစုံကုံလုံ ရှိပါ၏။ သိပညာတတ်တပါး၊ နွားထက်ပိုသာ။ တတ်ပညာ ချို့ရှာချေက၊ လူမိုက်ခေါင် ထိုယောကျ်ားကို၊ နွားဟုဆိုရ။

စဥ့်ပါဆရာတော်၏ ဓမ္မနီတချိုးမှ ထုတ်နုတ်ချက်ဖြစ်သည်။

## မြန်မာနိုင်ငံ နေထိုင်သူ သန်းပေါင်း ၅၀ ခန့်ရှိ

| | | | |
|---|---|---|---|
| ၁။ ဗုဒ္ဓဘာသာ | ၈၉ ဒသမ | ၂၈ | ရာခိုင်နှုန်း |
| ၂။ ခရစ်ယာန် | ၅ ဒသမ | ၁၆ | ။ |
| ၃။ အစ္စလာမ် | ၃ ဒသမ | ၇၈ | ။ |
| ၄။ ဟိန္ဒူ | ၀ ဒသမ | ၅၁ | ။ |
| ၅။ နတ်ကိုးကွယ် | ၁ ဒသမ | ၂၁ | ။ |
| ၆။ အခြားဘာသာ | ၀ ဒသမ | ၁၆ | ။ |

(၁၃၆၂ ခု၊ နယုန်လပြည့်၊ ၂၀၀၀ ခု ဇွန် ၁၆ သတင်းစာမှ)

## အရုဏ်တက် နေထွက် နေဝင် အချိန်ဇယား

| စဉ် | လအမည် | | အရုဏ် | နေထွက် | နေဝင် |
|---|---|---|---|---|---|
| | မြန်မာလ | အင်္ဂလိပ်လ | နာရီမိနစ် | နာရီမိနစ် | နာရီမိနစ် |
| ၁ | တန်ခူးလ | ဧပြီ | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၂ | ကဆုန် | မေ | ၄း၅၀ | ၅း၅၀ | ၆း၁၀ |
| ၃ | နယုန် | ဇွန် | ၄း၄၀ | ၅း၄၀ | ၆း၂၀ |
| ၄ | ဝါဆို | ဇူလိုင် | ၄း၃၀ | ၅း၃၀ | ၆း၃၀ |
| ၅ | ဝါခေါင် | ဩဂုတ် | ၄း၄၀ | ၅း၄၀ | ၆း၂၀ |

| စဉ် | လအမည် | | အရုဏ် | နေထွက် | နေဝင် |
|---|---|---|---|---|---|
| | မြန်မာလ | အင်္ဂလိပ်လ | နာရီမိနစ် | နာရီမိနစ် | နာရီမိနစ် |
| ၆ | တော်သလင်း | စက်တင်ဘာ | ၄း၅၀ | ၅း၅၀ | ၆း၁၀ |
| ၇ | သီတင်းကျွတ် | အောက်တိုဘာ | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၈ | တန်ဆောင်မုန်း | နိုဝင်ဘာ | ၅း၁၀ | ၆း၁၀ | ၅း၅၀ |
| ၉ | နတ်တော် | ဒီဇင်ဘာ | ၅း၂၀ | ၆း၂၀ | ၅း၄၀ |
| ၁၀ | ပြာသို | ဇန်နဝါရီ | ၅း၃၀ | ၆း၃၀ | ၅း၃၀ |
| ၁၁ | တပို့တွဲ | ဖေဖော်ဝါရီ | ၅း၂၀ | ၆း၂၀ | ၅း၄၀ |
| ၁၂ | တပေါင်း | မတ် | ၅း၁၀ | ၆း၁၀ | ၅း၅၀ |

## မေတ္တာပို့

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ-လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်၊ အဝေရာ-ဘေးရန်မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ-ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား၊ များပြားလှစွာသော သတ္တဝါဟူသမျှတို့သည်၊ အဗျာပဇ္ဈာ- စိုးရိမ်ကြောင့်ကြခြင်း မရှိကြကုန်သည်၊ ဝါ-စိတ်ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ-အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့၌ တည်ရှိ၍နေကြကုန်သော သတ္တဝါဟူသမျှတို့သည်၊ အနီဃာ-ကိုယ်ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ-အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့၌ တည်ရှိ၍နေကြကုန်သော ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား များပြားလှစွာလူနတ်ဗြဟ္မာ သတ္တဝါဟူသမျှတို့သည်၊ သုခီ - ချမ်းသာစွာ၊ အတ္တာနံ-မိမိကိုယ်ကို၊ ပရိဟရန္တု-ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

(ဤမေတ္တာပို့ကို ပရိသတ်များ လိုက်ဆိုစေပြီးမှ ပဗ္ဗာဇနိယစသော အန္တရာယ်ကင်း ကမ္မဝါဖတ်လျှင် ပိုကောင်းသည်။)

## လက္ခဏာယာဥ်သုံးပါး ရှုပုံ

သဗ္ဗေ ပဉ္စက္ခန္ဓာ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ခယဋ္ဌေန-ရေပွက်ပမာ ခဏတာမျှကုန်ခန်းတတ်သော အနက်သဘောသို့ရောက်ခြင်းကြောင့်၊ အနိစ္စံဖြစ်လျှင်ပျက်ရ သဘာဝမို့ မမြဲသော အနိစ္စသဘောတရားသာတည်း။

ဘယဋ္ဌေန-အိုရခြင်းဘေး နာရခြင်းဘေး သေရခြင်းဘေး ၉၆ ဖြာ ရောဂါဝေဒနာတို့ဖြင့် အဖန်တလဲလဲ ညှင်းဆဲနှိပ်စက်ခြင်းဟူသော ကြောက်မယ်ဖွယ်ဘေးကြောင့်၊ ဒုက္ခံ-ချမ်းသာမဖက်ဆင်းရဲသက်သက်သာတည်း။

အသာရကဌေနှ-ဘာတစ်ခုမှ အစိုးမရ အနှစ်သာရ မရှိသောကြောင့်၊ အနတ္တာ-ပိုင်သူ ဆိုင်သူ နိုင်သူ မရှိ၊ အနတ္တသဘော ချည်းသာတည်း။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## အစွန်းသုံးပါး

၁။ အဝိဇ္ဇာ သင်္ခါရသည် အတိတ်အစွန်းမည်၏။

၂။ ဇာတိ ဇရာ မရဏသည် အနာဂတ်အစွန်းမည်၏။

၃။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဤရှစ်ပါးသည် ပစ္စုပ္ပန်အစွန်းမည်၏။

## အင်္ဂါ ၁၂ ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ။

## အခြင်းအရာ ၂၀

၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ – အတိတ်အကြောင်းတရား ၅ ပါး

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ – ပစ္စုပ္ပန်အကျိုးတရား ၅ ပါး

၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ – ပစ္စုပ္ပန်အကြောင်းတရား ၅ ပါး

၄။ (ဇာတိ၊ ဇရာ၊ မရဏ နှင့်) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ – အနာဂတ်အကျိုးတရား ၅ ပါး

## အစပ် ၃ ပါး

၁။ အတိတ်အကြောင်း ၅ ပါးနှင့် ပစ္စုပ္ပန် အကျိုး ၅ ပါး တစပ်

၂။ ပစ္စုပ္ပန်အကျိုး ၅ ပါးနှင့် ပစ္စုပ္ပန် အကြောင်း ၅ ပါး တစပ်

၃။ ပစ္စုပ္ပန်အကြောင်း ၅ ပါးနှင့် အနာဂတ်အကျိုး ၅ ပါး တစပ်

## အလွှာ ၄ ပါး

| | | |
|---|---|---|
| ၁။ အတိတ်အကြောင်းတရား | ၅ ပါး | တလွှာ |
| ၂။ ပစ္စုပ္ပန်အကျိုးတရား | ၅ ပါး | တလွှာ |
| ၃။ ပစ္စုပ္ပန်အကြောင်းတရား | ၅ ပါး | တလွှာ |
| ၄။ အနာဂတ်အကျိုးတရား | ၅ ပါး | တလွှာ |

## ဝဋ် ၃ ပါး

၁။ အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်သည် – ကိလေသဝဋ်

၂။ ကမ္မဘဝ၊ သင်္ခါရ သည် – ကမ္မဝဋ်

၃။ ဥပပတ္တိဘဝ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏသည် – ဝိပါကဝဋ်

## "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## 'စိန်ရောင်ခြည် ဘုရားပင့်'

အင်္ဂီရသဿ ဥဏ္ဏာယ၊ ဒါဌာဟိ သေတရံသိယော။
ဝဇိရာဝ ဝိရောစန္တိ၊ ဇိနော မေ ဌာတု သီသကေ။

အင်္ဂီရသဿ၊ အယုတ်အလတ် အမြတ်ပိုင်းခြား လွန်ကြီးစားသည့် သုံးပါးဆယ်လီ ပါရမီတော် အဟုန်တို့ကြောင့် ခြောက်ရောင်စုံကွန့်မြူးလျက် အင်္ဂီရသဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခန့်ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ရှင်တော်မြတ်ဘုရား၏။ ဘမုကန္တရေ၊ မျက်မှောင်တော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။ သဥ္ဇာတာယ၊ နဖြူထွားထွား ကောင်းစွာပေါက်ပွား၍နေသော။ ဥဏ္ဏာယစ၊ ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့်ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ျာရစ်ခွေရုံ စိန်ကြယ်ပွင့် အနေပုံကဲ့သို့ ဥဏ္ဏာလုံခေါ် မွေရှင်တော်မာတ်လွန်ထူးမြတ်သော အရပ်တော်မှသော်လည်းကောင်း။ ဒါဌာဟိစ၊ ပတ္တမြားခေါင်ရမ်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင် ဖုံးပိတ်၍ထားအပ်သော သွားတော်မြတ်လေးဆယ် စွယ်တော်မြတ်လေးဆူ ဖြူရာရာ အရပ်တော်တို့မှလည်းကောင်း။ သေတရံသိယော၊ ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်ဂီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းသကဲ့သို့ မြတ်လေးပန်း စံပယ်ငုံကြာဖြူပွင့် ဝတ်ဆံမှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်သကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် ထိန်ပြောင်

ကြည်သည့် စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ် တို့သည်။ ဝဇိရာဝ၊ စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန် သားတောင်ကြီးကဲ့သို့။ ဝိရောစန္တိ၊ ဖူးမြင်ရသူတို့ အထူးဘဝင် ကြည်နူးလောက်အောင် ရှင်မြူးတက်ကြွ ဖက်မမှုသဖြင့် လှပ ဆန်းကြယ် တင့်တယ်တော်မူကြပါပေကုန်၏။

သောဓိနော၊ ထိုထူးထွေဆန်းလည်း စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံသည့် ငါးမာရ်အောင်ပြီး ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်။ မေ၊ ခန္ဓာငါးခု ငါဟုသမုတ် အကျွန်ုပ်၏။ သီသကေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ ဌာတု၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ် တည်နေ့တန့် ရပ်တော် မူလှည့်ပါ စိန်ရောင်ခြည် နေတနှန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**'ရောင်တော်ဖွင့် ဘုရားပင့်'**

နီလာ နီလာ နိဒ္ဓရန္တိ၊
ပီတာ ပီတာ စရံသိယော။
လောဟိတာ လောဟိတာ တဘာ၊
သြဒါတောဒါတ ရံသိယော။
တမှာ တမှာစ မဉ္ဇိဋ္ဌာ၊
ပဘာသန္တိ ပဘဿရာ။
ဧဝံ ဆဗ္ဗဏ္ဏရံသီ သော၊
ဌာတု မေ ဘဂဝါ သိရေ။

ပဋ္ဌာနံ၊ နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကြီးကို။ သမ္မသန္တဿ၊ အနုလုံပဋိလုံ အစုန်အဆန် အဖန်ဖန်လျင် ဆင်ခြင်တော်မူသော

ဘုရားရှင်ကိုယ်တော်မြတ်၏။ နီလာ၊ ဆံတော် မုတ်ဆိတ်တော် မျက်ဝန်းတော်တခို စိမ်းညိုသောအရပ်ဌာနမှ။ နီလာ၊ ကြာညို နွာညို ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသဘင်လိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်။ နိဗ္ဗာန်ရှိ၊ နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် ဆန်းကြယ်စွာ ကွန့်မြူးတော်မူကြကုန်၏။

ပီတာစ၊ သိင်္ဂီရွှေလျော် အရေတော်မှလည်း။ ပီတာ၊ မဟာ လှေကား ရွှေစကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ ရုံသိယော၊ ဝါရောင်ဝင်းလျှပ် ရောင်ခြည်ဓာတ် တို့သည်။ နိဗ္ဗာန်ရှိ၊ နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုး ကြွယ်ကြွယ် အံ့ဩဖွယ်လျှင် ဆန်းကြယ်စွာ ကွန့်မြူးတော်မူကြ ကုန်၏။

လောဟိတာ၊ အာတော် လျှာတော် နှုတ်ခမ်းတော်နှင့် ခြေ ဖဝါးတော် လက်ဖဝါးတော် အစရှိသော ကိုယ်တော်အစိတ်စိတ်မှ။ လောဟိတာ၊ ခေါင်ရမ်းနှင်းဆီ ကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်းရှိကုန်သော။ အာဘာ၊ နီရောင်ဝင်းလျှပ် ရောင်ခြည် ဓာတ်တို့သည်။ နိဗ္ဗာန်ရှိ၊ နေအထောင် လအထောင် ပြဟ္မာနတ် အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး ၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် ဆန်းကြယ်စွာ ကွန့်မြူးတော် မူကြကုန်၏။

ဩဒါတာ၊ စွယ်တော်သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏာလုံ

မွေ့ရှင်တော်ဓာတ်မှ။ သြဒါတရံသိယော၊ စပယ် ကြက်ရုံး နွှန်ပန်းကုံးနှင့် ငွေတုံးဘော်စိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်ဓာတ်တို့သည်။ နိစ္စရန္တိ၊ နေအထောင် လအထောင် ဗြဟ္မာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် ဆန်းကြယ်စွာ ကွန့်မြူးတော်မူကြကုန်၏။

တမှာတမှာ၊ အထက်ဆံဖျားတော်တစ်လျှောက်မှ အောက်ခြေဖဝါးတော် တခိုတို့ကို ထိုထိုကိုယ်တော်အစိတ်စိတ်မှ၊ မဥ္ဇိဋ္ဌာစ၊ ခရမ်းသွေးအရောင် မရမ်းသွေးအရောင် တဝေဝေ တပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်း ညိုမောင်းသော ရောင်ခြည်တော်တို့သည်လည်းကောင်း။ ပဘဿရာစ၊ နတ်မီးအရောင် လျှပ်စီးအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန်ရောင်ထွက်သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည်လည်းကောင်း။ ပဘာသန္တိ၊ နေအထောင် လအထောင် ဗြဟ္မာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်ကလွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် ဆန်းကြယ်စွာ ကွန့်မြူးတော်မူကြကုန်၏။

ဝေ၊ ဤသို့ ရောင်ခြည်တော်ခြောက်သွယ် ဆန်းကြယ်ကွန့်မြူး ဂုဏ်တော်ထူးကို ချီးကျူးဖွင့်ဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗဏ္ဏရံသီ၊ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင် အမောင်းတချက် ပြိုးပြက်ငွါးငွါး ခြောက်ပါးရောင်ဆိုင် အပြိုင်

ပြိုင်ကို စိုးပိုင်ရရှိတော်မူပေသော။ ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူညွှတ်ရှုံး အထွတ်ဆုံးလည်း ဖြစ်တော်မူသော။ သော၊ ထိုလောကထွတ်ဖူး နိဗ္ဗာန်မျှုး ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်။ မေ၊ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏။ သိရေ၊ ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင်ထွတ်ပေါ်၌။ ဌါတု၊ ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နားကိန်းဝပ်တော်မူလှဲ့ပါ သုံးလောက ကေသျှောင် မြတ်ဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။ ။

## ‘စက်ကြီးတစ်ဆယ့်သုံးပါး’

၁။ ကြောင်းတစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊

၂။ တစ်ဆယ့်လေးချက် ဓမ္မစက်၊

၃။ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊

၄။ လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါ ရဟန္တာစက်၊

၅။ မြင့်မိုရ်တောင်ဦး မြင့်ခေါင်ကြူးလျက် မိဘစက်၊

၆။ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်၊

၇။ ဝရဓိန်လက်နက် ဗြဟ္မာ့စက်၊

၈။ မိုးကြိုးလက်နက် သိကြားစက်၊

၉။ လောင်မီးကျလျက် နတ်တို့စက်၊

၁၀။ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊

၁၁။ တောင်ဟုန်ပြင်းလျက် ဂဠုန်စက်၊

၁၂။ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊

၁၃။ သုံးထောင်သချာ ဟောဝန္တာမှာ အာဏာစိုးလျက် သီဟစက်။

စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှ မကောင်းစုကို ဝေးပြေးဥ်ရှောင် အောင်စေတတ်သည် မြတ်သည့်ပညာဆရာတည်း။

ဩောင်း နမော ဗုဒ္ဓါ နဘာဝေန၊
ဩောင်း နမော ဓမ္မာ နဘာဝေန၊
ဩောင်း နမော သံဃာ နဘာဝေန၊
ဩောင်း နမော ဒုရေ ဒုရေ သွားဟုံဟုံ။

၎င်းစက်ကြီးတစ်ဆယ့်သုံးပါးကို ညအိပ်ရာဝင်တိုင်း အမြဲမပြတ် ရွတ်ဖတ်သော် ဘေးဥပဒ်ခပ်သိမ်း ကင်းငြိမ်းစေ၏။

## 'သင့်ဘဝချမ်းသာရေးလမ်းစဉ်'

၁။ နေ့စဉ် ကုသိုလ်တရားများ၌ မမေ့ပါနှင့်။
၂။ လူဖြစ်လာလျှင် လူ၏တန်ဖိုးကို သိစမ်းပါ။
၃။ ဘယ်သူ့တရားပျက်ပျက် သင်မပျက်ပါစေနှင့်။
၄။ သင့်ကိုအကြောင်းပြုပြီး သူများစိတ်မဆင်းရဲပါစေနှင့်။
၅။ မိဘများ စားနိုင်တဲ့အခါ ကျွေးပါ၊ သေမှ ငိုမနေပါနှင့်။
၆။ သူများအပြစ်ကို မပြောနှင့်၊ ကိုယ့်အပြစ်ကိုသာရှုပါ။
၇။ ဗြဟ္မစိုရ်တရား အမြဲပွားများ၍ ငါးပါးသီလ မြဲပါစေ။
၈။ အလိုက်သိပါ၊ အားနာပါ၊ အရှက်အကြောက်ရှိပါစေ။
၉။ ကြီးသူကို ရိုသေပါ၊ ရွယ်တူကို လေးစားပါ၊ ငယ်သူကို သနားပါ။
၁၀။ မရှုးစမ်း မဆင်ခြင်ဘဲ မပြောပါနှင့်၊ မလုပ်ပါနဲ့။
၁၁။ နေရာတိုင်းမှာ စိတ်သဘောကြီးကြီး ထားစမ်းပါ။
၁၂။ နိုင်သူကို အရှုံးပေးက စိတ်နှလုံးအေးသည်။

၁၃။ စကားပြောသောအခါ မှျမှျတတ ပြောဆိုပါ။
၁၄။ မိမိကိုယ်ကို နေ့စဉ်စစ်ဆေးမှ ကြီးပွားနိုင်သည်။
၁၅။ အကုသိုလ်တရားများကို လက်တွေ့ရှောင်ကြဉ်နိုင်ပါစေ။
၁၆။ သူများ ကြီးပွားချမ်းသာတာကို မနာလိုမရှုစိမ့် မရှိပါနှင့်။
၁၇။ နေရာတိုင်းမှာ ကိုယ်ချင်းစာတရား များများထားစမ်းပါ။
၁၈။ မိမိကိုယ်ကို ဆုံးမခြင်းက သာ၍ကောင်းသည်။
၁၉။ မာနကိုနှိမ့်ချ၊ တန်ဖိုးကိုမြှင့်တင်ပါ၊ တာဝန်ကိုကျေပွန်ပါစေ။
၂၀။ စေတနာသန့်သန့်နဲ့ စိတ်ကောင်းတစ်ခု ထားစမ်းပါ။
၂၁။ မွန်မြတ်သော ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် ကြိုးစားပါ။

သိမှု, ကျင့်မှု၊ ဉာဏ်နှစ်ခု၊ ယခုအားထုတ်ပါ။
အားထုတ်ပါက နိဗ္ဗာန်၊ မုချရမည်သာ။

**'ခမ္မလမ်းစဉ်'**

ငါ့ကိုလည်း သူမပိုင်
သူ့ကိုလည်း ငါမပိုင်
ဘယ်သူ့ကိုမှ ဘယ်သူမပိုင်
ငါ့ကိုသော်မှ ငါမပိုင်
အချိန်တိုင်းက သူဖြစ်ချင်သလိုဖြစ်
ငါဖြစ်ချင်သလို မဖြစ်
ဥစ္စာကသော်လည်း လူကိုပစ်၊ လူကသော်လည်း ဥစ္စာကိုပစ်
စင်စစ်မုချ အမြဲမရှိ အနိစ္စ
ကြောက်စရာ့ဒုက္ခ
အစိုးမရ အနတ္တပါတကား။ (သိမ်ကြီးဈေးဝတ်ရွတ်စဉ်မှ)

## 'လယ်တီဆရာတော်ဘုရားကြီး'
## ဆုံးမစာလင်္ကာ

၁။ ဆိုပိမ့်မညာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မခွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်။

၂။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည့် မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင့်ကားရာထောင်၊ မကမှောင်၏။

၃။ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲလျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။

၄။ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၅။ အာရုံဝတ္ထု၊ မီးဇာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓားပြသေမင်း၊ သူတပ်နင်းက၊ မငြင်းဆန်တာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

၆။ ယီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုတ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊

တရိုက်ငင်ငင်၊ တငင်ငြိငြိ၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တစ်သက်နွယ်နွယ်၊ အမြစ်တွယ်ဖို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နစ်လိုလူမိုက်သွားလမ်းတည်း။

## မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး၏ မေတ္တာဘာဝနာပွားနည်း

အရှေ့အရပ်မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အနောက်အရပ်မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မြောက်အရပ်မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

တောင်အရပ်မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း

ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အနောက်မြောက်ထောင့်အရပ်မျက်နှာ၌ အနန္တ စကြဝဠာ အနန္တသတ္တဝါတို့-ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အရှေ့မြောက်ထောင့်အရပ်မျက်နှာ၌ အနန္တ စကြဝဠာ အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အနောက်တောင်ထောင့်အရပ်မျက်နှာ၌ အနန္တ စကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အောက်အရပ်မျက်နှာ၌ ထက်ဝန်းကျင် အနန္တ စကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အထက်အရပ်မျက်နှာ၌ ထက်ဝန်းကျင် အနန္တ စကြဝဠာ အနန္တနတ်ဗြဟ္မာတို့- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

"အဲဒါ ဒိသာဖရဏမေတ္တာလို့ ခေါ်တယ်၊ ပဋိသမ္ဘိဒါ မဂ်ပါဠိတော်မှာဟောတဲ့နည်း ဖြစ်ပါတယ်။ ယခု မေတ္တသုတ်မှာဟောတဲ့ မေတ္တာပွားနည်း တစ်နည်း၊ တစ်နည်းလျှင် နှစ်ခေါက်နှစ်ခေါက်ပွား၍ ကမ္ဘာကြီးအား မေတ္တာဘာဝနာမိုးတွေ ဖြိုးကြရအောင်"

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်, မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
မြင်အပ်, မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ့, နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ဝေးနေ့,နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၆။ ရှည်, တို, အလတ်, သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ရှည်, တို, အလတ်, သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၇။ ကြီး, ငယ်, အလတ်, သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ကြီး, ငယ်, အလတ်, သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူ, ကြူ, အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
ဆူ, ကြူ, အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးချင်း အချင်းချင်း ကင်းရှင်းကြပါစေ။
အထင်သေးချင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

## "မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းရန်"

ဇာတိကိုရ၊ ဤငါ့ခန္ဓာ၊ သေရမှာ၊ မုန်စွာမြဲမသွေ။

၁။ (က) ဘယ်နှစ် ဘယ်လ၊ ဘယ်ရက်ကျ၊ သေရမည်မသိပေ။
(ခ) နှစ်, လမရွေး၊ ရက်မရွေး၊ သေဘေးကြုံနိုင်ပေ။

၂။ (က) ဘယ်လိုရောဂါ၊ ဘယ်အနာနှင့်၊ အော်ကာဟစ်ကြွေး၊ သေမည့်ရေး၊ ကြံတွေးမသိပေ။
(ခ) ရောဂါမရွေး၊ နာမရွေး၊ သေဘေးကြုံနိုင်ပေ။

၃။ (က) နံနက်နေ့ည၊ ဘယ်အချိန်ကျ၊ သေရမည်မသိပေ။
(ခ) နေ့ညမရွေး၊ ချိန်မရွေး၊ သေဘေးကြုံနိုင်ပေ။

၄။ (က) လမ်းမှာအိမ်မှာ၊ မြို့ရွာကုန်းရေ၊ ဘယ်ဌာနေရပ်၊ သေမည်မှတ်၊ အတတ်မသိပေ။
(ခ) နေရာမရွေး၊ ရပ်မရွေး၊ သေဘေးကြုံနိုင်ပေ။

၅။ (က) သေဆုံးပြန်က၊ ဘယ်ဘဝ၊ ရောက်ရမည်မသိပေ။
(ခ) အရိယာဘဝ၊ မရောက်ရမူ၊ ဒေဝမနုဿ၊ နိရယနှင့်၊ ပေတတိရစ္ဆာန်၊ ဤငါးတန်ဟု၊ ဘဝစု၊ တစ်ခု ရောက်နိုင်ပေ။

အသက်အနာ၊ ချိန်အခါနှင့်၊ သေရာဒေသ၊ နောက်ဘဝကို၊ မုချကျနု၊ မသိရ၍၊ ဒါနတစ်ဖြာ၊ ဘာဝနာသီလ၊ ကုသလကို၊ ကိုယ်ကအရင်၊ ဦးအောင်ပင်၊ ကြိုတင်ပြုမှ တော်မည်လေ။

## "အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း (၅) မျိုး" လင်္ကာ

အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားအပေါင်းကား၊ ရှင်လူအများ၊ ရဟန်းတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မ၊ ပဋိပတ်ကွာ၊ ဤငါးဖြာသည် မှတ်ရန် သာသနာကွယ်ကြောင်းတည်း။

## "တိုးတက်ရေးတရားခြောက်ပါး"

ကိစ္စမများ–စကားနည်းစေ၊ အိပ်နေမှုနည်း–ကိုယ်ထည်းပျော်လေ၊ ဆုံးမလွယ်ကြောင်း–မိတ်ကောင်းရှိစေ၊ မဆုတ်ရေး–အားပေးဂုဏ်ခြောက်ထွေ။

## "အသေကောင်းဖို့တရားခြောက်ပါး"

ကိစ္စမများ–စကားနည်းစေ၊ အိပ်နေမှုနည်း၊ ကိုယ်ထည်းပျော်လေ။ ရောနှောမပြု–ချဲ့မှုရှောင်သွေ၊ အသေကောင်းဖို့–အကြောင်းဂုဏ်ခြောက်ထွေ။

## "သီလစောင့်ကြား–မလေးပါယ်ရှာ"

သီလရန့်–မွှေးပျံ့ကြိုင်စွာ၊ သီလဆင်သိုင်း–ရှုတိုင်းလှပါ။
သီလစောင့်ကြား–မလားပါယ်ရှာ၊ မြတ်သီလ–စိတ်ချကိုးကွယ်ရာ။

## "တရားလက်မလွှတ်ကြစေနှင့်"

ရုပ်နာမ်ဓမ္မ၊ သခ်ါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍၊ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင် မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေအံ့ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိက်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမျှ၊ မရှိကြဘူး၊ အပ္ပမာဒေန၊ ဘိက္ခဝေ–သမ္ပာဒေထ၊ ဘုရားစကား၊ လိုက်နာပွားသည်၊ တရားလက်မလွှတ်ကြစေနှင့်။

## "မိုးကုန်ပြီ ထွန်မချချင်နှင့်"

* ပစ္စည်းရှာ–အလုပ်နှင့်၊ နေ့ပုပ်လို့–ရက်ဟုန်။
နှမြောဖို့–အသက်ကုန်တယ်၊ တွက်ပုံဖြင့်–မကောင်း။
ခုလိုနှင့်–သံသာဗွေမှာ၊ ခန္ဓာတွေ–များခဲ့စတောင်း။

* သက်မွေးမှု–စခန်းပိုအောင်၊ ဝမ်းကိုသာ–နင်ကျောင်း။
လေးဆယ်ကျော်–အရွယ်နှောင်းကာမှ၊ သူကြွယ်လောင်း–
လုပ်ချင်။
မိုးကုန်ပြီ–ထွန်မချချင်နှင့်၊ ရွံ့စရာ့–မှားဖို့ဖြစ်အင်။

* နွားအိုကြီး–အမော့သင်သလိုမေ့မေ့လျှော့လျှင်–ဘဝဆုံးရှာတော့။
အစတုံး–နင့်အဆင်၊ လွဲဖို့သာပြင်။
တရားသို့–မသက်ဝင်လျှင်၊ အခက်နင်–ကြုံတွေ့ဖို့လေး။

## "ခွင့်သာခိုက်မှ မလိုက်ချင်လျှင်"

* ငါးအာရုံ–ဘင်အစု၊ ခင်မှုနှင့်–နေ့ကုန်။
နင်ယခု–မေ့ပုံနှယ်၊ တွေ့မကြုံ–စခန်း။
ပါယ်လေးပ–သောကကုံမှာ၊ မျောရရုံ–ရှိတော့ခမန်း။

* အောက်ဝီစိ–သောင်းအငူမှာ၊ ခေါင်းမပြူ–စတမ်း။
နှစ်အရှည်–နှစ်မည်လမ်းကိုလ၊ နင်မျှော်စမ်း–နင့်ကိုယ်။
ဒေသနာ–ထင်အလင်းရယ်နှင့်၊ နင်အဖျင်း–ပိုထက်သာပို။

* သည်လောဘ–စရိုက်အိုကို၊ မလိုက်လို–ရှောင်ပစ်လို့။
နှောင်အသစ်–တကယ်ပြင်လျှင်၊ ကောင်းဖို့အစဉ်။

ခွင့်သာခိုက်မှ–မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင်–ရှိသေးလေလိမ့်လား။

ခွင့်သာဆဲမှ–မခဲချင်လျှင်၊ အလွဲနှင့်ပြင်–ရှိသေးလေလိမ့်လား။

ခွင့်သာတုန်းမှ–မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင်–ရှိသေးလေလိမ့်လား။

## "ပိဋကတ်–အစွယ်ထောင်လျှင်"

* တပိုင်းကြောင်–ကျက်စာရရုံနှင့်၊ ခက်ပါလှ–သဘောဉာဏ်။
  တက်မာန–အပြောသန်တယ်၊ ဒေါသမာန်–ထူပွား။
  စာဒက–တုဖက်လာလျှင်၊ သူ့ထက်ငါ–ငြင်းတဲ့လူစား။

* ဘုရားဟော–မြတ်ဓမ္မကို၊ တတ်လေဟန်–ယောင်ဝါး။
  ပရမတ်ပြန်–အကြောင်း သမားတွေမို့၊ ထောင်လွှားကြ–သူ့ထက်ငါ။
  အသိဉာဏ်–တထွာလောက်ရယ်နှင့်၊ ညာမထောက်–ဟောတတ်လှပါ။

* ပရိသတ်–ထောမနာအောင်၊ စေ့ဒနာ–ဉာဏ်အကောက်တွေနှင့်။
  ကန့်အကျောက်–အတင်းမရှောင်၊ ငြင်းကြလို့ဘောင်။
  ပိဋကတ်–အစွယ်ထောင်လျှင်၊ အပါယ်ဘောင်–ဆင်းရလိမ့်လေး။

လယ်တီဆရာတော်

# လောကသာရပျို့

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ကြာပိမ့်သူမြတ်၊ အများမှတ်စိမ့်၊ ဟိတတ္ထိက၊ ဩဝါဒဖြင့်၊ ဆုံးမပေးထွေ၊ နားဝင်စေလော့၊ နေသို့ထင်ရှား၊ ဘုရားတရားသံဃာ၊ ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍။ ။စုံမက်သဒ္ဓါ ကြည်စေမင်း။

၂။ အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍။ ။ကောင်းကျိုးကိုယ်၌ တည်စေမင်း။

၃။ သူကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှောင်ကျုံ့သို့၊ ဆိုတုံ့မပံ့၊ စောင်မာန်ညှံ့၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်။ ။ကောင်းနေနှလုံး ယဉ်စေမင်း။

၄။ ဆန္ဒ ဒေါသာ ဘယာ မောဟ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊ ဂတိတည်လျက်၊ နတ်ပြည်လူ့ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်၍၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊ လှူဒါနနှင့်၊ ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်။ ။မျိုးခြေအပင် စည်စေမင်း။

၅။ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာသက်ပေ၊ လျှုဖို့ဝေ၍၊ စိတ်စေကြည်သန့်၊ သဘောမှန်သား၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍။ ။မြဲပင်စင်းလျှင်း ပေါင်းယှဉ်မင်း။

၆။ ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍။ ။အမြဲခွာရှင်း ဘဲကြဉ်မင်း။

၇။ ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမှု၊ မယူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊ သူကျူးလွန်လည်း။ ။စောင်မာန်မပြင်း နူးစေမင်း။

၈။ မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညို ညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍။ ။ခပ်သိမ်းမယွင်း ငြိမ်းစေမင်း။

၉။ စတုဒိသာ၊ လေးမျက်နှာမှ၊ ရောက်လာအများ၊ ပုဏ္ဏားရဟန်း၊ ဆွမ်းပန်းချို့တဲ့၊ ရိက္ခာမဲ့ကို၊ ဆည်းခဲ့ဥစ္စာ၊ အိမ်လှောင်ခါဦ၊ လွယ်ကာထားယူ၊ ထိုသသူကို၊ လိုသူမှတ်သား၊ သနားမြတ်လေး၊ ဝတ်စားပေး၍။ ။ကျွေးမွေးထံရှင်း ငြိမ်းစေမင်း။

၁၀။ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ ၊ သုံးပါးလက္ခဏာ၊ မချာ အောက်မေ့၊ တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍၊ ပဉ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ်ဆင်းရဲကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်။ ။ရှိသေသည်း တွင်း ကျိန်းစေမင်း။

၁၁။ လောဘဒေါသ၊ မောဟသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်သည်းလွန်၊ တဖျင့်သန်လျှင်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမချာ၊ ယှဉ်စိမ့်ငှာလျှင်။ ။ပညာထိန်း၍ မိန်းစေမင်း။

၁၂။ လယ်လုပ်ကုန်သွယ်၊ ရောင်းဝယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပါးပါးလျှင်၊ အပွားအရင်း၊ လတွင်းတက်တိုး၊ ထမ်းပိုးနှစ်လီ၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွဲနွားဆိတ်ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ ဆန်ဆီဝယ်ရောင်း၊ ထပ်ကာလောင်းလျက်၊ ပဲပြောင်းစပါး၊ ကျီပြည့်ထား၍၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်။ ။မျိုးဆွေမှီတင်း ကြွယ်စေမင်း။

၁၃။ ထုံးတီးနည်းနာ၊ အဖြာဖြာဌ၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာထံ၌၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို။ ။ဆည်းပူးသန့်ရှင်း ကြွယ်စေမင်း။

၁၄။ ဘေးဘိုးစဉ်ဆက်၊ မပျက်သုံးစွဲ၊ ကျင့်မြဲလုံ့လ၊ စာရိတ္တဖြင့်၊ မိဘအလိုက်၊ စရိုက်ကျင့်ရိုး၊ အမျိုးနွယ်လျှဉ်၊ စောင့်စည်းကြဉ်၍၊ အယှဉ်အပေါင်း၊ ခင်ပွန်းကောင်းနှင့်၊ သူဟောင်းသက်ကြီး၊ ထုံးနည်းတီးကို၊ မငြီးမငွေ့၊ မှတ်ကျက်လေ့လျက်၊ ချောသွေ့စကား၊ စပ်ကြားသူပျက်၊ ကုန်းတိုက်ဖျက်လည်း။ ။ရက်ရက် မယုံ လွှန်နှင့်မင်း။

၁၅။ သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊ နှံ့မျှလုံ ခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့၊ ညဉ့်မှောင်မသိ၊ ကြွက်မျက်စိသို့၊ မိမိကိုယ်ဖို့၊ အတတ်ချို့လည်း၊ သူတို့ပြစ်တင်၊ ဆင်းရဲမြင်အံ့၊ ထင်ထင်မျက်မြော်၊ မကော်ရော်သည်။ ။ အိုသော် သူ မရယ်စေနှင့်မင်း။

၁၆။ ဃရာဝါသ၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြံနွယ်မြေးသာ၊ လူ့ရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ချားရဟတ်သို့၊ လှည့်ပတ်ပြီးမှ၊ ကြံတွက်ဆလျက်၊ လုံ့လပင်စည်၊ အရင်းတည်က၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊ ကြီးစရွေ့ရွေ့၊ အခလေ့ဖြင့်၊ မမေ့မကျန်၊ လူမှုပွန်လျက်၊ စောင့်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍။ ။နှလုံးသန့်စင် ကြည်စေမင်း။

၁၇။ လေးကျွန်းထိပ်ခေါင်၊ မြင့်မိုရ်တောင်နှင့်၊ ချိန်ဆောင်နိုင်းလည်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ အမိကား တိုက်၊ သိုက်ကားမယား၊ သားကားနွယ်ဆက်၊ ခက်လက်မျိုးဆွေ၊ ကျွန်ခြွေ

ရွှေနှင့်၊ အုပ်တွေမကွဲ၊ လူခပဲအား၊ ဆင်းရဲဖျောက်ပယ်၊ ချမ်းသာကယ်၍၊ လူငယ်လူကောင်း၊ ဖြစ်တော်ရှောင်းဟု၊ လူပေါင်းပြောပ၊ ချီးမွမ်းရလျက်၊ ကြောင့်ကြဘေးဘမ်း၊ ဖျောက်နိုင်စွမ်းသား၊ စိတ်ဝမ်းဖြောင့်တန်း၊ ဆွေခင်ပွန်းကို။ ။ချစ်ပန်းနှံ့ မပြယ်စေနှင့်မင်း။

၁၈။ စေ့မြွေသိပ်သည်း၊ ရွှေ့ရွှေ့ဆည်းလော့၊ စရည်းအိုးခွက်၊ ကြီးစွာလျက်လျှင်၊ စဉ်ဆက်ကျမျှား၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှစေလော့၊ ကြွက်သေတစ်ခုအရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သူဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်ကို။ ။သူ့ထက်လွန်ကဲ ကြိုးစေမင်း။

၁၉။ လုံ့လပညာ၊ လိမ္မာတတ်ကုံ၊ ဆင်စွယ်စုံသို့၊ ကိုယ်ယုံမြဲမြဲ၊ ကောင်းအောင်သံသား၊ လုပ်ကြံသေသတ်၊ ယောကျာ်းမြတ်တို့၊ မှတ်သည့်အတိုင်း၊ ပြည့်လှိုင်းချမ်းသာ၊ စီးပွားရှာအံ့၊ ပညာချို့တဲ့၊ လုံ့လမဲ့ဟု၊ ကဲ့ရဲ့သဂြိုဟ်၊ သူများဆိုလည်း၊ ကိုယ်ကိုမချစ်၊ အကျင့်ညစ်သား၊ အပြစ်ဖွဲ့ပို၊ လူသွမ်းတို့ကား၊ မည်သို့မသိ၊ ပျင်းရိရိလျှင်၊ ရှိသည်ကိုယ်ဖို့၊ ကုသိုလ်ပို့က၊ ငါတို့နေရာ၊ စီးပွားလာအံ့၊ ကြမ္မာကိုချည်း၊ မှတ်ထင်ရည်း၍၊ ကျင့်နည်းညံ့ဆုံး၊ သူပျက်ထုံးကို။ ။နှလုံးမငြိတွယ်စေနှင့်မင်း။

၂၀။ ကျောင်းတော်ခရီး၊ လမ်းမကြီး၌၊ ပင်ထီး ပညောင်၊ မြစ်တစ်ထောင်နှင့်၊ မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်းမြိုင်မြိုင်၊ လေမနိုင်လျှင်၊ ပပ်ခိုင်သိမ်း

မှည့်၊ အဖြည့်ကျေးငှက်၊ စားလျက်သောင်းသဲ၊ မိုဝဲလူမိုလ်၊ ရိပ်ခို အများ၊ ခရီးသွားတို့၊ နေနားပျော်ရွှင်၊ ထိုသစ်ပင်ကား၊ ဝင်လာသသူ၊ ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့၊ လူ့ဘောင်ကောင်းကြွယ်၊ လူကိုကယ်လည်း၊ ထိုနှယ်လည်းကောင်း၊ ဖြစ်တုံရောင်း၍၊ မျိုးပေါင်းဆွေဝါး၊ လူအများကို၊ သနားကြင်နာ၊ စီးပွားရှာ၍၊ မေတ္တာမကင်း၊ မုစခြင်းဖြင့်။ ။ထံရင်းမှီ ကိုးကွယ်စေမင်း။

၂၁။ ပျူပျူငှာငှာ၊ လူတကာကို၊ သာသာချိုချို၊ ချစ်ဖွယ်ဆို၍၊ စိုစိုပြည်ပြည်၊ ကျင့်မူနည်ဖြင့်၊ လည်လည်ပတ်ပတ်၊ လောကဝတ်၌၊ ပြတ်ပြတ်သားသား၊ အပြားပြားလျှင်၊ မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျွက်၊ ပေါင်းဖက်သရွေ့၊ မိဘတွေ့သို့၊ မွေ့မွေ့လျော်လျော်၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်၊ ဝတ်စားထောက်ပင့်၊ ဖြန့်ဖြူးဆင့်လျက်၊ အတင့်ကျွန်ကျေး၊ ဆွေသားမြေးကို။ ။ကျွေးမွေးမညို့း ငယ်စေနှင့်မင်း။

၂၂။ လောကသာရ၊ ကျမ်းအစ၌၊ ဆုံးမစကား၊ မျိုးလေးပါးတို့၊ မှတ်သားစိမ့်ငှာ၊ ပျို့လင်္ကာဖြင့်၊ နည်းနာထွေပြား၊ ထုံးပေါင်းကြားသည်၊ ။တခြား ပထမပိုင်းတည်း။

# သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏာ၊ စစ်ကိုင်းစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ

၏

## ထေရုပ္ပတ္တိအကျဉ်း

### ၁။ မွေးဖွားရာဇာတိ

ဆရာတော်ကို စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၌၊ မအူပင်သာဒွန်းရွာ၊ ခမည်းတော် ဦးပေါ်ရှန်း၊ မယ်တော် ဒေါ်ငွေအေးတို့မှ (၁၂၉၇) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁) ရက်၊ စနေနေ့တွင် ဖွားမြင်သန့်စင်ခဲ့ပါသည်။ မွေးချင်း (၈) ဦးအနက် ဆရာတော်လောင်းလျာသည် (၆) ဦးမြောက် သားရတနာ ဖြစ်ပါသည်။ နောင်အခါ သာသနာတော်၌ ထူးခြားထက်မြက်သည့် နိမိတ်ကို ဆောင်၍ ငယ်အမည်ကို မောင်လှထူးဟု မှည့်ခေါ်ခဲ့ပါသည်။

### ၂။ သာမဏေပြုခြင်းနှင့် အခြေခံပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် (၁၃၁၁) ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်တွင် စစ်ကိုင်းမြို့၊ ဘော်ဂါရပ်၊ ဘော်ဂါကျောင်း ဦးရီးတော်သူ ဘုန်းတော်ကြီး ဦးကုသလထံ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စည်း (၄) ပါး အထောက်အပံ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘော်ဂါကျောင်းဆရာတော်၊ ရွှေဘုံသာကျောင်း ဆရာတော်၊ တောလေးထပ်စကုမှော် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်၊ ဓမ္မာစရိယချောင်၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်

များထံတွင် သူငယ်တို့ဘာဝ တတ်သင့်တတ်ထိုက်သော အခြေခံ ပညာ၊ မြန်မာသင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ဂဏန်း သင်္ချာများကို ထူးချွန်စွာ သင်ယူတတ်မြောက်ခဲ့ပါသည်။

## ၃။ စာပေသင်ယူခြင်းနှင့် စာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ဓေယျသိမ်ပါဠိတက္ကသိုလ်၊ ဘဒ္ဒန္တ ပညိန္ဒာ ဘိဝံသ၊ ဦးအဂ္ဂါဝံသာဘိဝံသ၊ ပဌာန်းသိပ္ပံ ဆရာတော်၊ မစိုးရိမ် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဌာန်းဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ ရွှေရေးဆောင် ဆရာတော်၊ ဘဒ္ဒန္တပဏ္ဍဝံသ တို့ထံတွင် လောကုတ္တရာ စာပေ ပရိယတ္တိများကို အပတ်တကုတ် ဆည်းပူးလေ့လာ သင်ကြားခဲ့ ပါသည်။

ဆူးသည် ဖြစ်စကပင် ချွန်ထက်နေသကဲ့သို့ ဆရာတော်သည် သာမဏေဘဝကပင် စစ်ကိုင်းမြို့နယ်၌ အဘိဓမ္မာစာမေးပွဲ ပထမ အဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တို့ကို ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ဝိနယာမိက စာမေးပွဲ၌ ဒုတိယဆုကိုလည်းကောင်း၊ သာသနာ ၂၅၀၀ ပြည့် ဝိနည်းငယ်လေးဆောင် အာဂုံပြန်ပွဲ၌ ပထမဆုကိုလည်းကောင်း ရရှိခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ကျင်းပသော ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာမေးပွဲများကို အဆင့်ဆင့်အောင်မြင်တော်မူခဲ့ပြီး ၁၃၂၃ ခုနှစ် တွင် အစိုးရဓမ္မာစရိယ စာမေးပွဲကို အောင်မြင်တော်မူခဲ့သဖြင့် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

## ၄။ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

၁၃၁၆ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် နိုင်ငံတော်ဝိနည်းဓိုရ် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ စကုမ္မော်ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် စစ်ကိုင်းတောင် တောလေးထပ် ခဏ္ဍာသိမ်၌ မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ၅။ စာပေပို့ချခြင်းနှင့် သာသနာ့တာဝန်များထမ်းဆောင်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်း တောလေးထပ်ကျောင်း၌ ပညာဆည်းပူးစဉ် သာမဏေဘဝကပင် အဘိဓမ္မာသင်တန်းနှင့် အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်းများကို စာပေပို့ချပေးခဲ့ပါသည်။ ဉာဏ်ပညာကြီးမားခြင်း၊ အခြေခံသင်ရိုးများ ကျေညက်ခြင်းနှင့် အထက်တန်းစာပေများကို ထူးထူးချွန်ချွန် လိုက်နိုင်ခြင်းကြောင့် ဆရာဖြစ်သူ တောလေးထပ်ကျောင်း ဆရာတော်က စားကောင်းတစ်လက်၊ ကျောက်ကောင်းတစ်စေ့ဖြစ်သော တပည့်၏ ဉာဏ်ရည်ဉာဏ်သွေးကို ယုံကြည်စိတ်ချစွာ တာဝန်ပေးခဲ့ခြင်း ဖြစ်တန်ပါသည်။ မစိုးရိမ်တိုက်၌ ရူပသိဒ္ဓိနှင့် ယမကကျမ်းများကို ပို့ချပေးရပြန်ပါသည်။ ရန်ကုန်မြို့၊ ဇမ္ဗူရတနာပါဠိ တက္ကသိုလ်၊ ပုသိမ်မြို့ သာသနာ့ရံသီ ပါဠိတက္ကသိုလ်၊ ကျုံမငေးမြို့ အုန်းပင်ကျောင်း စာသင်တိုက်တို့၌လည်း ပရိယတ္တိ စာပေများကို ပို့ချပေးခဲ့ပါသည်။

ရန်ကုန်တိုင်း သာကေတမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကို တည်ထောင်၍ စာပေပရိယတ္တိများ ပို့ချခဲ့ခြင်း၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်၌ သာသနာ့ပါလ စာသင်တိုက်

ဖွင့်လှစ်တည်ထောင်၍ စာပေပရိယတ္တိများ ပို့ချခဲ့ခြင်းကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်း (က) ရပ်ကွက်၌ စစ်ကိုင်းစာသင်တိုက်ကို ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၁၉၇၂ ခု၊ မေလ ၂၇ ရက် တွင် စတင် တည်ထောင်၍ အခြေပြုမူလတန်းမှစ၍ ပထမငယ်တန်း၊ ပထမ လတ်တန်း၊ ပထမကြီးတန်းနှင့် အစိုးရဓမ္မာစရိယတန်းအထိ စာပေပရိယတ္တိများကို ယနေ့ထက်တိုင် ပို့ချသင်ကြားပေးလျက် ရှိပါသည်။

ဆရာတော်သည် သိမ် (၁၁) လုံးကို ဦးဆောင်၍ သိမ်သမုတ် ခဲ့ခြင်း၊ သင်္ဃန်းကျွန်းမြို့နယ် ပထမပြန် စာမေးပွဲများ ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့ခြင်း၊ သင်္ဃန်းကျွန်း မြို့နယ် ဝိနည်းစာပြန်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌတာဝန်များ ကိုလည်းကောင်း၊ ၂၀၀၁ ခု အရှေ့ပိုင်းခရိုင် အစိုးရဓမ္မာစရိယ စာမေးပွဲ၏ ဥက္ကဋ္ဌတာဝန်၊ အစိုးရဓမ္မာစရိယစာမေးပွဲ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် အရှေ့ခြမ်း မလွန် ဆန်လှူအသင်းထောက်၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ သုဝဏ္ဏမြို့ မြို့ဦးစေတီတော် ဩဝါဒါစရိယဆရာတော် အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ဆရာတော်သည် ကျောင်း ဆောက်ခြင်း၊ မီးပြင်ခြင်း၊ လမ်းတံတားများ ပြုလုပ်ခြင်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ပထမအကြိမ် မြို့နယ် သံဃနာယက အဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယအကြိမ် မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သံဃသမ္မု တိအဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် ယခုလက်ရှိ နိုင်ငံတော်

ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူနေဆဲ ဖြစ်ပါသည်။

၁၉၉၈ ခုနှစ်မှစ၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်စစ်ဆေးရေးအဖွဲ့ အကျိုးဆောင်တာဝန်များကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယကအဖွဲ့များအား သင်တန်းပို့ချခြင်းတာဝန် ဆောင်ရွက်တော်မူခဲ့ပါသည်။ သင်္ဃန်းကျွန်းမြို့နယ်၊ နိကာယ်စာမေးပွဲကြီး၏ ဩဝါဒါစရိယနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်အား ၁၃၆၁ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်ခဲ့ပါသည်။

## ၆။ ပြုစုရေးသားခဲ့သောကျမ်းများ

ဆရာတော်သည် တပည့်စာသင်သားများအတွက် ဝတ္တဘဏက စာအုပ်ကိုလည်းကောင်း၊ ကမ္မာဂမ္မ သင်တန်းစာအုပ်ကိုလည်းကောင်း၊ ပဗ္ဗဇ္ဇာဒိဒီပက စာအုပ်ကိုလည်းကောင်း ရေးသားပြုစုတော်မူခဲ့ပါသည်။

## ၇။ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း

ဆရာတော်သည် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က) ရပ်ကွက်၌ စစ်ကိုင်းစာသင်တိုက်ကြီးကို ၁၃၃၄ ခုနှစ်မှစ၍ ဖန်တီးတည်ထောင်တော်မူပြီး အခြေပြုမူလတန်းမှ အစိုးရ ဓမ္မာစရိယတန်းအထိ တပည့်သံဃာ (၃၅၀) ကျော်တို့အား နေ့ဝါညဝါများပို့ချခြင်း၊ ကျောင်းတိုက်ကြီး၏ ပဓာနစာချတာဝန်များ ထမ်းဆောင်နေခြင်းများကြောင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးက ၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၄) ရက်နေ့တွင် "ပရိယတ္တိသာသနာဟိတရေ၊

ဂုဏဝိသိဋ္ဌ” ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်းကို ခံယူခဲ့ရပါသည်။

ယင်းဘွဲ့တံဆိပ်တော်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း ပရိယတ္တိစာပေ သင်ကြားပို့ချသည့် ထင်ပေါ်ကျော်ကြားသော ကျောင်းတိုက်ကြီးများကို တည်ထောင်၍ စာပေပရိယတ္တိများကို ထူးချွန်စွာ ပို့ချခြင်းကြောင့် ဆက်ကပ်သောဘွဲ့တံဆိပ် ဖြစ်ပါသည်။

ဆရာတော်သည် ရိုးသားပွင့်လင်းစွာ ပြောဆိုဆက်ဆံ၍ အရာရာ၌ သည်းခံခြင်း၊ အနစ်နာခံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ဘာသာရေး၊ သာသနာရေးတို့၌ စိတ်ဓာတ်အလွန်ထက်သန်ခြင်း၊ ကလေးသူငယ်ကအစ သိရှိနားလည်နိုင်အောင် ဆုံးမသွန်သင်တတ်ခြင်း၊ ဒေသအတွင်း၌ ဆွမ်းလောင်းအသင်းများ မြောက်မြားစွာ ပေါ်ထွန်းလာအောင် ဆောင်ရွက်ခြင်း၊ သဃ်န်းကျွန်းမြို့နယ်အတွင်း ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ဖြစ်မြောက်ရေး ကိစ္စများကို ဆောင်ရွက်တော်မူပါသည်။ အနှစ် (၄၀) ကျော်တိုင် ပရိယတ္တိစာပေများ ပို့ချခြင်း စသော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် လည်းကောင်း၊ ဂဏာစရိယဂုဏ်၊ ဂန္ထဓုရာဝဟာဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ သံဃဂဏာဝိရောစနဂုဏ်၊ လဇ္ဇီပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သာသနာရေးဝန်ကြီးဌာနမှ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၃) ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၀) ဖြင့် အဂ္ဂမဟာဂန္ထဝါစက၊ ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံခဲ့ရပါသည်။

**သဃ်န်းကျွန်းမြို့နယ် အရှေ့ခြမ်း၊ မလွန်ဆန်လှူအသင်းထောက်၏ (၂၃) ကြိမ်မြောက် ဆန်လှူရေစက်ချမင်္ဂလာ အခမ်းအနားဌ် စစ်ကိုင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ အား အရှင်ဃောသိတ (ရေနံ့သာ) ရေးသားချီးကျူးပူဇော်သော ဂုဏာထောပနာဝန္ဒနာဂါထာပါဘုရား**

မဟာလဍ္ဍန လဒ္ဓတ္တာ၊
နဂရဿ သိရီဝဟော၊
တသ္မာ သိရီဝဟတ္တာဝ၊
ပူဇူဿဝံ ကရောမဟေ၊

ဘောဿွေ – ထေရ်ဂုဏ်ကြည်ယုံ၊ မြို့နယ်စုံမှ ဂုဏ်ပြုဆင်နွှဲ၊ ပူဇော်ပွဲသို့၊ အားခဲကြည်သာ၊ ဝမ်းသာစွာဖြင့်၊ ကြွတော်မူလာကြကုန်သော၊ သပ္ပုရိသနွယ်ဝင်၊ အိုသူတော်စင်အပေါင်းတို့။

ထေရေန – စစ်ကိုင်းစာသင်တိုက်၊ သမိုက်ကျော်ထင်၊ ပေါ်လွင်လှစွာ၊ ကျောင်းတော်သာမှ၊ ပဓာန နာယက ဖြစ်တော်မူသော၊ ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒ၊

အကျွန်ုပ်တို့ဆရာ၊ သဒ္ဓါရှန်းဝေ၊ မဟာထေရ်သည်၊

မဟာလဍ္ဍန လဒ္ဓတ္တာ – တစ်သုံးခြောက်တစ်၊ သက္ကရာဇ်၌၊ ရှင်ချစ်သာသနာ၊ တိုးတက်ရာဟု၊ မြန်မာနိုင်ငံတော် အစိုးရ၊ န.ယ.က မှ၊ နှင်းဆက်သသည့်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဟုဆိုအပ်သော စာချဘွဲ့တို့တွင်၊ အကြီးဆုံးအမြင့်ဆုံးဖြစ်သော၊ စာချဘွဲ့ကို ရတော်မူသည်၏အဖြစ်ကြောင့်။

နဂရဿ – အမည်ဆန်းထွန်း၊ သဃ်န်းကျွန်းမြို့၏

သိရိဝဟော – မကဲမပြေအောင်၊ တက်နေရောင်သို့၊ ကျက်သရေ
ဆောင်၊ အရှင်မြတ်သည်

ဟောတိ – မှချမသွေ ဖြစ်တော်မူပါပေ၏။

တဿာသိရိဝဟတ္တာဝ – ထိုသို့အမည်ဆန်းထွန်း၊ သဃ်န်းကျွန်း၏၊
ကျက်သရေဆောင်၊ ဖြစ်သည်၏အဖြစ်ကြောင့်
သာလျှင်

မယံ – ဂုဏ်တယူယူ၊ အပြုံးတလူလူဖြင့်၊ ဝမ်းဆူပီတိ၊
ကြည်အိတမြမြ၊ သောမနဿ၊ တသွင်သွင်စီး၊
အပျော်ရွှင်ကြီး၊ ပျော်ရွှင်နေကြကုန်သော၊ တပည့်
တပန်း၊ ရဟန်းရှင်လူ၊ ဒကာ ဒကာမအပေါင်း
တို့သည်၊

တေ – အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊
ရတော်မူသည့်၊ မဟာထေရ် အရှင်မြတ်ဘုရားအား

ပူဇေဿမ – အခေါင်မဟာဆင်နွှဲ၊ ချီးကျူးပူဇော်ပွဲကို

ကရောမ – သဃ်န်းကျွန်းမြို့နယ် အရှေ့ခြမ်း၊ မလွန်ဆန်လှ
အသင်းမှ ဦးဆောင်လျက်၊ အထူးပြောင်မြောက်စွာ၊
တစ်မြို့နယ်လုံး၊ ခြိမ့်ခြိမ့်အုံးမျှ၊ သိမ်းကျုံးပါဝင်၊
သဒ္ဓါပန်းတွေက တလွင်လွင်၊ စေတနာတွေက
တသွင်သွင်၊ ရွှင်ရွှင်ညီညီ၊ ပီတိတွေကိုယ်စီဖြင့်၊
ဆီတိုဝမ်းပမာ၊ ကြည်အိလန်းဖြာလျက်၊ သာသနာ
ရောင်ဝါလန်းအောင်၊ ကြိုးပမ်းကော်ရော်၊ ပူဇော်
ကြပါကုန်၏၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့
သခင်၊ အရှင်သူမြတ်ကြီးဘုရား–

သာဓု – သာဓု – သာဓု

## သယ်နိုးကျွန်းမြို့နယ် မီးရထားသံလမ်းအရှေ့ခြမ်း (၂၃)နှစ်မြောက် မလွန်ဆန်လှူအသင်းထောက် ရေစက်ချမင်္ဂလာသဘင်အခမ်းအနားဌ် အရှင်ယောသိတ (ရေနံ့သာ) ရေးစပ်ပူဇော်အပ်သော

### ဘဒ္ဒန္တ ဓမ္မာနန္ဒ ဂုဏ်ရည်တော်ဘွဲ့ ၈၀ ပေါ်
### တေးထပ် (ပါဘုရား)

* စာသင်တိုက်တွေ၊ ကြိုက်ပြီးကြိုက်
လိုက်ပြီးလိုက်လိုက်၊ ပြည်ဘောင်ဆီ၊
* တစ်တိုက်ပြီးတစ်တိုက်၊ တည်ထောင်ပြီကွယ်
ထေရ်ဆောင်အလီလီ၊ ပြုနိုင်စွ။
* ဘဒ္ဒန္တ ဓမ္မာနန္ဒ၊ ထေရ်ဆရာသည်
ပြည်မြန်မာမှာ၊ (ပြေပြဟုဖတ်ပါ) နတ်ပန်းမဉ္ဇူသက၊
* သာမဏေဘဝ၊ စစ်ကိုင်းတောင်ဝယ်
သမိုင်းပြောင်ပြောင်၊ စာကိုချ။
* မနှိုင်းနိုင်အောင်၊ သဒ္ဒါပိုလှ
အမတကို,တ၊ ထေရ်မြတ်ရှင်။
* ကျုံမငေး–ရန်ကုန်၊ ပုသိမ်–မန်း၌
အကြိမ်ကြိမ်လန်းဆန်း၊ စာချနေခဲ့ပင်။
* ကျောင်းပြင်တံတားဆောက်၊ ရွှေထီးတင့်တယ်
ထေရ်ကြီးလျှင်လျှင်၊ များပြားလှလို့။

* အားပါးတရ၊ စုံစွပြသကို
ပုညကုသိုလ်၊

* ဘဒ္ဒန္တ ဓမ္မာနန္ဒ၊ ဂုဏ်ရည်ချိုရယ်
ယုံကြည်ပိုမို၊ ပူဇော်သဘင်ပလေး၊

* "အဂ္ဂမဟာ ဂန္ထဝါစက" ဂုဏ်ထူးရှင်ကို၊
စုံစုံဖူးမြင်၊ ပူဇော်သဘင်ပလေး။

* (၂၃) နှစ်မြောက်၊ အကြိတ်ပူတယ်
မလွန်ဆန်လှူ၊ အသင်းပူဇော်ဘုရာ့လေး

**သယ်နီးကျွန်းမြို့နယ် မီးရထားသံလမ်းအရှေ့ခြမ်း (၂၃) နှစ်မြောက်**

**မလွန်ဆန်လှူအသင်းတော်**

**ရေစက်ချမင်္ဂလာသဘင်အခမ်းအနားဌ ပူဇော်အပ်သော**

**ဂုဏဝန္ဒနာ တေးထပ်**

* တေဇာဝေဖြာ ပြေမြန်မာတင့်၊
ထေရ်ဆရာ အရှင့်မြတ်ဂုဏ်ရည်၊
ဓမ္မေရတနာအဆင့်ဆင့် ဒြပ်စုံတည်သည်၊
နဝရတ်ပုံ အညီဂုဏ်ရည်လင်း၊
အဂ္ဂမဟာဂန္ထဝါစက ဘွဲ့ထူးဆင်သည်၊
ဂုဏ်ထူးသဘင် စိတ်ထားကြည်လို့ဝင်း။ ။

* ပရိယတ်ပဋိပတ် နှစ်ရပ်စုံသည်၊
ကဝိမြတ်ဂုဏ်ရည် တေဇာဝင်း၊
အသိဓာတ်စုံညီ တေဇာလင်းလို့၊

ထေရ်မဟာသတင်း ထင်းလင်းပြန့်ဝေစီ၊
သာသနာတော်အတွက် အောင်ကနက်ထူသည်၊
ဆောင်ရွက်တော်မူ ဂုဏ်ရောင်လွှမ်း။ ။

* အောင်ပန်းထွေထွေ အောင်ရေတကောင်းနှင့်၊
အောင်စေကြောင်း ခညောင်းဆုရွှေရည်၊
အောင်သပြေနု ငွေခရုဓေယျတုစုံစုံညီ၊
တပည့်အများ ညွတ်တွားပတ္တနာရည်၊
ဂုဏ်ကျက်သရေပေါင်း ခညောင်းဆောင်သည်၊
လပေါင်းတစ်ထောင် ထိန်ဝင်းကြည်သို့လေး။ ။

* တပည့်အများ ညွတ်တွားဝန္ဒနာချီ၊
ထွင်ဖူးဖျားဓာနည် ဂုဏ်ထူးရှင်ဘုရားလေး။

## ‘သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ နှင်းဆီကုန်း(က)ရပ်ကွက်၊ စစ်ကိုင်းစာသင်တိုက်’

## ၂၃-နှစ်မြောက် မထွန်ဆန်လှူအသင်း ရေစက်ချမင်္ဂလာသဘင်အခမ်းအနား၌ “အဂ္ဂမဟာဂန္ထဝါစကာဝဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဓမ္မာနန္ဒဆရာတော်ဘုရားအား ပူဇော်ပွဲ၌ အရှင်ယောသိတ(ရေနံ့သာ) ရေးစပ်ပူဇော်အပ်သော အဖြည့်ခံရတုဝါဘုရား

**စစ်ကိုင်းထေရ်ရှင်**၊ ထွန်ရှုဘုန်းခင်ကား၊ တောင်စဉ်ပြာမှိုင်း၊ အလှဝိုင်းသည့်၊ စစ်ကိုင်းမြို့နယ်၊ စုံပေါကြွယ်သား၊ တင့်တယ်စွာလျှင်၊ မအူပင်သာဒွန်း၊ ရွာရပ်ဝန်းဝယ်၊ မြင့်ထွန်းသာသနာ၊ ထေရ်လောင်းလျာကား' ဥစ္စာများသော၊ ယာ ချောင်းပေါ်ရှင့်၊ ဦးပေါ်ရှန်ခေါ်၊ ခမည်းတော်နှင့်၊ မယ်တော်ပျံ့မွေး၊ ဒေါ်ငွေအေးမှ၊ မွေးဖွားခဲ့ရာ၊ ရွှေစင်သာတည့်၊ ဘော်ဂါရပ်ကျောင်း၊ ကိန်းအောင်းစံပျော်၊ အတတ်ကျော်သည့်၊ ထေရ်မော်ဦးကုသလ၊ ဦးရီးမှူကို၊ ဘဝတင့်တယ်၊ ဥပဇ္ဈာယ်ဟု၊ နုနယ်သားချစ်၊ ကိုရင်ဖြစ်ခဲ့၊ တစ်သုံးတစ်ခြောက်၊ ခုနှစ်ရောက်သော်၊ နတ်တော်လပြည့်၊ ကဝိမည်စွ၊ ဆင္ဒသံဂါယနာ၊ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတာဟု၊ ဆရာထေရ်ကျော်၊ စကုမှော်ကို၊ တော်ဝင်ခန့်ငြား၊ ဥပဇ္ဈာယ်ထား၍၊ တောက်ကြွားစင်စစ်၊ ရဟန်းဖြစ်၏၊ ရှင်ချစ်သာသနာ၊ တိုးတက်ရာဟု၊ မဟာမြင့်မြတ်၊ ထွန်ရှုစိတ်ဓာတ်ဖြင့်၊ မပြတ်ရိုးသား၊ စာကြိုးစားသည်၊ **ထွန်ရှုဖျားဒေသနာ၊ တိုးစေကြောင်း ...**

**သမိုင်းဝေလွှင် ထေရ်မြတ်ရှင်ကား၊** အစဉ်ရိုးသား၊ ဓာကြိုးစား၍၊ ထင်ရှားလာသည့်၊ နိုင်ငံသိသား၊ အဘိဓမ္မာ၊ စာပွဲမှာလျှင်၊ သုံးဖြာသုံးဆင့်၊ အောင်ပွဲဝင့်၏၊ ဝိနယာဓိက၊ ဒုတိယနှင့်၊ ထိုမှတစ်ပါး၊ နှစ်ထောင့်ငါးရာ၊ ပြည့်နှစ်မှာလည်း၊ ဝိနည်းလေးဆောင်၊ အာဂုံဆောင်ဝယ်၊ ထွန်းပြောင်ပထမ၊ ရပေစွရှင့်၊ ထိုမှတစ်သွယ်၊ ငယ်လတ်အကြီး၊ တစ်သီးဓမ္မာစရိယ၊ ဘွဲ့ကိုရ၏။ ထူးလှတစ်ထွေ၊ သာမဏေဘဝ၊ စာတွေချပြီး၊ မန်းမှရန်ကုန်၊ ပုသိမ်စုံရှင့်၊ ကျုံမငေး တွင်၊ အုန်းပင်စာသင်တိုက်၊ တည်ထောင်လိုက်၏။ သိုက်မြိုက် ပေစွ၊ သာကေတဝယ်၊ မဟာဂန္ဓာရုံ၊ ကြည်ယုံစွမ်းရည်၊ အသစ် တည်၏။ တစ်လီတစ်ပိုင်း၊ ရန်ကုန်တိုင်း၌၊ စစ်ကိုင်းစာသင် တိုက်၊ တည်ထောင်လိုက်၏။ ထိုက်ထိုက်တန်တန်၊ ပထမပြန်၌၊ တာဝန်ဥက္ကဋ္ဌ၊ ဆောင်ရွက်စွရှင့်၊ ထိုမှတစ်ဖြာ၊ ဓမ္မာစရိယ၊ စာပွဲ မှလျှင်၊ တဝမြို့ဦး၊ အထူးအချွန်၊ မလွန်ဆန်လှူ၊ အသင်းမှုလျှင်၊ ရှင်လူတကာ၊ ရိုသေပါသည့်၊ သြဝါဒါစရိယ၊ ဖြစ်ပေစွရှင့်။ ဗဟိုဝန်ဆောင်၊ ထွန်းထွန်းပြောင်မို့၊ ထွင့်ခေါင်မြင့်စွာ၊ ထေရ် ဆရာအား၊ စာချဘွဲ့တွင်၊ မြင့်ဆုံးပင်တည့်၊ လူရှင်တို့က၊ လေး စားရသော၊ အဂ္ဂမဟာ၊ ဂန္ထဝါစကပဏ္ဍိတဟု၊ ဘွဲ့လှကြီးမား၊ ဆက်လှူထားသည်၊ **ညွှတ်တွားထေရ်မဟာ၊ ဖြိုးဝေကြောင်း။**

# အရှင်ယောသိတ (ရေနံ့သာ) ရေးသားပူဇော်အပ်သော စည်တော်သံပါဘုရား

* ဆရာတော်ဦးဓမ္မာနန္ဒရယ်က
အမှူးသံဃာ စံပြထေရ်ဘုန်းမော်
စစ်ကိုင်းခေါ်ကျောင်းတော်တွင်းမှာ သင်းပျံ့ထင်ပေါ်
ရန်ကုန်မှာမော် ပြည်ကျော်မည့်ထေရ်ဘုန်း
ကျက်သရေဝေဖြာလက်တယ် ဖြန်းပက်တို့ဘုန်း။

* အဂ္ဂမဟာဂန္ထဝါစကရယ်က ပဏ္ဍိတပါတဲ့ဘွဲ့ဂုဏ်ရည်

နိုင်ငံတော်ရာဇာမင်းရယ် နှင်းအပ်လှူပြီ။
စစ်ကိုင်းမှာမို သာကီတဲ့ထေရ်ဘုရား
သာသနာ့ဝါဝါလွှမ်းအောင်၊ ထမ်းဆောင်လို့တကား

* တပည့်တွေ ရှင်ကြည်နူးပါတဲ့
ပြည်ဘုရင်မှူးလို့ ရည်မှတ်ယူ
ထေရ်တစ်ဆူ ပူဇော်ပွဲ အားခဲကြည်ဖြူ
မလွှန်ဆန်လှူ ညီမူတည့်ဂုဏ်ထူး
များဒကာ ဒကာမတွေရယ် အားရလို့ဖူး။

## ဆုတောင်းဂါထာ

ဣဋ္ဌံ ဣဋ္ဌံ အလဒ္ဓါန၊ ဒုက္ခိတာယေ ဒိန်ဒိန်။
သိဃံ သိဃံ သုလဒ္ဓါန၊ မောဒေန္တုတေသမံသမံ။

ယေသတ္တာ၊ အကြင်ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား များပြားလှစွာ သတ္တဝါတို့သည်။ ဣဋ္ဌံဣဋ္ဌံ၊ လိုရာလိုရာဖြာဖြာ ဆုတောင်း မင်္ဂလာပေါင်းကို။ အလဒ္ဓါန၊ တောင်းတိုင်းမရ တတိုင်းမမြင် ထင်တိုင်းမပေါက်ကြကုန်၏။ ဒိန်ဒိန်၊ နေ့ညဉ့်နာရီ ဃဋီမချာ အားခွင့်မမြင် အစဉ်အမြဲ တသန်ထဲသာလျှင်။ ဒုက္ခိတာ၊ မရွှင်ငြိုးချုံး ကြိမ်မီးအုံးသို့ နှလုံးငြိုငြင် ပူပွဲတွေဆင်ကြလေကုန်၏။ တေသတ္တာ၊ ထိုကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား များပြားလှစွာ လိုရာဆန္ဒ မပြည့်ဝ၍ ဒုက္ခရောက်သူ နှတ်လူသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သိဃံသိဃံ၊ လျှင်စွာလျှင်စွာမကြံ့ကြာ ဘဲ။ သုလဒ္ဓါန၊ လိုတိုင်းပြည့်ဝ တတိုင်းစုံလင် ထင်တိုင်းပေါက် ရောက် အကြံတွေပြီးမြောက်ကြကုန်၍။ သမံသမံ၊ ဘေးရန်မသန် ငြိမ်းချမ်းသာယာအေးမြစွာပင်။ ဝါ၊ တစ်ယောက်နှင့်တစ်ယောက် ခေါ်တုန့်ခေါ်ပြန် စိတ်မာန်မသွင်း ချင်းချင်းညီညာအတူမျှသာ လျှင်။ မောဒေန္တု၊ အားရရွှင်မြူးမေတ္တာကူး၍ ကြည်နူးဝမ်းမြောက် ကြပါစေကုန်သတည်း။

## ဆုတောင်းဂါထာ

ဗျာပါဒ ပဋိဃာတာယ၊ သဗ္ဗေသိနေဟသမ္ဘဝံ။
အညမညံ မေတ္တာယန္တု၊ အတ္တနောဝပဇံ ပဇံ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ လူရော နတ်ပါ သတ္တဝါတို့သည်။ ဗျာပါဒံ၊ ကျေးရူးဂုဏ်အင် မမြော်မြင်ဘဲ တွင်တွင်မုန်းညှို နှလုံးဆိုးသည့် အမိုက်အိုးကြီး ဒေါသမီးကိုရင်း။ သိနေဟသမ္ဘဝံ၊ သည်းနှစ်အူနှစ် အချစ်စိုက်စူး မိုက်မူးတတ်စွာ တဏှာ စေညှော် ဖြစ်ပေါ်ပွားစည်းခြင်းကိုရင်း။ ပဋိဃာတာယ၊ ချစ်လွန်ပြန်လျှင် ပူပန်နှလုံး မုန်းလွန်းပြန်က ရန်စတာရှည် ဖြစ်လိမ့်မည်ဟု အတွင်းစိတ်ထား ဉာဏ်စိန်သွားဖြင့် ပယ်ရှားပစ်ခွင်း နှိမ်နင်းဖျက်ဆီးကြကုန်၏။ အတ္တနော၊ မိမိ၏။ ပဇံ၊ သားစဉ် သမီးစဉ် ရင်သွေးနှစ်ကို။ မေတ္တာယန္တိ ဣဝ၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းလွင့်စင် ဆန်းလသွင်သို့ နေ့စဉ်တက် တိုး ပြည့်ဖြိုးကြွယ်ဝချမ်းမြစေလို ကိုယ်နှင့်ထပ်သူ ချစ်ကြည်ဖြူ ကြကုန်သကဲ့သို့။ တထာ၊ ထိုသားစဉ်သို့စဉ်ရင်သွေးနှစ်ကို ချစ် သည့်ပမာ အလားတူသာလျှင်။ ပဇံ၊ ချစ်သူမုန်းသူ လျစ်လျူ သိမ်းရုံး အားလုံးဝေနေ သတ္တဝါတွေကို။ အညမညံ၊ တစ်ယောက် နှင့်တစ်ယောက် ခေါ်တုန့်ခေါ်ပြန် စိတ်မာန်မသွင်း အချင်းချင်း အား။ မေတ္တာယန္တု၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်း ငြိမ်းလွင့်စင် ဆန်းလသွင်သို့ နေ့စဉ်တက်တိုး ပြည့်ဖြိုးကြွယ်ဝ ချမ်းမြစေလို ကိုယ်နှင့်ထပ်တူ ချစ်ကြည်ဖြူနိုင်ကြပါစေကုန် သတည်း။ ။

## သိမ်ကြီးဈေး ဝတ်ရွတ်စဥ်မှ ၅-ဂါထာ

### "သူရဿတီမယ်တော်ဂါထာ"

ဥုံ...ပိဋကတ္တယံသံပုဏ္ဏံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ။
ဓိဝှဂ္ဂေ မေ နိသိဒိတွာ၊ မံ ဓာရေတု သူရဿတီ။

### "သီရည့်ဂါထာ ပါဠိအနက်"

သီရည့်မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာစ၊ ဣန္ဒဒေဝါ သဗြဟ္မကာ။
ဧတေသံ အာနုဘာဝေန၊ သဗ္ဗေဘယဥပဒ္ဒဝါ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ဗုဒ္ဓသေဋ္ဌော၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်လူရှင်ဥက္ကဋ် ဘုရားမြတ်သည်။ မေ၊ အကျွန်ုပ်၏။ တေတုမှာက်၊ ပရိတ်စက်ကို နှစ်သက်ကြည်ဖြူ နာယူကြကုန်သော သင်လူအပေါင်းတို့၏၊ သင်အိမ်သူအိမ်သားအပေါင်းတို့၏။ သီရည့်၊ နှစ်ကုဋေငါးသန်း မြပန်းကေသာ ပေါက်ရာမည်တွင် ရတနာပလ္လင် ဦးထိပ်ပြင်၌။ ဌာတု၊ ရောင်ခြည်တော်ခြောက်ထွေ ရွှန်းရွှန်းဝေလျက် ဘေးကွေရန်များ ပျောက်ကွယ်ရှားအောင် ဟန့်တားရွှင်ကြည် တည်နေတော်မူပါစေသတည်း။

သာရိပုတ္တော၊ ပညာထက်မြက် တေဂ်ဂုဏ် သင်းထုံပျံ့ပျူးချီးကျူးမြှောက်စား သားကြီးရတနာ ရှင်သာရိပုတ္တရာသည်။

မေ၊ ၈၈၊။ ဒက္ခိဏော၊ ပဉ္စက္ခန္ဓာ ကိုယ်အင်္ဂါတွင် လက်ျာခေါ်သုံး ညာပခုံး၌။ ဌာတု၊ ပညာတော်ရောင် ဝင်းဝင်းပြောင်လျက် မိုက်မှောင်ပယ်ခွ ကျက်သရေဖြင့် တည်နေကိန်းဝပ်တော်မူပါစေ သတည်း။

မောဂ္ဂလ္လာနော၊ ဣဒ္ဓိဆယ်မျိုး တန်ခိုးအတန်တန် နိုင်းစံရည်တူ မရှိသူဟု မြွက်ကျူဗျာဒိတ် မြတ်တံဆိပ်ဖြင့် ခပ်နိုပ်ချီးပံ့ လက်ဝဲတော်ရံ မောဂ္ဂလ္လာန်ခေါ် မထေရ်ကျော်သည်။ မေ၊ ၈၈၊။ ဝါမအံသေ၊ ကိုယ်ဒြပ်တွင် ဆက်စပ်ယှဉ်တွဲ ပညတ်စွဲဖြင့် လက်ဝဲခေါ်သုံး ဘယ်ပခုံး၌။ ဌာတု၊ ဣဒ္ဓိလျှံဖြိုး ဈာန်တန်ခိုးဖြင့် ရန်မျိုးပယ်ခွ ဘုန်းမိုးစွေလျက် တည်နေကိန်းဝပ်တော်မူပါစေ သတည်း။

ပိဋကတ္တယံ၊ သုတ္တာန်ဘိဓမ္မာ ဝိနယာဟု သုံးဖြာသတ်မှတ် ပိဋကတ်တော်မြတ်သည်။ မေ၊ ငါ၏။ ပုရတော၊ ရှေ့ရပ်မျက်နှာ မင်္ဂလာစုံဘိ ရပ်သီရှိ၌။ ဌာတု၊ တောင်ကြီးပမာ ဘေးရန်ကာလျက် ကောင်းစွာတည်နေတော်မူပါစေသတည်း။

အာနန္ဒော၊ ဧတဒဂ်ငါးကြိမ် ဂုဏ်သိရ်ဝင်းလျှပ် ရှစ်ရပ်ဌာနံ သမ္ဘာလျှံသည့် အာနန္ဒာမော် မထေရ်ကျော်သည်။ မေ၊ ငါ၏။ ပစ္ဆိမေ၊ လက်ပြင်နှစ်ခု လယ်ဟုခေါ်ဆို ကျောဗဟို၌။ ဌာတု၊ နောက်ဘက်ဘေးရန် တွန်းလှန်ဖြိုဖျက် နှစ်သက်ရှင်ကြည် တည်နေတော်မူပါစေသတည်း။

ခီဏာသဝါ၊ အာသဝေါလေးပါး ရန်သူများကို အရဟတ္တမဂ် ဓားသံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်အပ်ပြီး ရဟန္တာ

အရှင်မြတ်ကြီးတို့သည်။ မေ၊ ငါ၏။ စတုဒ္ဒိသာ၊ စတုဒ္ဒိသာသုံ၊ ရေ့နောက်ဝဲယာ လေးဖြာသောအရပ်တို့၌။ တိဋ္ဌန္တု၊ လေးဘက်လေးတန် ရန်ဟူသမျှ မြူမခအောင် စောင့်ရှောက်သောအားကရုဏာထားလက် ဟန့်တားရှင်ကြည် တည်နေတော်မူကြပါစေကုန်သတည်း။

လောကပါလာစ၊ လောကအတွင်း သက်ဆင်းကျသူ များဗိုလ်လူတို့ မကောင်းဘေးဘျမ်း အေးချမ်းစေမူ ကြည့်ရှုစောင့်ရှောက် လောကစောင့် နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း။ သဗြဟ္မဏာ၊ ဗြဟ္မစိုရ်တရား လက်ကိုင်ထားလျက် ရှစ်ပါးသမာပတ် ဝင်းဝင်းလျှပ်သည့် ထက်ရပ်ကပ်ချဉ်း ဗြဟ္မာမင်းနှင့်တကွ ဖြစ်ကုန်သော်။ ဣန္ဒဒေဝါစ၊ ဝတ်ကြီးစိုးမောက် ဖြိုးဣဒ္ဓိ သိရိကျက်သရေ ထွေထွေများများ နတ်များသနင်း သိကြားမင်းနှင့် မယွင်းမမှား တရားလက်သုံး နှလုံးစင်ဖြူ နတ်ကောင်းနတ်မြတ်ဟူသမျှ အပေါင်းတို့သည်လည်းကောင်း။ သမန္တတော၊ ဝန်းကျင်ဒိသာ ရှစ်မျက်နှာမှ (ဆယ်မျက်နှာမှ)။ တိဋ္ဌန္တု၊ ရာဟုသံဒေါင်း မကောင်းအိပ်မက် ဖွတ်တက်ချိုးနား ဆိုးဝါးဆူညံ ငှက်သံပျားစွဲ အိမ်ထဲတောင်ပို့ မနှစ်လိုဗြား နိမိတ်များနှင့် ငါးပါးရန်ကြီး ငြိုပြာ်စီးဓာတာ ရှင်းရှင်းကွာ၍ လိုရာပြီးမြောက် ကြံတိုင်းပေါက်အောင် စောင့်ရှောက်တည်နေကြပါစေကုန်သတည်း။

တေသံ၊ ထိုသို့ဆိုခဲ့အပ်ပြား မြတ်ဘုရားနှင့် တရားသံဃာ နတ်ဗြဟ္မာတို့၏။ အာနုဘာဝေန၊ လောကဓာတ်လုံး ရိုက်ချိုးချေဖြိုး လွှမ်းအုပ်မိုးသည့် တန်ခိုးရှိန်စော် မေတ္တာအာနုဘော်စွမ်း

ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဘယဥပဒ္ဒဝါစ၊ နှစ်ဆယ့်ငါးပါးသောဘေး တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း။ အနေကာ၊ တစ်ပါးမက များလှစွာကုန်သော။ အန္တရာယာပိ၊ အန္တရာယ်ဟု ရန်စွယ်အပေါင်းမကောင်းဟူသမျှတို့သည်လည်းကောင်း။ အသေသတော၊ ဘုန်းတော်ဒဏ်ကို မခံနိုင်ဘဲ ရှောင်လွှဲဖယ်ရှား အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိနဿန္တု၊ နေရှိန်လန့်ကြောက် ဆီးနှင်းပေါက်သို့ လွင့်ပျောက်ကြပါစေကုန်သတည်း။ ။

## "စိန္တာမဏိ ဂါထာတော်"

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၁။ စိန္တာမဏိရတနာနိ၊ ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဗုဒ္ဓံ၊ ဘုရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဗုဒ္ဓရတနာနံ၊ ဘုရားတည်းဟူသော ရတနာတို့ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို။ ကရံ ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ၊ ဆောလျင်စွာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

၂။ စိန္တာမဏိရတနာနိ၊ ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဓမ္မံ၊ တရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဓမ္မရတနာနံ၊ တရားတည်းဟူသော ရတနာတို့ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို။ ကရံ ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣဋ္ဌာ၊ ကြံစည်တောင့်တာ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ၊ ဆောလျင်စွာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

၃။ စိန္တာမဏိရတနာနိ၊ ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ သံဃံ၊ သံဃာတည်းဟူသော ရတနာမြတ်ပေတည်း။ သံဃရတနာနံ၊ သံဃာတည်းဟူသော ရတနာတို့ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို။ ကရံ ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣဋ္ဌာ၊ ကြံစည်တောင့်တ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ၊ ဆောလျင်စွာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

## "အောင်ခြင်းရှစ်ပါး"

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနံစ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော၊ အောင်သူတကာတို့ အထွဋ်ရတနာ ဥသျှောင်ဘုန်းခေါင်ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ မာရံစ၊ ဂီရိမေခလာဆင်မဟာကို လျင်စွာတက်စီး ပလ္လင်နီးဝယ် လေကြီးမိုဃ်းကြီး ပြာပူမီးနှင့် မှောင်ကြီးတတန် ဓားလှံမကြွင်း ပစ်ခတ်ခွင်းလျက် အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန်ထလော့ စိမ်းမြည်ိုလွင်

ဖော့ဓိပင်နှင့် ပလ္လင်သော်ကား ထင်အရှားပင် သင်ကားမဆိုင် ငါ့သာပိုင်ဟု စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့် အောက်ထက်ဝန်းရံ သောသောညံအောင် အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေး တသင်း မာရ်နတ်မင်းကိုလည်းကောင်း။

ယက္ခံစ၊ ဓားမိုး လှံမိုး မီးကျိုးမိုးကို ရွာဖြိုးသွန်းချ ယမ်း မီးကျသို့ ဒေါသပြင်းထန် ငါ့ဗိမာန်မှ အမြန်ထသွား နှင်ရက် အားသည် တရားကင်းကွာ ကြမ်းကြုတ်စွာသည့် အာဠဝက တေဇထန်ပြင်း ဘီလူးမင်းကိုလည်းကောင်း။

ဂဇံစ၊ အစွယ်ထက်ချွန်၊ အရက်မွန်လျက် အလွန်ဆိုးညစ် အမှုယစ်၍ ရှင်ချစ်သနင်း သုံးလူ့မင်းကို အတင်းအကြပ် ဝိညာဉ် ပြတ်အောင် ထိုးသတ်အံ့ငှာ ရှေ့ရှုလာသည့် နာဠာဂီရိတောင်ရှိ နိုးနိုး ဆင်ပြောင်ကြီးကိုလည်းကောင်း။

စောရံစ၊ တဟုန်းတည်းဖြင့် ခရီးဝေးကွာ သုံးယူဇနာကို လျင်စွာပြေးစွမ်း တောမြိုင်တန်းမှ လူဖမ်း လက်ဖြတ် သေအောင် သတ်၍ နန်းရပ်ကကျော် မွေးမယ်တော်ကို မြင်သော်စိုက်စိုက် ဓားဖြင့်လိုက်လျက် မကိုင်ထွင့်တင် ဘုရားရှင်ကို အသင်ရှောင်ဝေး ဘယ့်ကြောင့်ပြေးဟု ဓားရေးပြကာ သတ်မည့်လာသည့် လွန်စွာ ဆိုဘိ အင်္ဂုလိခေါ် သူခိုးကျော်ကိုလည်းကောင်း။

စိဉ္စမာနံစ၊ တိတ္ထိညစ်တို့ အပြစ်ရှာကြံ မကောင်းဉာဏ်ဖြင့် စီမံဆုံးဖြတ် စေလွှတ်လတ်၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲ တတ်စွာ စိဉ္စမာဟု သညာဖော်ထုတ် မိန်းမယုတ်ကိုလည်းကောင်း။

သစ္စကာံစ၊ မစင်မဖြူ တိတ္ထိယူဖြင့် မည်သူကိုမျှ မာန်မချဘဲ ဝါဒချင်းပြိုင် သူကပိုင်အောင် အနိုင်လွှမ်းမိုး အယူဆိုးသည့် တိတ္ထိမျိုးမိုက် သစ္စကပရိဗိုဇ်ကိုလည်းကောင်း။

နာဂံစ၊ ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရိုးကြေမွ ဖွဲပြာကျအောင် တေဇထန်ပြင်း နန္ဒောပနန္ဒ နဂါးမင်းကိုလည်း ကောင်း။

ဗကံစ၊ ဉာဏ်မြင်ကင်းကွာ အတ္တသာဟု မိစ္ဆာလွှမ်းမိုး အယူဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ဝင်းဝင်း ဗကမည်သော ဗြဟ္မာမင်းကြီးကိုလည်းကောင်း။

အဇိနိ၊ တိတ္ထိကိုချ ဒေါသကိုပယ် ရန်စွယ်ကိုချိုး သဒ္ဓါ ဖြိုးလျက် ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင်အောင်ပွဲ တော်ဝင်လေပြီ။

ဧတေပိသစ္စဝဇ္ဇေန၊ ဘုရားရှင်၏ များဖြင့် ဘုန်းဟုန်ကျေးဇူး ဂုဏ်ကို ယုံကြည်ပါရင်း နှလုံးသွင်း၍ အောင်ခြင်းရှစ်ချက် ဂုဏ် တော်နက်ကို နှုတ်မြွက်ဖော်ကြား သစ္စာစကားကြောင့်၊ မေ၊ အကျွန်ုပ်အား။ တေ–တုမှာကံ၊ ပရိတ်တော်ဂုဏ် နှစ်သက်ယုံစား သင်လူအများတို့အား။ ဇယမင်္ဂလံ၊ နှစ်ဖြာတွင်းပြင် ဘေးရန်စင် လျက် လိုအင်ဆန္ဒဟူသမျှလည်း ပြည့်ဝလျင်စွာ စန်းသော်တာ သို့ အောင်ရာအောင်မှု အောင်ကြောင်းပြု၍ အောင်ဆုရတနာ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ မြေလက်ခတ်နဲ့ မြှောက် သည့်ခဲသို့ မလွဲပုံသေ ဖြစ်ပါစေသတည်း။

## "သတ္တဋ္ဌာန ဘုရားရှိခိုး"

ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမဋ္ဌေဝ၊ စတုတ္ထံ ရတနာဃရံ။
ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

၁။ ပဌမံ၊ ရှေးဦးစွာသော၊ ဗောဓိပလ္လင်္ကံ၊ အတောင်တစ်ရာ ကြီးစွာမြင့်ခေါင် ဗောဓိညောင်မှ လေးထောင်ထွာစွန်း ဇေယံခန်း ဝယ် ခြူးပန်းခြူးနွယ် အံ့ဖွယ်ရတနာ ဆန်းကြွယ်စွာသား သစ္စာ လေးဆင့် ပွင့်တော်မူရာ ပလ္လင်သာကိုလည်းကောင်း။

၂။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ အနိမိသဉ္စ၊ ရွှေညောင် ရွက်စိမ်း ငါးမာရ်ငြိမ်း၍ ရှေ့ယိမ်းမြောက်တွင် ဇေယံခွင်ဝယ် ပလ္လင်ရတနာ မာရ်အောင်ရာဟု သကျာဓိပတိ ထွင့်ဘုန်းရှိလျှင် မျက်စိမမှိတ် ဖိုလ်စိတ်ရည်ရော် ရပ်တန့်မျှော်၍ နေတော်မူရာ အနိမိသာ ရပ်ခန်းဝါကိုလည်းကောင်း။

၃။ တတိယံ၊ သုံးကြိမ်မြောက်။ စင်္ကမဉ္စ၊ ဗောဓိပင်မှ အနိ မိသ ဌာနနှစ်ပါး အလယ်ကြားတွင် အလျားရှေ့နောက် အခေါက် ခေါက်လျှင် တန့်ထောက်မနား စင်္ကြံသွား၍ ရွှေဖဝါးတော်ကြာ စက်ချရာဟု ရတနာအတိ ဝင်းပြောင်ညီသား သီရိလျှံဝါ စင်္ကြံ သာကိုလည်းကောင်း။

၄။ စတုတ္ထံ၊ လေးကြိမ်မြောက်သော။ ရတနာဃရဉ္စ၊ ဗောဓိ ပင်မှ သမီပဟု သာလှမြေပြင် ဗာတျပ်ခွင်ဝယ် ခဲအင်လှစွာ

ဘိမ္မာကို စိတ်ဖြာခွဲခြမ်း ဉာဏ်တော်လျှမ်း၍ ရှုစမ်းဆင်ခြင် စံပျော်ရွှင်ရာ ရတနာဃရ ကျော်ပေါက်ပြသား ဒေဝဖန်ဆန်း ရွှေအိမ်နန်းကိုလည်းကောင်း။

၅။ ပဉ္စမံ၊ ငါးကြိမ်မြောက်သော။ အဇပါလဥ္စ၊ ဗောဓိပင်မှ၊ ပုဗ္ဗဒိသာ ရှေးမျက်နှာ၌ ကောင်းစွာရောက်တ မြမြသွန်းသွန်း ရွှေရည်ဆမ်းသို့ ရိပ်နန်းဝင်းပြာင် ဆိတ်ကျောင်းညောင်မှာ ခြောက်ရောင်ထွန်းပ သုံးလူ့ဘဟု ရသမွေ့လျော် နေတော်မူမှန်း အရပ်ဆန်းကိုလည်းကောင်း။

၆။ ဆဋ္ဌမံ၊ ခြောက်ကြိမ်မြောက်သော။ မုစလိန္ဒဥ္စ၊ ရွှေ, ငွေ, သန္တာ, နီလာ, ပတ္တမြား ငါးပါးအရောင် ဝင်းဝင်းပြောင်သား ရွှေဉာဏ်တော်ရှေ့ တောင်စပ်ကွေ့တွင် ချမ်းမြေ့မိုးပြင်း ရွာသွန်းခြင်းကို ရေမင်းနာဂါ ပါးပျဉ်းကာ၍ ချမ်းသာရိပ်မြုံ ပျော်ပိုက်တုံသည် မုစ္စလိန္ဒာ ရွှေကြာနံ့လှိုင် ပန်းစုံအိုင်ကိုလည်းကောင်း။

၇။ သတ္တမံ၊ ခုနစ်ကြိမ်မြောက်သော။ ရာဇာယတနဥ္စ၊ ရတနာသိရိ ဗောဓိပင်ဝန်း တောင်ရပ်စွမ်းတွင် လင်းလွန်းမြည်ို ပင်ရိပ်ခို၍ ဖြဟ္မစိုရ်လေးစုံ တရားထုံလျက် သုံးဘုံသေဌ်နင်း တရားမင်း၏ ပျော်ခင်းစံရာ ရတနာဃရ ရပ်ဓေယျကိုလည်းကောင်း။ ဣတိသတ္တဌာနံ၊ ဤသို့မြတ်စွာ ထင်အပ်ရာသာ ရတနာထူးလည် ရပ်ခုနစ်မည်ကို။ အဟံ၊ တပည့်တော်သည်။ နမေ–နမာမိ၊ ကုမုဒြာ ရွှေကြာပွင့်ငုံ ဆယ်ချောင်းရုံလျက် ကြည်ယုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးပါ၏ဘုရား။

# သီရိမင်္ဂလာပရိတ်တော်ဝတ်ရွတ်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နတ်ပင့်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။ သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ, ဧတ္ထ လောကန္တရေဝါ။ ဘုမ္မာဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏ ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ, မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိ ဝရဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။ ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါသာသနေ ရတာ။ ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။ သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။ အနီဃာ
သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ မနုဿတော ဝါ
အမနုဿတော ဝါ အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ ကဏ္ဍကတော ဝါ
နက္ခတ္တတော ဝါ ဇနပဒ ရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ စဏ္ဍ ဟတ္ထိ အဿ
မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိ သပ္ပ ဒီပိ အစ္ဆ
တရစ္ဆ သူကရမဟိံသ ယက္ခ ရက္ခသာဒီဟိ နာနာဘယတော
ဝါ နာနာရောဂတော ဝါ နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ
ဂဏှန္တု။

## မင်္ဂလသုတ်

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။ သောတ္ထာနံ
နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။ သဗ္ဗလောက
ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၁၂။ ဧဝံ မေ သုတံ–

ဧကံ သမယံ၊ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ၊
အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ
ဒေဝတာ၊ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ၊ ကေဝလ
ကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊ ယေန ဘဂဝါ, တေနုပ

သင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ
အဋ္ဌာသိ။ ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။ အာကင်္ခမာနာ
သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။

၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာ စ
ပူဇနေယျာနံ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၅။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။ အတ္တသမ္မာ
ပဏိဓိ စ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။ သုဘာသိတာ
စ ယာ ဝါစာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။ အနာကုလာ
စ ကမ္မန္တာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။ အနဝဇ္ဇာနိ
ကမ္မာနိ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၉။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။ အပ္ပမာဒေါ
စ ဓမ္မေသု၊ ဧတံ မင်္ဂလ'မုတ္တမံ။

၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။ ကာလေန
ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ’မုတ္တမံ။

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ’မုတ္တမံ။

၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။ သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ’မုတ္တမံ။

**မင်္ဂလသုတ္တံ နိဋ္ဌိတံ။**

## မေတ္တသုတ်

၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။ ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ’မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။ ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ကရဏီယ’မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။ သက္ကော ဥဇူ စ သုဟုဇူ စ။ သုဝစော စဿ မုဒု အနတိမာနီ။

၄။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။ သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

၅။ န စ ခုဒ္ဒ’မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတ’တ္ထိ၊
တသာ ဝါ ထာဝရာ ဝ’နဝသေသာ။ ဒီဃာ ဝါ ယေ ဝ
မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသည၊ နာညမညဿ ဒုက္ခ’မိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧကပုတ္တ’ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ’မသပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ’မေတံ ဝိဟာရ’မိဓ’မာဟု။

၁၂။ ဒိဋ္ဌိဋ္ဌ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။ ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျံ ပုန ရေတိ။

**မေတ္တသုတ္တံ နိဋ္ဌိတံ။**

## ပစ္စယနိဒ္ဒေသ ပါဠိ

### ၁–ဟေတုပစ္စယ

ဟေတု ပစ္စယောတိ–

ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

### ၂–အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ–

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ့ သဒ္ဒါယတနံ့ ဂန္ဓာယတနံ့ ရသာယတနံ့ ဖောဋ္ဌဗ္ဗာယတနံ့ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ့ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ့ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံဓမ္မာနံ့ အာရမ္မဏ ပစ္စယေန ပစ္စယော။

## ၃–အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ–

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ့ ဓမ္မာနံ့ တံသမုဋ္ဌာနာနဉ္စ ရူပါနံ့ အဓိပတိ ပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ့ ဓမ္မာနံ့ တံသမုဋ္ဌာနာနဉ္စ ရူပါနံ့ အဓိပတိ ပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ့ ဓမ္မာနံ့ တံသမုဋ္ဌာနာနဉ္စ ရူပါနံ့ အဓိပတိ ပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ့ ဓမ္မာနံ့ တံသမုဋ္ဌာနာနဉ္စ ရူပါနံ့ အဓိပတိ ပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံဓမ္မာနံ့ အဓိပတိ ပစ္စယေန ပစ္စယော။

## ၄-အနန္တရပစ္စယ

အနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ

ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန
ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနော
ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန
ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ
ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန
ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကု
သလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ
ကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကု
သလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ
ကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ
ကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပ
ဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ
ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅-သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတုတံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

## ၆-သဟဇာတပစ္စယ

သဟဇာတ ပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ၇-အညမညပစ္စယ

အညမည ပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော၊ အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈-နိဿယပစ္စယ

နိဿယပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

## ၉-ဥပနိဿယပစ္စယ

ဥပနိဿယ ပစ္စယောတိ-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

## ၁၀–ပုရေဇာတပစ္စယ

ပုရေဇာတ ပစ္စယောတိ–

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ

ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတ ပစ္စယေန ပစ္စယော။

## ၁၁–ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတ ပစ္စယောတိ–

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂–အာသေဝန ပစ္စယ

အာသေဝန ပစ္စယောတိ–

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

## ၁၃-ကမ္မပစ္စယ

ကမ္မပစ္စယောတိ-

ကုသလာ ကုသလ် ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄-ဝိပါက ပစ္စယ

ဝိပါကပစ္စယောတိ-

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော။

## ၁၅-အာဟာရ ပစ္စယ

အာဟာရပစ္စယောတိ-

ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရ ပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံ သမု ဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

## ၁၆-ဣန္ဒြိယ ပစ္စယ

ဣန္ဒြိယ ပစ္စယောတိ-

စက္ခုန္ဒြိယံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဥ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဥ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဥ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇–ဈာနပစ္စယ

ဈာနပစ္စယောတိ–

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

## ၁၈–မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ–

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ၁၉–သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၀-ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ-

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၁-အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂၂-နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ-

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

## ၂၃-ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ-

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ၂၄-အဝိဂတပစ္စယ

အဝိဂတ ပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတ ပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတ ပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

**ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။**

**ပဌာန်း ၂၄-ပစ္စည်း အကျယ်ပြီး၏။**

## ရေစက်ချ အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်
ဦး၊ မကကျူးသည့်၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊
ရကြွားပါစေ၊ အမျှဝေ၏။ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထ
ပေလတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။
မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားက စ၊ ယမရာဇာ၊ ဒေဝါ
ယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ ဤမြတ်ပုည၊
ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။ သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊
နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံ
ကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး များစွာလုံးစုံ၊ ဘုံသုံး
ဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေ
လို၏။ ထိုကုသလ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော် ....
ဝသုန္ဓရေ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေ
သော်။

# ယဉ်ကျေးမှု
# ကြွေးကျော်သံ

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ဗမာပြည်သည် နို့ပြည်...

ဗမာစာသည် နို့စာ...

ဗမာလူမျိုး နို့လူမျိုး...

အမျိုးဘာသာ သာသနာ...

ကြီးပွားတိုးတက် နို့ဆောင်ရွက်ရမှာ။

ယဉ်ကျေးမှုဘာသာကိုကွယ်...

ကမ္ဘာမှာကျော်ကြားစေဖို့ရယ်...

ဟော့-မောင်တို့ရယ်၊ ဟော့-မယ်တို့ရယ်

ကြိုးစားအားထုတ်...

နောက်မဆုတ်တမ်း ရှေ့သို့လှမ်း၍...

သင်တန်းတက်စို့ကွယ်။ ။

◆◆◆

၂၇၃၁၇

## ဓမ္မဒါနကုသိုလ်ရှင်

ဦးစံသိန်း + ဒေါ်ဝင်းကြည်
သားများ – မောင်အောင်ကြီး နှင့်
မောင်စံမြင့်ထူး + မခိုင်ဆွေညွှန့်
တိုက် (၁၃၇/၁) နဝရတ်လမ်း၊
(၂၄) ရပ်ကွက်၊ သုဝဏ္ဏမြို့၊ ရန်ကုန်။

